# ပထမအရွယ်ပညာသည်

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ–အေ)



"ဆွေသဟာ" စာပေ

အမှတ် (၅၅)၊ သုနန္ဒာ (၃)လမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

ဖုန်း - ၆၉၀၃၂၄

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

☆ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။

☆ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး။

☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက် - ၄၀၁၂၇၅၁၁၁၀

အဖုံးခွင့်ပြုချက် - ၄၀၁၃၆၈၁၂၁၀

ထုတ်ဝေသည့်ခုနှစ် - ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

ပုံနှိပ်သူ - ဒေါ်လှမူသိန်း

ဂုဏ်လင်းကျော်ပုံနှိပ်တိုက်

၂၄၊ ဗဟိုလမ်း ၊ အလုံမြို့နယ်

ထုတ်ဝေသူ - ဦးတင်စိုး

တကူးကူးစာပေ

တိုက်(၁)၊ အခန်း(၄၀၈)

ဆင်မင်းအိမ်ရာ၊ အလုံမြို့နယ်

တန်ဖိုး - ကျပ်

၁၃၁.၃

သျှင်သီရိ၊ တက္ကသိုလ်

အရွယ်သုံးပါး ဘဝနေနည်း ပထမအရွယ် ပညာသည်/

တက္ကသိုလ်သျှင်သီရိ။ -ရန်ကုန်၊

တကူးကူးစာပေ၊ ၂၀၁၀။

၂၀၀ - စာ၊ ၁၂.၅×၁၈.၂ စင်တီ။

(၁) အရွယ်သုံးပါး ဘဝနေနည်း ပထမအရွယ် ပညာသည်

အရွယ်သုံးပါး ဘဝနေနည်း

# ပထမအရွယ်ပညာသည်


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

သျှင်သိရိ (ဓမ္မာစရိယ ဘီ-အေ)

# ဖြန့်ချိရေး


ဆွေသဟာ စာပေ

အမှတ် (၅၅)၊ သုနန္ဒာ(၃)လမ်း

(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊

ဖုန်း - ၆၉၀၃၂၄ ၊ ၇၃၀၈၆၉၃၂

မြတ်ပန်းရုံ စာပေ

အမှတ်(၁၉၄)၊ မြေညီထပ်၊ ၂၉-လမ်း(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ဖုန်း - ၀၉၅၁-၃၉၄၅၀

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ -------------- | |
| ၂။ | ပထမအရွယ်ပညာသည် | |
| | - ချစ်သမီးသို့နှုတ်ဆက်လွှာ | ၁ |
| | - ကလလပ်ရေကြည်သန္ဓေတည်ကတည်းက | ၂၆ |
| | - ပုဗ္ဗာစရိယ မိနှင့်ဖ | ၃၃ |
| | - လူမိုက်၊ လူယုတ်တွေကိုရှောင်ပြီး မိတ်ဆွေကောင်းကိုပေါင်းပါ | ၃၅ |
| | - လူမိုက်နည်းတူ သူယုတ်ကိုလည်းသိထားပါ | ၆၈ |
| | - ပညာရှိဆရာကိုပေါင်းပါ၊ မှီဝဲဆည်းကပ်ပါ | ၇၈ |
| | - ပညာရှာ၊ ပညာရှိကိုမှီဝဲဆည်းကပ်ပါ | ၈၉ |
| | - ပူဇော်သင့်သူကိုပူဇော်ပါ | ၁၀၀ |
| | - ပညာတတ်ဖို့သင့်ရာအရပ်မှာနေပါ | ၁၁၃ |
| | - ကောင်းမှုသီလ ဇွဲ ဝီရိယရှိပါ | ၁၂၃ |
| | - စိတ်ကိုတည်ငြိမ်အောင်၊ ကောင်းအောင်ထားပါ | ၁၃၂ |

- အကြားအမြင်များအောင်လုပ်ပါ ၁၄၂
- အတတ်ပညာမျိုးစုံတတ်မြောက်အောင်
သင်ယူပါ ၁၅၃
- လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းကိုနားလည်ထားပါ၊
သိထားပါ ၁၇၁
- ချိုသာကောင်းသောစကားရှိပါစေ ၁၈၀
- လောကဓံကိုကြံ့ကြံ့ခံနိုင်အောင်ကြိုးစားပါ ၁၉၄

# အမှာစာ

ကျွန်တော်တို့နိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားခဲ့ပါသည်၊ ဗုဒ္ဓဟောကြားခဲ့သောတရားတော်များသည်လည်း ထွန်းကားပြန့်ပွားခဲ့ပါသည်၊ ထိုတရားတော်၏အဆုံးအမအောက်ဝယ် သမိုင်းအစဉ်အဆက်ကြီးပြင်းပေါက်ဖွားလာခဲ့ရသော မြန်မာနိုင်ငံမြန်မာလူမျိုးတို့သည်-

- ယဉ်ကျေးခြင်း
- လိမ္မာခြင်း
- ရိုသေခြင်း
- နူးညံ့ပျော့ပြောင်းခြင်း
- သူတထူးအား ကူညီလိုစိတ်ရှိခြင်း
- သူတထူးအား စာနာထောက်ထားစိတ်ရှိခြင်း
- ဖော်ရွေစွာကြိုဆိုညှော့ခံတတ်ခြင်း

– အရက်အကြောက်ဂုဏ်ထိန်းသိမ်းခြင်း

ဟူသော ဂုဏ်သိက္ခာများနှင့်ပြည့်စုံပြီး ကမ္ဘာကပင် ချီးကျူးလေးစားမြတ်နိုးခြင်းကိုခံခဲ့ရပါသည်၊ ထိုသို့သောဂုဏ်သိက္ခာနှင့်ပြည့်စုံအောင်လည်း မိဘဘိုးဘွားအစဉ်အဆက်တို့က မိမိတို့၏ရင်သွေးငယ်များကို မင်္ဂလာတရားတော်နှင့်အညီ သွန်သင်ဆုံးမခဲ့သောကြောင့်ဖြစ်ပါသည်။

မိဘနှင့်သားသမီး၊ သားသမီးနှင့်မိဘ ချစ်ခင်မြတ်နိုးပုံ၊ လုပ်ကျွေးပြုစုပုံ၊ စောင့်ရှောက်ပုံတို့ကလည်း ဗုဒ္ဓအဆုံးအမအောက်ဝယ် တည်လာကြ၍ ကမ္ဘာ့အံ့ဖွယ်စံနမူနာထိုက်သည့်အထိပင်ဖြစ်ပါသည်၊ သားသမီးအသက်(၅၀)ကျော်သည်ကိုပင်မိမိ၏သားသမီးကို ကလေးလေးလိုချစ်ခင်မြတ်နိုးစောင့်ရှောက်ကျွေးမွေးပြုစုယုယဆိုဆုံးမနေကြသော ဗုဒ္ဓဘာသာမြန်မာလူမျိုးမိဘတို့၏ မေတ္တာဒယာအသည်သည် နှိုင်းယှဉ်ဖွယ်ရာမရှိ ဖြစ်ခဲ့ရပါသည်။

မိဘနှင့်သားသမီးကျင့်ဝတ်တို့၏ကျင့်ဝတ်ကို လေးစားလိုက်နာကြသောဗုဒ္ဓဘာသာဝင်မိသားစုတို့၏ဘဝသည် အသက်အရွယ်အိုမင်းသည့်အထိ အေးချမ်းကြပါသည်၊ ချမ်းမြေ့ကြပါသည်။

ယနေ့ခေတ်ကာလဝယ် မိဘနှင့်သားသမီး ဆက်ဆံမှုများသည်လည်းကောင်း၊ အုပ်ထိန်းမှု၊ ကြင်နာမှုများသည်

လည်းကောင်း အားနည်းလာသည်၊ ဤအတွက် မိဘတော်တော်များများသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်လာကြသည်၊ ယနေ့ခေတ်မိဘတို့သည် မိမိတို့ကိုယ်တိုင်ကလည်း မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်များနှင့်ကင်းကွာခဲ့ကြ၍ ထိုကျင့်ဝတ်များကို မသိကြသောကြောင့် သားသမီးများကိုသွန်သင်ဆုံးမမှု နည်းပေးလမ်းပြမှုများအားနည်းလာခဲ့သည်။

မိဘနှင့်သားသမီး၊ သားသမီးနှင့်မိဘတို့အချင်းချင်းကျင့်ရမည့် ကျင့်ဝတ်တရားများ တတ်သိနားလည်မှု၊ ဆိုဆုံးမမှု၊ လေးစားလိုက်နာမှု အားနည်းလာမှုကြောင့် လူမျိုးစဉ်ဆက်က လက်ခံခဲ့သောအရှက်အကြောက်တရားများ ယဉ်ကျေးမှုတရားများ ပျက်ပြားလာခဲ့ရပါသည်။

စာရေးသူတို့ငယ်စဉ်က မိဘတို့သည် လက်ဦးဆရာ ပုဗ္ဗာစရိယ ဟူသောဂုဏ်အင်္ဂါနှင့်အညီ သားသမီးများကို ဗိုင်းကောင်းကျောက်ဖိဖြစ်အောင် သွန်သင်ဆုံးမကြသည်၊ ကျောင်းတွင်လည်း ဆရာ၊ ဆရာမတို့က ကွပ်ကဲထိန်းသိမ်းကြပ်မတ်သွန်သင်၊ မိဘတို့က ထိုတွင်အားမရ၊ ကျောင်းပိတ်ရက်တွင် ဘုန်းကြီးကျောင်းများသို့ပို့ပြီး ဘာသာယဉ်ကျေးမှုကိုသင်ကြားပေးခဲ့ပါသည်။

ဆရာဘုန်းကြီးများကလည်း လူလောကတွင် လူတော်လူကောင်းတစ်ယောက်ဖြစ်စေနိုင်သော မင်္ဂလာတရားများ၊ သိင်္ဂါ

လောဝါဒသုတ်လာကျင့်စဉ်များ ပရာဘာဝသုတ်လာပျက်စီးစေကြောင်းတရားများကိုရှောင်ကြဉ်နိုင်ရေးတရားများကို အလေးထားသင်ပေးခဲ့ကြပါသည်၊ သို့အတွက် စာရေးသူတို့ မိဘသားစဉ်မြေးဆက် အိမ်တွင်မင်္ဂလာပြည့်စုံပြီး ဘဝလမ်းခရီးချမ်းမြေ့သာယာခဲ့ကြသည်၊ မိသားစုများ၏ဘဝတွင်လည်း ပညာရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာအခက်အခဲမရှိခဲ့ချေ။

အမှန်အားဖြင့် ဗုဒ္ဓဘာသာတရားတော်ကို လူအများက သံသရာကောင်းစားရေးတရားများဟု ထင်နေကြပါသည်၊ ဗုဒ္ဓဘာသာတရားတော်သည် တမလွန်ကောင်းစားရေးသက်သက်တရားမဟုတ်ပါ။ လောကုတ်လောကီနှစ်ဖြာ(ဝါ)ပစ္စုပ္ပန် သံသရာနှစ်ဖြာလမ်းညွှန်ပေးထားသောတရားတော်များဖြစ်ကြပါသည်၊ ဗုဒ္ဓဘုရားရှင်သည် လောကလူသားတို့၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ ကျန်းမာရေးများပြည့်စုံစေသောနည်းလမ်းများ၊ လူမှုဆက်ဆံရေးနည်းလမ်းများ၊ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးအတတ်ပညာများကို အစုံဟောပြောလမ်းညွှန်ခဲ့ပါသည်။

ထိုတရားများကို ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များက လိုက်နာကျင့်ကြံမှုအားနည်းခဲ့သောကြောင့် ကြီးပွားတိုးတက်မှုနည်းရခြင်းဖြစ်ပါသည်၊ ယနေ့ကမ္ဘာနိုင်ငံများတွင် ကြီးပွားချမ်းသာသောနိုင်ငံများကိုလေ့လာလျှင် ဘုရားရှင်ဟောကြားခဲ့သောသမ္မာ

တရားလေးပါးနှင့်အညီ ကျင့်ကြံခဲ့ကြသောကြောင့်သော်လည်းကောင်း၊ မင်္ဂလာတရားတော်များနှင့်အညီ ကျင့်ခဲ့ကြသောကြောင့်လည်းကောင်း ကြီးပွားချမ်းသာသည်ကို စိစစ်တွေ့ရှိရပါမည်။

လူတစ်ဦးတစ်ယောက်၏ကြီးပွားမှုအောင်မြင်မှုများကို လေ့လာစီစဉ်ကြည့်လျှင်လည်း ထိုအတူ ဘုရားရှင်လမ်းညွှန်ပေးခဲ့သောတရားတော်များနှင့် အညီကျင့်ကြံခဲ့သောကြောင့် ကြီးပွားချမ်းသာသည်ကို တွေ့ရပါမည်။

ထို့ကြောင့် စာရေးသူသည် စာရေးသူတို့ငယ်စဉ်က ဘုရားဟောတရားနှင့်အညီ မိဘဘိုးဘွားအစဉ်အဆက်ဆိုဆုံးမခဲ့သောတရားတော်များ၊ လူ့ဘဝနေထိုင်စားသောက်နည်း၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကြီးပွားချမ်းသာနည်းများကို ယနေ့ခေတ်သားသမီးများ မိဘများသိရှိနားလည်ပြီး ကျင့်ကြံအားထုတ်ကြစေလိုပါသည်၊ ထိုသို့ကျင့်ကြံအားထုတ်သဖြင့်လည်း မိမိတို့၏ဘဝများသာယာလှပပြီး ဤမြန်မာနိုင်ငံသူ/သားများ၏ အမျိုးဂုဏ်သိက္ခာသည် ကမ္ဘာ့အလယ်တွင် ယခင်ကဂုဏ်ယူဝင့်ကြွားတင့်တယ်ခဲ့သလို ဆက်လက်ပြီးတင့်တယ်လိမ့်မည် ဟု ယုံကြည်မိပါသည်။

စာရေးသူသည် အရွယ်သုံးပါးဘဝနေနည်းတွင် ပထမအရွယ်–ပညာသည်၊ ဒုတိယအရွယ်–အိမ်ထောင်သည်၊ တတိယအရွယ်–

ဘာဝနာသည့် ဟူ၍ သုံးပိုင်းခွဲ၍တင်ပြရေးသားထုတ်ဝေသွားမည် ဖြစ်ပါသည်၊ ဤတွင် စာရေးသူသုံးသောဝေါဟာရတွင် သမီးကို သာရည်ညွှန်းသုံးထားပါသည်၊ ဤတွင် သမီးဟူသည် အားလုံး သောသား၊ သမီးများကို ရည်ညွှန်းပါသည်။

အဘယ်ကြောင့် သမီးကိုရည်ညွှန်းအပ်ပါသနည်းဆို သော် ထိုသမီးသည်ပင် နောင်တွင်အမိဖြစ်ပြီး ထိုအမိကပင် ဘုရား,ပစ္စေကဗုဒ္ဓါလောင်း,ရဟန္တာလောင်း၊ နိုင်ငံ့ခေါင်းဆောင် လောင်း၊ ပညာတတ်လူတော်လူကောင်းလောင်းများကို မွေးဖွား ပေးမည်ဖြစ်ပါသည်၊ ဤနေရာတွင် သမီးဟူသောဝေါဟာရကို ထည့်သွင်းသုံးစွဲထားသည်ကိုလည်း သိရှိနားလည်စေလိုပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စာများစုပေးကြ သော သမီးလတ်-ခင်သူဇာ (ဘီ-အေ၊ စီးပွားစီမံ)၊ သမီးငယ် မစန္ဒာမြင့် (B.Com)ACCA Part I, II (U.K)၊ စာကိုအေးအေး ဆေးဆေး ရေးသားနိုင်ရန် ပါရမီဖြည့်ပေးသော ဇနီး ဒေါ်တင်အေး၊ ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြင့်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
စ–ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်
ဖုန်း- ၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(မြန်မာစရိယ ဘီ–အေ)

# ချစ်သမီးသို့ နှုတ်ဆက်လွှာ

" အူဝဲ --- အူဝဲ --- အူဝဲ "

နံနက်အရုဏ်တက် မိုးသောက်ဦးမှာ သမီးလေးဟာ လူလောကသို့ ကျွန်မရောက်လာပြီဟူသော မင်္ဂလာနှုတ်ဆက်သံနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး မွေးဖွားခန်းကနေ အသံပြုလိုက်တယ်။

သမီးလေးရဲ့နှုတ်ခွန်းဆက်သံကိုကြားကြရတဲ့ ဆရာမတွေ၊ အဒေါ်တွေနှင့်ဖေဖေတို့ဟာ ဝမ်းမြောက်ဝမ်းသာကျေနပ်နှစ်သက်ဝမ်းမြောက်မှုပီတိတွေ တလက်လက်နှင့်ရှိခဲ့ကြသလို သမီးကိုမွေးဖွားပေးခဲ့တဲ့အမေကလည်း မိခင်မေတ္တာပြုံးမျက်နှာဖြင့် သမီးကိုကြိုဆိုပြီး သမီးဘဝလူ့လောက လူဘဝသစ် ကျန်းမာချမ်းသာစွာနှင့်ခြေချနိုင်ရေးအတွက် ပထမဦးဆုံးသောနို့ချိုကို တိုက်ကျွေးခဲ့တယ်သမီး။

ဤကမ္ဘာလောကကြီးမှာ အလင်းရောင်သစ်ဖြစ်ပေါ်ဖို့အတွက် အရုဏ်သစ်ပေါ်ထွက်လာခဲ့သလို သမီးဟာလည်း မိသားစုရဲ့ဘဝချမ်းမြေ့ရိပ်မြုံမှာ လည်ဆွဲရတနာကလေးတစ်ဦး အဖြစ်ရောက်ရှိလာခဲ့တယ်လေ။

အရုဏ်ဦးကိုလူတိုင်းကဝမ်းမြောက်ဝမ်းသာကြိုဆိုကြသလို သမီးလေး လူ့လောကထဲဝင်လာတာကိုလည်း မိသားစုအားလုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြပါတယ်သမီး။

သမီးလေးဘဝ လာချင်ကောင်းသောရတနာလေးဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူချီမ ပွေ့ပိုက်ယုယကြတယ်သမီး။

သမီးလေးဟာ ဘဝကံကြမ္မာချေမှုဖြင့် (၂၃-၈-၈၂)နေ့မှာ ဖေဖေတို့မိသားစုထဲသို့ တတိယမြောက်သမီးအဖြစ် ရောက်ရှိလာတယ်။

လူ့လောက လူ့ဘဝရောက်မှု၊ ရောက်မှုဆိုတာဟာ ဖေဖေတို့ ဗုဒ္ဓဘာသာတွေအဖို့ ဘုရားရှင်ရဲ့ "မနုဿတ္တဘာဝေါဒုလ္လဘော" ဆရာတော်ဟောပြောချက်အရ အလွန်ရခဲတဲ့ လူ့ဘဝပါဘဲသမီး။

လူ့ဘဝ လူ့အဖြစ်ကိုရတယ်-ရောက်တယ်ဆိုရမှာလည်း တစ်ချို့က ပြောကြတယ်သမီး-

"ကမ္ဘာမှာရော၊ မြန်မာမှာရော လူဦးရေတွေ ဒီလောက်တိုးပွားနေတာ လူအဖြစ်ရခဲတယ်ဆိုတာ ဟုတ်နိုင်ပါ့မလားတဲ့"

အဲဒီလို မေးခွန်းတွေကို လူတော်တော်များများက မေးကြတယ်၊ ဖေဖေကြီးကတော့ ဥပမာနဲ့ပဲ အဖြေပေးလိုက်ပါတယ်။

သမီးကြည့်လေ. . . ဖေဖေတို့အိမ်ကိုကြည့်လျှင် ပေ (၆၀×၂၀)မြေကွက်ထဲမှာ သုံးပင်အိမ်ဆောက်ထားတယ်၊ အဲဒီ ပေ( ၆၀×၂၀ )ဝန်းထဲမှာ လူသားဆိုလို့ ဖေဖေတို့မိသားစု (၆)ယောက်ပဲရှိတယ်။

ဒီပေ( ၆၀×၂၀ )ထဲမှာရှိတဲ့ ပိုး၊ ခြပုံ၊ ပုရွက်ဆိပ်၊ ခြင်၊ ယင်၊တီကောင် စသည့်တိရစ္ဆာန်တွေဟာ ထောင်သောင်းချီပြီး ရှိနေတယ်။

အဲဒီတော့ ဒီပေ( ၆၀×၂၀ )ထဲမှာဖြစ်ကြတဲ့ သက်ရှိသတ္တဝါတွေမှာ လူဆိုတဲ့သတ္တဝါဟာ (၆)ယောက်ပဲရှိတယ်၊ အခြားသက်ရှိတိရစ္ဆာန်တွေက ထောင်သောင်းမကရှိနေတယ်။

အဲဒါကိုပဲ စဉ်းစားကြည့်ပေါ့၊ ဖေဖေကတော့ အဲဒီလိုပဲ ဥပမာပေးဖြေပြတယ်။

ဖေဖေတို့ဘုရားရှင်ကတော့ နသိမုခသုတ္တန်မှာ-

"လူအဖြစ်က လက်သဲပေါ်မှာရှိတဲ့သဲလောက်မျှပမာဏ ရှိတယ်၊ အခြားတိရစ္ဆာန်အသူရကာယ်ပြိတ္တာ ငရဲသားဖြစ်မှုတွေ က မြေကြီးပေါ်ကသဲအထုရှိတယ်"လို့ ဟောကြားခဲ့တယ်လေ။

ကမ္ဘာ့လူဦးရေကရေတွက်လို့ရပါတယ်၊ ရေနေကုန်းနေ သတ္တဝါတွေက ရေတွက်လို့မရပါဘူးသမီး။

ပြီးတော့ ဘုရားရှင်က လူအဖြစ်ရခဲတာနှင့်ပတ်သက်လို့ ဥပမာပြထားတာတွေကတော့-

“လူ့ပြည်ကတက်သွားတဲ့အပ်တစ်စင်းနှင့် ဗြဟ္မာပြည်က ကျလာတဲ့အပ်တစ်စင်း ထိပ်တိုက်ချင်းထိနိုင်တယ်၊ လူ့အဖြစ်ရဖို့က မလွယ်ဘူးတဲ့”

ပြီးတော့ ဥပမာဆက်ဟောပြတယ်၊ ပင်လယ်သမုဒ္ဒရာထဲမှာ လိပ်ကန်းတစ်ကောင်သွားနေတယ်၊ အနှစ်တစ်ရာရှိမှ တစ်ခါ ရေပေါ်-ပေါ်ထွက်တယ်တဲ့၊ အဲဒီသမုဒ္ဒရာထဲမှာ အပေါက်ပါတဲ့တံပိုးတုံးတစ်ခုမျှောနေတယ်တဲ့၊ အနှစ်တစ်ရာမှ တစ်ခါ ပေါ်တဲ့လိပ်ကန်းဦးခေါင်းနှင့်အဲဒီတံပိုးတုံးပေါက်ဟာစွပ်မိကောင်းစွပ်မိတယ်၊ လူ့အဖြစ်ကတော့ အလွန်ရခဲတယ်တဲ့”

အဲဒီလို ရခဲတဲ့လူ့ဘဝကို သမီးလေးဘဝကုသိုလ်ကံအရ ဖြစ်လာပြီနော်။

ဖေဖေတို့မိသားစုက သမီးကိုလာခြင်းကောင်းသော သမီးလေးဆိုပြီး ဝမ်းမြောက်ဝမ်းသာကြိုဆိုကြပါတယ်သမီး။

သမီးလေးရဲ့ အူဝဲ ဆိုတဲ့အသံကလေးကို ဖေဖေတို့က သမီးလေးရဲ့ လူ့လောကထဲဝင်ရောက်လာတဲ့နှုတ်ဆက်မင်္ဂလာတေးသံလို့ယူဆပြီး ဝမ်းသာအယ်လဲ လှိုက်လှိုက်လှဲလှဲ အကျေနပ်ကြီး ကျေနပ်ပြီးနေပြတယ်သမီး။

သမီးလေးဟာ ယခုရခဲ့တဲ့လူ့ဘဝကိုရောက်လာပြီနော်၊ ရခဲ့တဲ့လူ့ဘဝဆိုပေမယ့်လည်း လူ့ဘဝရတိုင်း လူ့ဘဝအရသာ လူ့ချမ်းသာကိုအပြည့်အဝ လူသားတွေခံစားနိုင်ကြတာမဟုတ်ဘူး သမီး။

ကံအကျိုးပြုမှုနှင့်ပတ်သက်လို့ ဒီနေရာမှာ သမီးသိအောင်အနည်းငယ် ကံအကြောင်း ပြောပြလိုက်တယ်သမီး။

ဖေဖေတို့သက်ရှိ လူ နတ် ဗြဟ္မာ စတဲ့သတ္တဝါတွေမှန်သမျှဟာ-

- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်။
- ကံသာလျှင် အမွေအနှစ်ရှိကြတယ်။
- ကံသာလျှင် အဆွေအမျိုးရှိကြတယ်။
- ကံသာလျှင် အဆွေခင်ပွန်းရှိကြတယ်။
- ကံသာလျှင် ကိုးကွယ်အားထားရာရှိကြတယ်။
- ကံကသာလျှင် သတ္တဝါဟူသမျှတို့ကို အယုတ် အလတ် အမြတ်စသည့် ထူးခြားကွဲပြားအောင် စီမံဖန်တီးပေးတတ်တယ်၊ လို့ ဘုရားရှင်က ဟောခဲ့တယ်သမီး။

အဲဒီကံက ဖန်တီးလိုက်လို့ လူ နတ် ဗြဟ္မာစသော သတ္တလောကမှာ-

-အချို့သူတွေဟာ မင်းစိုးရာဇာတွေဖြစ်ကြတယ်
-အချို့သူတွေဟာ သူဌေးသူကြွယ်ဖြစ်ကြတယ်

-အချို့သူတွေဟာ လူမွဲဆင်းရဲတွေဖြစ်ကြတယ်
-အချို့သူတွေဟာ အနာရောဂါများကြရတယ်
-အချို့သူတွေဟာ နား၊ နှာ၊ ခြေ၊ မျက်စိစသော အင်္ဂါကြီးငယ် ချို့တဲ့နေရတယ်
-အချို့သူတွေဟာ အလွန်လှပတင့်တယ်ခြင်း၊ တန်ခိုးအာဏာကြီးမားခြင်း၊ အသိအလိမ္မာဉာဏ်ပညာကြီးခြင်း၊ အသက်ရှည်ခြင်း၊ အမျိုးမြတ်ခြင်း၊ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံနေရတယ်။
-အချို့သူတွေကတော့ အရောင်အဆင်းမလှမပမတင့်တယ်၊ တန်ခိုးအာဏာနည်းပါးခြင်း၊ အသက်တိုခြင်းတွေဖြစ်နေရတယ်။

ဒီနေရာမှာ သမီးသိထားဖို့က ကုသိုလ်ကံဆိုတဲ့ ကောင်းသောကံနှင့် အကုသိုလ်ကံဆိုတဲ့ မကောင်းသောကံကို သိထားရမယ်။

ကောင်းသောကုသိုလ်ကံဆိုတာက အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း၊သဘောရှိတယ်သမီး။

ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုပြုလုပ်နေချိန်မှာ လိုချင်မှု၊ အမျက်ထွက်မှု၊ ထောင်လွှားမှု၊ မနာလိုမှု၊ ဝန်တိုမှုစတဲ့ စိတ်ရဲ့အညစ်အကြေးအပြစ်အနာအဆာများမရှိလို့ အပြစ်မရှိလို့ ဆိုတာပါ။

ကုသိုလ်ကောင်းမှုပြုနေသူဟာ ကောင်းသောအမှုကိုပြုနေသည့်အတွက် ဤဘဝမှာလည်း ဝမ်းသာရွှင်ပြချမ်းသာရပါတယ်၊ တမလွန်ဘဝမှာလည်း ကောင်းသောအကျိုးကို ခံစားကြရသောကြောင့် ဝမ်းမြောက်ဝမ်းသာချမ်းသာရပါတယ်။

မကောင်းမှုအကုသိုလ်ကံဆိုတာကတော့ အပြစ်ရှိတယ်၊ မကောင်းတဲ့သဘောကိုပေးတဲ့သဘောရှိတယ်၊ မကောင်းမှုပြုသူဟာ မကောင်းမှုပြုသည့်အတွက်ကြောင့် ဤဘဝမှာလည်း ဆင်းရဲဒုက္ခအမျိုးမျိုးရောက်ပြီး တမလွန်မှာလည်း ငရဲကျခြင်းစတဲ့ မကောင်းကျိုးများခံစားရတတ်ပါတယ်၊ သတ္တဝါမှန်သမျှဟာ မိမိပြုလုပ်ခဲ့တဲ့ ကောင်းကံဆိုးကံ အရသာခံစားကြရတာပ၊ ဂံအကျိုးပေးမှုဟာ ဖြစ်မြဲတရားတွေပါ။

အထက်က မင်းစိုးရာဇာတွေ၊ သူဌေးတွေ၊ ရုပ်လှသူတွေ၊ ဆင်းရဲသူတွေ၊ ရုပ်မလှသူတွေဟာ ကုသိုလ်ကံ-အကုသိုလ်ကံအကျိုးကြောင့်ဖြစ်တယ်လို့ ဖေဖေပြောပြခဲ့တယ်နော်။

အဲဒီလို ဘာကြောင့်ဖြစ်ရမလဲဆိုတော့ သမီးကို ဖေဖေလင်္ကာတစ်ခုဆိုပြမယ်၊ နားထောင်နော်. . .

- သူများအသက် သတ်သည့်တွက် အသက်ကိုယ့်မှာတို
- မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်တို
- နှိပ်စက်ကလူ၊ ညှင်းဆဲသူ၊ ပြောထူရောဂါကို
- သနားစိတ်သွင်း၊ မနှိမ်နှင်း၊ ကင်းရှင်းရောဂါကို

- ပြင်းထန်ဒေါသကြီးတတ်က၊ အလှပျက်မည်ဆို
- ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှပကို
- မနာလိုပြန်၊ ဣဿထန်၊ ခြံရံကင်းမည်ဆို
- ဣဿမထား၊ ဝမ်းမြောက်ပြား၊ ပေါများခြွေရံကို
- မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာဆို
- စွန့်ကြဲလှေ့ထုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို
- မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ကို
- လိုက်သူရိုကျိုး၊ မာန်စွယ်ချိုး၊ အမျိုးမြတ်သကို
- သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအပညာဆို
- ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခုနောင်တတ်

သိလိုတဲ့၊ သမီးရဲ့။

အဲဒီလို ဘဝကုသိုလ်-အကုသိုလ်ကံတွေက သမီးဘဝကိုဖန်တီးပြီး လွှတ်လိုက်တာဘဲသမီး။

"ဘဝဇာတ်ဆရာဆိုသမျှ-အလိုကျ-ငိုခဲ့ရ ကျမဘဝပါရှင်"ဆိုသလိုဘဲ ဘဝကံဇာတ်ဆရာအလိုကျ သမီးဘဝ ငိုရ-ရယ်ရ ပျော်ရွှင်ရမှာပါ "

အဲဒီလို လူ့အဖြစ်ကိုရပြီးသော်လည်း ဘဝကံဇာတ်ဆရာက စီမံဖန်တီးမှုတွေကြောင့် လူ့ဘဝမှာ လူအမျိုးအစားလေးမျိုးဆိုတာကွဲပြားသွားတာကိုလည်း သမီးသိသင့်တာပေါ့နော်။

လူလေးမျိုးဆိုတာကတော့-

- လူငရဲသား
- လူတိရစ္ဆာန်
- လူပြိတ္တာ
- လူသားစစ်စစ် တဲ့သမီးရဲ့။

လူငရဲသားဆိုတာကတော့ မင်းပြစ်မင်းဒဏ်ခံရလို့ ထောင်ထဲမှာ အကျခံရပြီး ညှင်းဆဲခံနေရသူတွေပေါ့၊ ပြီးတော့ ဥစ္စာစီးပွားပြည့်စုံသော်လည်း နာတာရှည်ရောဂါတွေခံစားနေရပြီး မစားနိုင်၊ မသောက်နိုင်ဖြစ်နေရသူတွေပေါ့သမီး၊ အဲဒီသူတွေဟာ ဒါန၊ သီလ၊ ဘာဝနာဆိုတာမပြုနိုင်ကြတဲ့အတွက် လူငရဲသားတွေလို့ပဲ သတ်မှတ်ခေါ်ဝေါ်ကြတယ်ကွဲ့။

လူတိရစ္ဆာန်ဆိုတာကတော့ လူ့ဘဝတော့ဖြစ်ပါရဲ့၊ ဒါပေမယ့် ဒါန၊ သီလ၊ ဘာဝနာတွေကိုပြုရမှန်းမသိ၊ လူလောက လူအကျိုးသည် ဘာမှန်းမသိ ရ,တာကိုစားမယ်၊ ပျော်မယ်၊ သောက်မယ်၊ ကာမဂုဏ်ခံစားမယ်၊ အိပ်မယ်ဆိုတာလောက်ကိုသာ သိသူတွေကိုပြောတာသမီး။

လူပြိတ္တာဆိုတာကတော့ လူဘဝတော့ရပါရဲ့၊ အတိတ်ဘဝက ဒါနနည်းလို့ ဒီဘဝမှာလည်း ကြိုးစားအားထုတ်မှုကနည်း၊ ပညာကလည်းမဲ့ဆိုတော့ ဥစ္စာစီးပွားမပြည့်မစုံဖြစ်ပြီး စားရမဲ့

သောက်ရမဲ့နဲ့ ထမင်းတစ်လုပ်အတွက် ပင်ပန်းကြီးစွာရှာဖွေစား သောက်နေရသူတွေ၊ တောင်းရမ်းစားသောက်နေရသူတွေ ဖြစ်ကြတယ်ကွဲ့။

လူသားစစ်စစ်ဆိုတာကဟော့ ပညာကလည်းတတ်၊ အလုပ်ကလည်းကြိုးစားအားထုတ်မှုရှိပြီး ဥစ္စာပစ္စည်းပြည့်ပြည့်စုံစုံနှင့်ချမ်းသာစွာ ကျန်းမာစွာနေရတယ်၊ ပြီးတော့ ဒါန၊ သီလ၊ ဘာဝနာအလုပ်၊ လူသားတို့အတွက် ကောင်းကျိုးအလုပ်တွေကိုလည်း တတ်နိုင်သရွေ့လုပ်တဲ့လူမျိုးတွေကိုတော့ လူသားစစ်စစ်လို့ခေါ်တယ်သမီးရဲ့။

အဲဒီလို လူလေးမျိုးထဲမှာ သမီးလေးဟာ လူသားစစ်စစ်ဖြစ်ဖို့နဲ့ ငရဲသား၊ လူတိရစ္ဆာန်၊ လူပြိတ္တာမဖြစ်ဖို့အတွက် လူဘဝအရွယ်သုံးပါး ဘဝနေနည်းကို နားလည်ထားသင့်တယ်လို့ ဖေဖေထင်ပါတယ်သမီး။

လူလောက လူဘဝကိုရတောင့်ရခဲရလာပြီးမှ လူဘဝဘဝနေနည်းကို မသိကြသည့်အတွက် လူသားစစ်စစ်ဘဝကို မရကြဘဲ လူတိရစ္ဆာန် လူပြိတ္တာ လူငရဲသားဖြစ်နေကြသူတွေဟာ ဖေဖေတို့ပတ်ဝန်းကျင်မှာ တစ်ပုံတစ်ခေါင်းကြီးတွေ့နေရတယ်သမီး။

အဲဒီလူတွေဟာ လူအဖြစ်က အရှုံးကြီးရှုံးရမှုတွေပေါ့သမီး၊ အဲဒီလူတွေဟာ ဒီဘဝ ဒီခန္ဓာကိုယ်မှာသာ လူဘဝ လူအဖြစ်

ဆုံးရှုံးကြရမှာမဟုတ်ပေဘူးသမီး၊ တမ့်လွန်သံသရာဘဝမှာတော့ လည်း အပါယ်လေးပါးဘေးတွေနဲ့ တွေ့ကြုံဆုံရပြီး ဆင်းရဲဒုက္ခကို လှလှကြီးခံစားရဦးမှာ သေချာတယ်သမီး။

လူ့ဘဝရခဲသလို ရလာရောက်လာတဲ့ လူဘုံဟာ တကယ် အဘိုးတန်တဲ့ သင်္ဘောဆိပ်ဘုံဘဝကြီးလို့ ဆိုတယ်သမီးရဲ့၊ မှန် တယ်သမီး၊ သမီးကြီးတော့ ဝတ်စားဆင်ခြင် မျက်မြင်သိရမှာပါ၊ ဖေဖေတို့နေတဲ့ ဟောဒီလူဘုံကြီးဟာ အင်မတန်ဆန်းကြယ်တဲ့ ဘုံကြီးသမီးရဲ့။

အပါယ်လေးပါးဖြစ်တဲ့ ဆင်းရဲဒုက္ခအပြည့်အဝခံစားနေ ရတဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘုံတွေကိုသွားရောက် ဖို့ လာရောက်ဖို့ အကုသလကမ္မပထအကုသိုလ်ကံ ချောက်လမ်း ကြီးတွေလည်းရှိကြတယ်။

အဝီစိငရဲပြည်ကို မလွဲမသွေသွားရောက်နိုင်တဲ့ အဖ သတ်ခြင်း၊ အမိသတ်ခြင်းဆိုတဲ့ ပဉ္စနန္တရိကံ အကုသိုလ်လမ်း ကြောင်းကြီးက မုချရှိနေတယ်။

- သူ့အသက်သတ်ခြင်း
- သူတစ်ပါးဥစ္စာခိုးခြင်း
- သူသားအိမ်ယာပြစ်မှားခြင်း

ဆိုတဲ့ ကာယကံအကုသိုလ်လမ်းကြောင်းကြီးကလည်း ထင်ထင် ရှားရှားရှိတယ် သမီး။

- လိမ်ညာပြောခြင်း
- ချောပစ်ကုန်းတိုက်ခြင်း
- ကြမ်းတမ်းစွာပြောဆိုခြင်း
- သိမ်ဖျင်းစကားပြောဆိုခြင်း

ဆိုတဲ့ ဝစီကံအကုသိုလ်လမ်းကြောင်းကြီးကလည်း ထင်ရှားစွာ ရှိတယ်သမီး။

- သူ့ပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်လိုခြင်း
- သူတစ်ပါးပျက်စီးမှုဆုံးရှုံးမှုကို ကောင်းလေစွ ဟု အောက်မေ့ခြင်း
- မှားသောအယူကိုလက်ခံကျင့်သုံးခြင်း

ဆိုတဲ့ မနောကံ အကုသိုလ်လမ်းကြောင်းကြီးကလည်း ထင်ရှားစွာရှိတယ်သမီး။

အဲဒီ အကုသိုလ်ဒုစရိုက်ကံတွေကိုသာပြုလုပ်ပြီးနေမယ် ဆိုရင် အဲဒီလူသားဟာ မုချဆက်ဆက် အပါယ်လေးပါးသွားပြီး ဆင်းရဲဒုက္ခအမျိုးမျိုးခံစားရမှာဖြစ်တယ်သမီး။

ဒါက အောက်လမ်းသွားတဲ့ခရီး၊ အကုသိုလ်တွေပေါ့ သမီး၊ အပေါ်လမ်းဆိုတဲ့ နတ်ပြည်-ဗြဟ္မာပြည်နဲ့ နိဗ္ဗာန်ရွှေပြည် အထိသွားတဲ့ကုသိုလ်လမ်းကြောင်းကလည်း ဒီလူ့ပြည်မှာပဲရှိတယ် သမီး။

ဒီလူ့ပြည်မှာနေပြီး ဒါနပြုမယ်၊ သီလဆောက်တည်မယ်၊ သမထ ဝိပဿနာပွားမယ်ဆိုရင်တော့ နတ်ချမ်းသာဗြဟ္မာချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့အထက်လမ်းကို တက်လှမ်းနိုင်မယ်။

အဲဒီလိုတက်လှမ်းဖို့ သုစရိုက်(၁၀)ပါး၊ ပုညကြိယာဝတ္ထု (၁၀)ပါးဆိုတဲ့လမ်းဖြောင့်တွေ မဂ္ဂင်ရှစ်ပါး သစ္စာလေးပါးဆိုတဲ့ လမ်းမှန်လမ်းကောင်းတွေကလည်း ဒီလူ့ပြည်မှာပဲ ရှိနေတယ် သမီး။

ဒါကြောင့် လူ့ပြည်ကို ဘုရားရှင်က ကူးတို့ဆိပ်၊ သင်္ဘောဆိပ်တဲ့၊ အထက်ကိုသွားချင်သလား၊ ဒါန၊ သီလဘာဝနာလှေနှင့် လှော်ခတ်သွား၊ အောက်ကိုသွားချင်သလား၊ ဒုစရိုက်ဆယ်ပါး ပဉ္စနန္တရိကံလှေများနှင့်လှော်ခတ်သွား၊ ရောက်နိုင်တယ်လို့ ဆိုမိန့်ထားခဲ့တယ်သမီး။

အဲဒီတော့ အစောက ဖေဖေပြောခဲ့သလို သမီးဟာ ယခုမြင့်မြတ်တဲ့ဘုံ၊ ကူတို့ဆိပ် သင်္ဘောဆိပ်နှင့်တူတဲ့ ဤလူ့ဘုံကို လူသားအဖြစ်ရောက်လာပြီနော်။

သမီးဟာ ဒီလိုဘုံဘဝကနေပြီး အထက်ဘုံခရီးကို ခရီးဆက်နိုင်ဖို့အတွက် လူသားစစ်စစ်ဖြစ်ဖို့လိုနေပြီပေါ့နော်။

ဘုရားရှင်က ဖေဖေတို့လူသားတွေအတွက် လူသားစစ်စစ်နှင့်နတ်ပြည်ချမ်းသာ ဗြဟ္မာပြည်ချမ်းသာ နိဗ္ဗာန်ချမ်းသာ

ရောက်နိုင်ဖို့အတွက် အရွယ်သုံးပါးနှင့်ဘဝနေနည်း နည်းလမ်းမျိုးစုံကို သုတ် ဝိနည်း အဘိဓမ္မာဆိုတဲ့ ပိဋကသုံးပုံကျမ်းအစုံစုံမှာ ဟောဖော်ညွှန်ပြပြီး နည်းလမ်းကောင်းများ လမ်းညွှန်ပေးခဲ့ပါတယ်။

အဲဒီနည်းတွေလမ်းတွေကို သမီးကိုပြောမပြခင် ဘုရားရှင်လက်ထက်က အရွယ်သုံးပါးဘဝနေနည်းမတတ်ခဲ့လို့ မနေတတ်ခဲ့လို့ ဘဝပျက်ခဲ့ရတဲ့ မဟာဓနသူဌေးရဲ့အကြောင်းဘဝဇာတ်လမ်းနှင့်ဘုရားရှင်ဟောပြောချက်ကို ဦးစွာပထမ သမီးကိုဖေဖေ ပြောပြလိုပါတယ်သမီး။

မြတ်စွာဘုရားရှင်လက်ထက်တော်အချိန်ကပေါ့ကွဲ့-

"ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်စည်းစိမ်ကြွယ်ဝသော သူဌေးကြီးမှာ သားတစ်ယောက်ရှိတယ်ကွဲ့။

တစ်ဦးတည်းသောသားအပေါ်မှာ ချစ်မြတ်နိုးကြတဲ့မိဘတွေက "ငါတို့မှာ ဥစ္စာပစ္စည်းတွေများစွာရှိတယ်၊ ဤဥစ္စာတွေကို ငါတို့သားလက်၌အပ်ထားမယ်၊ သားထင်သလို ခံစားသုံးဆောင်ပါစေ၊ သားမှာ အခြားလုပ်စရာကိုင်စရာ ပညာသင်နေစရာမလိုဘူး" လို့ကြံစည်မိပြီး သားကို ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတွေကိုသာ သင်ကြားစေကုန်သတဲ့ကွယ်။

ထိုနည်းတူပဲ ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့သူဌေးကြီးမှာလည်း သမီးချောကလေးတစ်ယောက်ရှိလေ

သတဲ့၊ အဲဒီသူဌေးလင်မယားကလည်း အလားတူပဲ ကြံ့ဝည်စိတ်ကူးပေါက်ပြီး သမီးကို ဘာမျှမလုပ်မကိုင်စေဘူး၊ ကခြင်း၊ သီဆိုခြင်း၊ တီး မှုတ်ခြင်းတွေကိုသာ သင်ကြားပေးကြသတဲ့ကွယ်။

အဲဒီသူဌေးသားနှင့်သမီးတို့ဟာ လူလားမြောက်၍ အရွယ်ရောက်ကြတဲ့အခါ နှစ်ဖက်မိဘတို့က စေ့စပ်ကြောင်းလမ်းပြီး သဘောတူထိမ်းမြားလက်ထပ်ပေးထားကြသတဲ့ကွဲ့။

မကြာခင် နှစ်ဖက်သောမိဘတို့ကွယ်လွန်ကြလေတော့ နှစ်ဖက်မင်းထံသို့ခစားရန်သွားရသတဲ့၊ အဲဒီလို သူဌေးသားသွားလာနေတာကို ဗာရဏသီမြို့ရှိအရက်သမားတွေက တွေ့မြင်ကြလေတော့-

"ဤသူဌေးသားဟာ အရက်သမားဖြစ်လာလျှင် ငါတို့တစ်တွေချမ်းသာစွာစားရသောက်ရမှာပဲဟေ့၊ ဒီသူဌေးသားကို စည်းရုံးသိမ်းသွင်းပြီး အရက်သမားဖြစ်အောင် ပြုကြလျှင် ကောင်းမယ်လို့" ကြံစည်တိုင်ပင်ကြသတဲ့။

တစ်နေ့မှာ အရက်သမားတွေဟာ သေရည်သေရက်စားသောက်ဖွယ်အမဲသား၊ငါးတို့ကိုစီမံပြီး အမြစ်အဖုတို့ကိုလည်း ကောင်းစွာထုပ်ပိုးစီမံထားပြီး သူဌေးသားဟာ မင်းကြီးထံမှ ခစားအပြန်ခရီးကို စောင့်နေကြသတဲ့။

အရက်သမားတွေဟာ သူဌေးသားမင်းကြီးထံက ခစားပြီးပြန်အလာမှာ သူဌေးသားရှေ့မှာသေရည်ကို ပျော်ပျော်ပါးပါး

စားသောက်ပြကြတယ်၊ ဆားခဲကိုခံတွင်းထဲပစ်ထည့်ပြီး အမြစ်အဖုတို့ကိုကိုက်ခဲစားသောက်ကြပြီးတော့-

"အရှင်သူဌေးသား---အသက်တစ်ရာရှည်ပါစေ၊ အရှင်သူဌေးသားကိုအမှီပြုပြီး ကျွန်ုပ်တို့ စားနိုင်သောက်နိုင်သူများ ဖြစ်လိုကြပါတယ်"လို့ ဝိုင်းဝန်းပြောဆိုကြသတဲ့။

သူဌေးသားဟာလည်း အရက်သမားတို့၏စကားကိုကြားရတော့-

"ဒီသူတွေ ဘာကိုသောက်နေကြတာလဲ"လို့ နောက်ပါအခြွေအရံများကိုမေးကြည့်သတဲ့။

"အရှင်သား. . . သောက်ဖွယ်အရည်တစ်ခုကို သောက်နေကြတာပါ"

"ဒီသောက်စရာအရည်ဟာ နှစ်သက်စရာရှိသလား"

"အရှင်သား. . . အသက်မသေမီ ဒီလူ့ပြည်မှာ ဒီသောက်စရာနှင့်တူသောအရည်ဆိုတာ မရှိပါဘူး"

"ဒါဆို ငါလည်းသောက်သင့်တာပေါ့"

သူဌေးသားဟာ အဲဒီလိုပြောပြီး အဲဒီအရက်သမားတွေသောက်နေတဲ့အရက်ကို အနည်းငယ်သွားယူခိုင်းပြီး သောက်ကြည့်သတဲ့။

သူဌေးသားဟာ သေရည်ကိုသဘောကျပြီး နောက်တော့ သေရည်အရက်ကို မပြတ်သောက်တော့တာပဲကွဲ့။

သေသောက်ကြူးအရက်သမားတို့လည်း သူဌေးသားကို ဝိုင်းဝန်းခြံရံပြီး မြှောက်ပင့်ပြောဆိုကာ ဝိုင်းသောက်ဝိုင်းစားပြုလုပ်လာခဲ့ကြရာ မကြာခင်မှာပဲ အရက်သမားအခြံအရံတွေဟာ တစ်စတစ်စများလာသတဲ့။

သူဌေးသားလည်း ဥစ္စာတစ်ရာ ဥစ္စာနှစ်ရာ စသည်တို့ပေးပြီး သေရည်ကိုဝယ်ယူကာ သောက်စားမူးယစ်ပြီးနေလာခဲ့သတဲ့။

မိမိ သေရည်သေရက် သောက်ရာနေရာတိုင်းမှာလည်း ဘဲ အသပြာငွေထုပ်ကိုစုပုံချထားပြီး အရက်သောက်ရင်းပင်-

- ရော့. . . ဟောဒီငွေနှင့်ပန်းကိုဝယ်ယူခဲ့စမ်းဟေ့။
- ရော့. . . ဟောဒီငွေနှင့်နံ့သာကိုဝယ်ယူခဲ့စမ်းဟေ့။
- ဟေ့ ဒီအဆိုတော်ဟာ အဆိုကောင်းသဟေ့၊ သူ့ကို တစ်ထောင်ဆုချလိုက်စမ်း။
- ဒီသူငယ်မက အကကောင်းသဟေ့၊ သူ့ကို တစ်ထောင်ဆုချလိုက်စမ်း။
- ဒီကောင်က အတီးကောင်းသကွ၊ ဆုငွေနှစ်ထောင် ပေးလိုက်စမ်း။

ဒီလိုနဲ့ အရက်သေစာသောက်စားပြီး မူးမူးရူးရူးနှင့်ကြိုက်သလိုသုံးဖြုန်းလာခဲ့ရာ မကြာခင်မှာပဲ မိမိပိုင်ဥစ္စာကုဋေ(၈၀) ကုန်ခမ်းသွားလေတော့သတဲ့။

အိမ်တာဝန်ရှိသူ ဘဏ္ဍာစိုးက ဥစ္စာကုန်၍ သူဌေးသား ထံသို့သွားပြီး-

"အရှင်သား. . . အရှင်သား၏ဥစ္စာတွေကုန်ပါပြီ"လို့ တင်ပြသတဲ့။

"ငါ့မယားပိုင်တဲ့ဥစ္စာတွေ မရှိကြတော့ဘူးလား"

"ရှိပါရဲ့"

"ရှိလျှင် အဲဒီဥစ္စာတွေကိုယူခဲ့ကြ"

ထိုသို့ပြောပြီး ထိုမယားဥစ္စာများကိုလည်း ဆက်လက် သုံးဖြုန်းလာရာ များမကြာခင်မှာပဲ ကုန်ပြန်သတဲ့ကွဲ့။

တဖြည်းဖြည်းနှင့် သူတို့ပိုင်ဆိုင်သောလယ်ယာများ၊ ဥယျာဉ်ဂရမ်များ၊ လှည်း၊ နွားစသည်များရောင်းချပြီး ဆက်လက် သုံးဖြုန်းပြန်ရာ မကြာခင်ကုန်ပြန်ပါလေရောတဲ့။

နောက်ဆုံးတွင် အိမ်ပရိဘောဂများ၊ အိုးခွက်များ၊ အထည်အဝတ်အစားများကိုပင်ရောင်းချပြီး ဆက်လက်သုံးဖြုန်း နေသတဲ့။

သူဌေးသားဟာ သုံးလိုက်-ဖြုန်းလိုက်ဖြင့်ဘဝခရီးဆက် ခဲ့ရာ အိုမင်းလာသောအခါ စားစရာမရှိဖြစ်လာပြီး မိမိနေအိမ် ကိုပါရောင်းချပစ်ရပြီး အိမ်ပေါ်ကနေဆင်းပေးခဲ့ရသတဲ့။

သူဌေးသားမှာ နေစရာအိမ်မရှိ၊ စားစရာမရှိ၊ အခြေအရံ မရှိဖြစ်လာကာ သူများ၏အိမ်နံရံကိုအမှီပြုကာနေထိုင်ရသတဲ့၊

အိုးခွက်ပိုင်းကိုစွဲကာ တောင်းစားရတဲ့ဘဝထိရောက်သွားတော့တာပဲကွဲ့။

တစ်နေ့သောအခါမှာ ဆွမ်းစားဇရပ်၏တံခါး၌ရပ်ပြီး ရဟန်းသာမဏေငယ်တို့ကိုပေးကျွေးသောစားကြွင်းစားရန် ခံယူနေသတဲ့၊ အဲဒီသူဌေးလင်မယားကို ဘုရားရှင်သည်မြင်တော်မူ၍ ပြုံးတော်မူသတဲ့။

ရှင်အာနန္ဒာမထေရ်က ဘုရားရှင်ပြုံးတော်မူတာကိုမြင်တော့ ပြုံးခြင်း၏အကြောင်းစုံကိုလျှောက်ထားသတဲ့-

"ချစ်သား အာနန္ဒာ. . . ဤဗာရဏသီမြို့မှာပင် ကုဋေ (၈၀)ကုန်ခန်းစေပြီးသကာလ မယားကိုခေါ်ဆောင်၍ လမ်းအတွက်လှည့်လည်ရှာတဲ့၊ မဟာဓနသူဌေးကြီးရဲ့သားဖြစ်တဲ့ ဤသူကိုကြည့်စမ်းပါ"

ဤသူဌေးသားဟာ ပထမအရွယ်က စည်းစိမ်ဥစ္စာများကို မကုန်စေဘဲ စီးပွားရေးတို့ကိုလုပ်ဆောင်ခဲ့မည်ဆိုလျှင် ဤမြို့မှာပင် ပထမတန်းသူဌေးကြီးဖြစ်ဖွယ်ရှိတယ်၊ အိမ်ကထွက်ပြီး ရဟန်းပြုရင်လည်း အရဟတ္တဖိုလ်သို့ရောက်ဖွယ်ရှိတယ်၊ သူ့မယားဟာလည်း အနာဂါမ်ဖိုလ်မှာတည်ဖွယ်ရှိတယ်။

ဒုတိယအရွယ်မှာ စည်းစိမ်ဥစ္စာများကိုမကုန်စေဘဲ စီးပွားရေးကိုလုပ်ဆောင်ခဲ့မယ်ဆိုလျှင် ဒုတိယတန်းသူဌေးဖြစ်ဖွယ်ရှိ

တယ်၊ ရဟာန်းပြုရန်လည်း အနာဂါမ်ဖြစ်ဖွယ်ရှိတယ်၊ သူ့မယား ဟာလည်း သကဒါဂါမ်ဖိုလ်မှာတည်ဖွယ်ရှိတယ်။

နောက်ဆုံးအရွယ်မှာ စည်းစိမ်ဥစ္စာများကိုမကုန်စေဘဲ စီးပွားရေးတို့ကိုလုပ်ဆောင်ခဲ့ပါလျှင် တတိယတန်းသူဌေးဖြစ်ဖွယ် ရှိတယ်၊ ရဟာန်းပြုရန်လည်း သကဒါဂါမ်ဖြစ်ဖွယ်ရှိတယ်၊ သူ့မယား ဟာလည်း သောတာပတ္တိဖိုလ်မှာတည်ဖွယ်ရှိတယ်။

ယခုတော့ ဤသူဌေးသားဟာ လူစည်းစိမ်မှလည်း ဆုတ် ယုတ်ရတယ်၊ ရဟာန်းအဖြစ်ဆိုတဲ့ မဂ်ဖိုလ်ကျေးဇူးကလည်း ဆုတ် ယုတ်တဲ့အတွက် ရေခြောက်သွေ့သောညွန်အိုင်၌ ကြိုးကြာအို ကဲ့သို့ဖြစ်ရရှာတော့တယ် လို့ မိန့်ကြားတယ်တဲ့။

ထို့နောက် ဘုရားရှင်က ဤသို့ဆက်လက်ပြောကြပြန် တယ်။

"လူမိုက်တို့သည် ငယ်ရွယ်နုပျိုစဉ်က မြတ်သောအကျင့် ကို မကျင့်သုံးမိခြင်းကြောင့်လည်းကောင်း၊ ပစ္စည်းဥစ္စာကိုမရလိုက် ခြင်းကြောင့်လည်းကောင်း(ဝါ)မရသောကြောင့်စားရန်ငါးကုန်နေ သည်သာလျှင်ဖြစ်သောညွန်ပျောင်း၌ တောင်ပံယွင်းယိုကြိုးကြာ အိုး ကြံလိုင်ကြသကဲ့သို့ ကြံမှိုင်ကြရကုန်၏"

"လူမိုက်တို့သည် အရွယ်နုပျိုစဉ်က မြတ်သောအကျင့် ကို မကျင့်မိခြင်းကြောင့်လည်းကောင်း၊ ရှေးက ချမ်းသာသုခ

လူတေသနစာကြည့်တိုက်
ပထမအရွယ်ပညာသိပ္ပံ...တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ၂၁
ထမ္ဘာအေး၊ ရန်ကုန်။

ခံစားရဖူးသည်တို့ကို ညည်းတွားစိုးရိမ်ကြကုန်လျက် လေးညို့မှလွတ်သာ အရှိန်ကုန်သောမြားကဲ့သို့နေထိုင်ရခြင်း၊ သေရခြင်းသို့ကပ်ရောက်ရသည် လို့ဟောပြောတော်မူတယ်”

ညွန်ပျောင်း၌ ရေမရှိသကဲ့သို့ ဤလူမိုက်တို့အားနေရာမရှိခြင်း၊ အိုင်၌ ငါးများကုန်သကဲ့သို့ ဤလူမိုက်တို့အား ပစ္စည်းဥစ္စာမရှိကုန်ခမ်းခြင်း၊ တောင်ပံယွင်းယိုကြိုးကြာအိုတို့သည် ပျံသန်းသွားလာခြင်းမပြုနိုင်သကဲ့သို့ ဤသူဌေးသားလင်မယားတို့အား ယခုအချိန်ဝယ် ရေကြောင်းခရီး ကုန်းကြောင်းခရီးစသည်တို့ဖြင့် စည်းစိမ်ဥစ္စာတည်စေခြင်းငှာ (ရအောင်)မစွမ်းနိုင်ခြင်းတို့ ဖြစ်ကြကုန်တယ်။

အဲဒါကြောင့် တောင်ပံယွင်းယိုသည့် ကြိုးကြာအိုကဲ့သို့ ထိုအရပ်၌ပင် ကြံမှိုင်နေကြရတယ်လို့ဆိုပါတယ်။

လေးညို့မှလွတ်သောမြားတို့ဟာ အဟုန်အားလျော့စွာသွား၍ ကျရကုန်တယ်၊ ထိုမြားကိုကောက်ယူခြင်းမရှိသော် ထိုကျရာအရပ်၌ပင်လျှင် ခြတို့၏အစာဖြစ်ကြသကဲ့သို့ ထိုအတူ သတ္တဝါတို့ဟာ အရွယ်သုံးပါးလွန်သည်ရှိသော် ယခုအခါ မိမိကိုယ်ကိုလုပ်ဆောင်ရန်မစွမ်းနိုင်ကြသောကြောင့် သေခြင်းသို့ချဉ်းကပ်ကြရလိမ့်မယ်၊ အဲဒါကြောင့် လေးညို့မှလွတ်လာသောမြားတို့ကဲ့သို့ သေခြင်းသို့ကပ်ရောက်ရကုန်လတ့် လို့ဆိုလိုပါတယ်သမီး။

၂၇၁၄၂

လူ့ဘဝမှာ လွန်လေပြီးသောအမှုကိုပြန်တွေးပြီး စိတ်မအေးဖွယ် နောင်တရပူပန်ရတဲ့အကြောင်းတရားဆယ်ပါးရှိတယ်လို့ ဘုရားရှင်က ဟောကြားခဲ့တယ်သမီး။

သမီးသိအောင် ဒီနောင်တဆယ်ပါးကို ဖေဖေပြောပြမယ်-

၁။ ငယ်စဉ်အခါ ပစ္စည်းဥစ္စာမရှာဖွေခဲ့ရာ အိုမင်းနောင်အခါမှာ မရှိဆင်းရဲ မွဲပြာကျနေလို့ နောင်တတစ်ဖန်ပူပန်ရသတဲ့။

၂။ ငယ်စဉ်အခါ ပညာမရှာခဲ့လို့ နောင်အခါ ပညာမရှိခြင်းကြောင့် အသက်မွေးမှုဆင်းရဲရပြီး နောင်တကစ်ဖန်ပူပန်ရသတဲ့။

၃။ ကောက်ကျစ်စဉ်းလဲခြင်းလည်း ချောစကားပြောကြားရန်တိုက်ခြင်းများပြုခဲ့လျှင်လည်း နောင်တွင်သေရာညောင်စောင်းလဲလျောင်းသောအခါမှာ နောင်တတစ်ဖန် ပူပန်ရသတဲ့။

၄။ သူ့အသက်သတ်ခြင်း၊ သနားမဖက်ရက်စက်ကြမ်းကြုတ်ခြင်း၊ ယုတ်မာညစ်ညမ်းသောအမှုကိုပြုမိခြင်းများကြောင့် နောက်သောအခါ နောင်တတစ်ဖန်ပူပန်ရသတဲ့။

၅။ မသွားမလာအပ်သော သူ့မယားသူ့သမီးစသော သူတစ်ပါးအိမ်ယာကို သွယ်လာပေါင်းသင်းမှိုဝဲဖျက်ဆီးမှုကြောင့် နောင်တတစ်ဖန်ပူပန်ရသတဲ့။

၆။ လျှုဖွယ်ဝတ္ထုအစုစုရှိပါလျက် အလှူမပြုမိခဲ့၍ နောင်တတစ်ဖန်ပူပန်ရသတဲ့။

၇။ မိဘကိုလုပ်ကျွေးနိုင်သောအခြေအနေရှိပါလျက် အသက်ရှင်စဉ်အခါ မလုပ်ကျွေးမပြုစုမိလျှင်လည်း နောင်အခါ ပူပန်ရသတဲ့။

၈။ ကျွေးမွေးစောင့်ရှောက်သော မိဘနှင့် မိဘကဲ့သို့ကျေးဇူးရှင်များကို မထေမဲ့မြင်ပြုခဲ့လျှင် နောင်အခါ နောင်တတစ်ဖန်ပူပန်ရသတဲ့။

၉။ သီလသမာဓိပညာတို့ဖြင့် ပြည့်စုံသောရဟန်းသံဃာများထင်ရှားရှိလျက် မဆည်းကပ် မကိုးကွယ် မလှူမိ၍ နောင်တတစ်ဖန်ပူပန်ရသတဲ့။

၁၀။ သူတော်ကောင်းတရားအကျင့်မြတ်ကို ရှေး၌ကားမကျင့်ခဲ့၍ နောင်တတစ်ဖန် ပူပန်ရသတဲ့။

အဲဒီတော့ သမီး အဲဒီလိုအရွယ်သုံးပါးမှာ မပူပန်ရလေအောင် မဟာဓနသူဌေးသားဘဝလိုမရောက်ရလေအောင် အရွယ်သုံးပါးမှာ သမီးလုပ်သင့်တာ ဆောင်သင့်တာ ရှောင်သင့်

တာတွေကို လေးလေးနက်နက်စဉ်းစားတွေးပြီး လေးစားစွာ လိုက်နာကျင့်သုံးဆောက်တည်ပါလို့ ဖေဖေမှာလိုပါတယ်သမီး။

သမီး ယခုရလာတဲ့ လူ့ဘဝရဲ့ လူ့သဘော လူ့မနောကို ကြည့်ပါဦး၊ လူဆိုတာဟာ ဘဝနိကန္တိက ဘဝကိုလိုလားနှစ်သက်တဲ့ လောဘနဲ့လူဖြစ်လာကြသူတွေပါ။

လောဘနဲ့လူဖြစ်လာကြတဲ့လူတွေဟာ ဘဝတစ်လျှောက်မှာသားမယား၊ သားသမီး၊ ဆွေမျိုးမိတ်ဆွေ၊ ခြွေရံသင်းပင်းတွေနဲ့နေလိုကြတယ်၊ ဒါကြောင့် အိမ်ရာတည်ထောင်ကြတယ်၊ နိုင်ငံတွေ၊ ကျေးရွာတွေ၊ မြို့ပြကျေးရပ်ကွက်တွေတည်ထောင်ပြီး နေထိုင်ကြတယ်။

ပြီးတော့ ကောင်းကောင်းနေ၊ ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ချင်ကြတယ်၊ သို့အတွက် ဥစ္စာစီးပွားကို တရားသောနည်းဖြင့်လည်းကောင်းရှာဖွေကြတယ်၊ စုဆောင်းကြတယ်၊ အချို့ကျတော့ မတရားသောနည်းတွေနဲ့ ရှာကြ၊ ဖွေကြ၊ လုယက်ကြနဲ့ ပြုလုပ်ကြတယ်။

အဲဒီလိုရှာပြီးလို့ပြည့်စုံလာပြီဆိုရင် အေးအေးချမ်းချမ်း လုံလုံခြုံခြုံ သူခိုး ဓားပြ ဘေးရန်မရှိ နေလိုလာကြတယ်၊ မိမိပတ်ဝန်းကျင်မြို့ ရွာ နိုင်ငံမှာ ဆူပူတာတွေတိုက်ခိုက်လုယက်တာတွေကို မတွေ့လို မမြင်လိုကြဘူး၊ အေးအေးချမ်းချမ်းနဲ့ငြိမ်းချမ်းသာယာစွာနေလိုကြတယ်။

အဲဒီလိုနေလာလို့ ဘဝအရွယ်ရင့်လာတော့ လွတ်မြောက်မှုကိုရလာကြတယ်၊ နောင်ဘဝကောင်းရာ မွန်ရာရောက်ဖို့ နောင်ဘဝချမ်းသာရာရောက်ဖို့ လိုလားကြပြန်တယ်။

အဲဒါဟာ လူ့သဘော လူ့မနော လူ့ဆန္ဒလေးချက်ပဲ သမီး၊ သမီးလေးကြီးလာရင်လည်း အဲဒီဆန္ဒလေးချက်ကို တောင့်တလာမှာပါ။

ဖေဖေတို့လည်း ဒီဆန္ဒလေးချက်တောင့်တရှာဖွေရင် လောကသံသရာမှာ ကျင်လည်နေခဲ့ရတာပါသမီး။

အဲဒါကြောင့် သမီးဘဝ လူလောက သံသရာထဲမှာ ကျင်လည်စဉ် ဤတောင့်တချက်လေးမျိုးကို မကြာခင် မတောင့်မတနဲ့ပြည့်စုံစွာခရီးလျှောက်နိုင်အောင် ငြိမ့်ငြိမ့်ညောင်းညောင်းဘဝခရီးလမ်းကြောင်းကိုလျှောက်နိုင်ရန် ဤအရွယ်သုံးပါးနှင့်ဘဝနေနည်း နည်းလမ်းကို သမီးကိုသင်ပြပြောပြထားရခြင်းဖြစ်ပါတယ်သမီး။

အဲဒီ အရွယ်သုံးပါးကတော့-

- ပထမအရွယ်ပညာသည်
- ဒုတိယအရွယ်အိမ်ထောင်သည်
- တတိယအရွယ် ဘာဝနာသည်

အဲဒီအရွယ်သုံးပါးဘဝနေနည်းကို သမီး လေးလေးနက်နက်စဉ်းစားပြီး တိကျစွာလိုက်နာ၍ သမီးဘဝ ပစ္စုပ္ပန် တမလွန်

ကောင်းစားမှုအပြည့်အဝခံစားသွားရမယ်လို့ ဖေဖေအလေး အနက်ယုံကြည်မိပါတယ်သမီး။

## ကလလပ်ရေကြည် သန္ဓေတည်ကတည်းက

သမီး. . . သမီး လူလောက လူ့ဘဝကိုရောက်ဖို့အတွက် အမိဝမ်းထဲမှာ သန္ဓေကိန်းအောင်းတဲ့အချိန် သမီး မေမေက ပြောတယ်-

"ကိုကို. . . ညီမမှာ သန္ဓေတည်ပြီတဲ့"

ဤစကားကိုကြားရတော့ ဖေဖေအတိုင်းမသိ ဝမ်းသာ လိုက်တာ၊ သမီးရဲ့မေမေကိုလည်း အတိုင်းမသိသောကျေးဇူး မေတ္တာတို့ဖြင့် ကျေးဇူးတင်နှစ်သက်မြတ်နိုးမိတယ်။

သမီးမေမေဆိုရင်လည်း မိမိဝမ်းထဲဝင်လာတဲ့ကလေး သမီးလား၊ သားလားအတိအကျမသိခင်ကပင် မိမိရင်ဝမ်းဗိုက် ကြား သားအိမ်ထဲသို့အောင်းဝင်ရောက်လာတဲ့ကလေးကိုကြည့် ချင်ဇော မြင်ချင်ဇောနှင့်ချစ်စိတ်တွေ မေတ္တာစိတ်တွေ တစိမ့်စိမ့် ယိုထွက်နေတယ်လေ။

ဘယ်အချိန်ဘယ်အခါကာလမှာ လှရုပ်ဝါ သမီးလေး လား၊ သားလေးလားတို့ ပြုံးကြည်အေး အသွေးဖြူဖြူ သီတဂူ မျက်နှာကိုမြင်ရပါမလဲ ဟုတောင့်တမျှော်လင့်ပြီး သမီးကိုယ်ဝန်

ကိုစောင့်ရှောက်နေခဲ့ရတယ်၊ ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင် ထိန်းသိမ်းသင့်တာထိန်းသိမ်းနဲ့ သမီးမေမေဘဝဟာ လွတ်လပ်မှုတွေဆုံးရှုံးကာ အနစ်နာခံပြီးနေရရှာတယ်။

အဲဒီလိုစောင့်ရှောက်နေရင်းမှာပဲ အင်္ဂါစုံလင် လှမျိုးစုံစွာနှင့်ဖွားမြင်လာသောသမီးကိုမြင်တွေ့ရတော့ ရတနာရွှေအိုးကိုကောက်ရသည့်ပမာ လွန်စွာဝမ်းမြောက်ကြတယ်၊ ပင်ပန်းသမျှဒုက္ခအဝဝဟာလည်း သီတာချမ်းမြမိဘတို့ဝမ်းငြိမ်းစတမ်းဆိုသည့်အတိုင်း ချမ်းမြအေးငြိမ်းသွားရတယ်။

သမီးလေးမွေးဖွားလာ၍ သမီးလေးမျက်နှာမြင်ရသည်ကိုအကြောင်းပြု၍ လောကဝေါဟာရမှာ သမီးတို့မွေးဖွားတာကို မျက်နှာမြင်တယ်လို့ခေါ်စမှတ်ပြုကြတယ်သမီးရဲ့။

သမီးကိုယ်ဝန်ရင့်တော့ သမီးမေမေရဲ့ဘဝကို ဖေဖေမြင်ရပုံ၊ သမီးသိအောင်ပြောပြချင်တယ်သမီး။

သမီးမေမေဝမ်းကြာတိုက်မှာ ကိန်းအောင်းတည်ရှိတော့ သမီးမေမေဟာ သမီးချမ်းသာစေရန်အတွက် ပူသောဆေးဝါး၊ အစာအာဟာရတွေ၊ အေးသောဆေးဝါး အစာအာဟာရတွေ၊ ချဉ် ခါး စပ်တဲ့ဆေးဝါးအစာအာဟာရတွေကို ရှောင်ကြဉ်ရရှာတယ်။

သမီးကိုယ်ဝန်ရင့်လာလေ အသွားအလာအထိုင်တွေကို သူ့ခမျာဆင်ခြင်ရရှာတယ်၊ လူကြီးသူမတွေက ဝိုင်းဝန်းပြောကြ

သကိုးကွဲ၊ အမိဖြစ်သူက အလွန်ပူသောအစာကိုစားလျှင် ဝမ်းထဲ ကကလေးမှာ မီးကို သည်းထန်စွာရှာသွန်းချသလိုခံစားရသတဲ့။

အလွန်အေးသောအစာကိုစားမိက ကလေးဟာ အလွန် အေးစက်တဲ့လောကန္တရိတ်ငရဲကျသကဲ့သို့ခံစားရသတဲ့။

အငန်၊ အချဉ်၊ အဖန်၊ အစပ်တို့ကိုစားမိရင်လည်း ဓား နှင့်စဉ်းမွှမ်း၍ ဆားလိမ်းထားသကဲ့သို့ခံစားရသတဲ့။

သမီးမေမေဟာ မြန်မြန်သွား၊ မြန်မြန်ထိုင်၊ မြန်မြန်လှည့် ပတ်လိုက်တာလည်း ဝမ်းထဲက ကလေးမှာ အရက်သမားလက် ထဲရောက်တဲ့ဆိတ်ကလေးပမာ အလမ္ပါယ်လက်ထဲရောက်တဲ့ မြွေပမာခံစားရသတဲ့သမီးရဲ့။

ဒီကြားထဲ ဖေဖေက စာတွေပေတွေဖတ်ပြီး သမီးမေမေ ကို ဆင်ခြင်ခိုင်းတာတွေရှိသေးတယ်သမီးရဲ့။

- ကိုယ်ဝန်ရှိတဲ့အချိန်မှာ မိခင်ငိုကြွေးခြင်းပြုက ကလေး မျက်စိပျက်တတ်တယ်ဆိုလို့ သမီးမေမေမငိုရလေ အောင် ပြောရတယ်။
- မကောင်းသောခြေသည်းလက်သည်းတွေပါတတ် တယ်ဆိုလို့ ဖေဖေကသမီးမေမေရဲ့ခြေသည်းလက် သည်းတွေကိုလှီးခွင့်မပြုဘူး။
- နူနာပါတတ်တယ်ဆိုလို့ သမီးမေမေရဲ့ကိုယ်ကိုဆီဖြင့် သုတ်လိမ်းခြင်း၊ နင်းနယ်ခြင်းမပြုစေရဘူး၊ ဆင်းရဲ

သောဓလေ့ပါတတ်တယ်ဆိုလို့ နံ့သာလိမ်းခြင်း၊ ရေအလွန်ချိုးခြင်းကိုမပြုစေရဘူး။

- ကလေးအအိပ်ကြီးတတ်တယ်ဆိုလို့ နေ့လယ် နေခင်းမှာ မေမေ့ကိုမအိပ်စေရဘူး။
- အဆော့သန်သောကလေးဖြစ်တယ်ဆိုလို့ ပြေးလွှားခုန်လွှားသွားခြင်းကိုလည်းမပြုရအောင် ပြောတယ်။
- ကလေးနားပင်းတတ်တယ်ဆိုလို့ အလွန်ကျယ်သောအသံကို နားမထောင်စေရဘူး။
- ကလေးအာခေါင်း၊ သွား၊ နှုတ်ခမ်း၊ လျှာတို့မှာ အမည်းအနက်တွေပါတတ်တယ်ဆိုလို့ ပြင်းစွာမရယ်စေရဘူး။
- စကားမမှန်၊ တောင်ကန်-မြောက်ထိုးအိုးကလေးဖြစ်တယ်ဆိုလို့ အလွန်စကားများတာကိုလည်း ခွင့်မပြုဘူး။
- မွေးသောကလေးမျက်စိကန်းတယ်ဆိုလို့ သမီးမေမေမျက်စိဆေးကွင်းတာတို့ ကာချယ်ဆွဲတာတို့ကိုလည်းမပြုစေဘူး။
- အရှုးအသွပ်အနာပါတယ်ဆိုလို့ အပင်ပန်းခံအလုပ်ကိုမလုပ်စေရဘူး။
- စကားပြောထစ်တတ်တယ်ဆိုလို့ မြေတူးခြင်းလည်းမပြုရဘူး။

- လေလာအရှုးကလေးဖြစ်တတ်တယ်ဆိုလို့ လေတိုက် လည်းသိပ်မခံစေရဘူး။

အဲဒါတွေကတော့ ဖေဖေက ဘဝပ္ပကာသလောကီကျမ်းကို လေ့လာပြီး အဲဒီကျမ်းအဆိုအရ သမီးမေမေကြီးကိုတားမြစ်တာပဲ၊ သမီး မေမေမှာလည်း အတော်လေးကျဉ်းကျဉ်းကြပ်ကြပ်ထဲက သမီးဘဝခြောက်ပြစ်ကင်းသဲလဲစင်သမီးလေးမွေးဖွားလာရေးအတွက် အတတ်နိုင်ဆုံးလိုက်နာဆောင်ရွက်ရှာပါတယ်။

သမီးမျက်နှာလေးကိုမြင်ရသည့်ခဏမှာပင် သမီးမေမေမှာချစ်ခင်နှစ်သက်ခြင်းဆိုတဲ့ ပီတိအဟုန်ဟာတစ်ကိုယ်လုံး ပျံ့နှံ့သွားတယ်သမီး။

ကျန်းမာချမ်းသာစွာနှင့် မီးရှုးသန့်စင်စွာဖွားမြင်လာသောရတနာမျက်ရှု ရဲရဲထွေးထွေးသမီးလေးအတွက် ဘဝင်အေးပြီးရွှင်ဆေးသောက်ကြရတဲ့ ဖေဖေ မေမေတို့အား သမီးလေးဘဝအနာရောဂါကင်းအောင် အသွင်အတူ ခြင် မှက် ကြမ်းပိုး သန်းစသည့်ပိုးကောင်တို့၏ဒဏ်ကိုမခံရလေအောင် ကာကွယ်စောင့်ရှောက်ကြရတယ်။

သမီးမေမေဟာ သမီးနဲ့သင့်တော်လျောက်ပတ်တဲ့အစားအစာကိုရှာကြံစားသောက်ပြီး မိမိရဲ့ချိုဆိမ့်အေးကြည်လှတဲ့ နို့ရည်ကိုတိုက်ကျွေးပြီး သမီးကိုမွေးဖွားခဲ့ရတယ်။

တကယ်တော့ မိခင်ရဲ့(၃၂)ကောဋ္ဌာသခန္ဓာကိုယ်မှာ နို့ရည်ဟူ၍ သီးခြားမရှိဘူး၊ သွေးသာရှိပါတယ်၊ ဒါပေမဲ့ သမီးမေမေရဲ့ချစ်ခင်လေးမြတ်မေတ္တာဓာတ်အဟုန်အရှိန်ဟပ်ပြီး သွေးဓာတ်မှယိုဆင်းလျက် ဖြူဝင်းအေးကြည်သောနို့ရည်အား မေမေရဲ့သားမြတ်နှစ်ခုအလယ် ရင်ချိုင့်အတွင်း၌တည်တဲ့နှလုံးသွေးကမိခင်ရဲ့မေတ္တာအမှုသီတဂူကြောင့် နှလုံးသွေးဖြူလာပြီး နို့ဖြစ်လာရတာပါသမီး။

သမီးမေမေဟာ သမီးဆိုတဲ့ရင်သွေးကိုတိုက်ကျွေးမွေးခဲ့ရလို့ သမီးကိုရင်သွေးလို့လေါ်ဝေါ်ကြတာပေါ့သမီး။

ဒါကြောင့်လည်း လောကဝေါဟာရမှာ-

"ရင်သွေးဟူက ချစ်မဝတည်း လောကအားလုံးသားသမီးမုန်းတယ်လို့ ထုံးကလည်းမရှိပါ "

လို့ တွင်ခဲ့တယ်မဟုတ်ပါလားသမီး။ပြီးတော့လည်း-

အသက်တစ်မျှ ချစ်မဝတဲ့
မွေးမိဆံထုံး ရွှေပန်းကုံးတဲ့
မျက်လုံးပမာသားသည်ချာတဲ့
ရှုလို့မအား မယ့်ချစ်သားတဲ့
ရှုလို့မငြီးချစ်သမီးတဲ့
မွေးမိမျက်ချယ် သားသက်လယ်တဲ့
သက်နှင့်ရင်ချာ မေ့သားချစ်တဲ့

သားတို့ရုပ်ရည် သီတာမည်သား
ရေကြည်ချမ်းမြတစ်ပေါက်ကျက
မိဘတို့ဝမ်းငြိမ်းစတမ်း
လို့ ဝေါဟာရတွေ တွင်ခေါ်ဝေါ်ခဲ့ကြတယ်သမီး။

သမီးလေးမမွေးခင်ကလည်း မိခင်ဖြစ်သူဟာ သီလဆောက်တည်ပြီး မိဘ ဆရာသမားတို့ဝတ္တရားကိုစွမ်းနိုင်သမျှပြုလျှင် ဘုန်းကျက်သရေရှိသော သားသမီးမွေးတယ်ဆိုလို့ သူ့မှာတတ်နိုင်သရွေ့ ဒါန၊ သီလတွေပြုပေးရှာပါတယ်သမီး။

သမီးလေးမွေးပြီးလို့ (၇)ရက်ပြည့်တယ်ဆိုရင်ပဲ ဗုဒ္ဓမြန်မာရိုးရာအစဉ်အလာအရ မီးထွက်ပွဲဆိုပြီး သမီးအတွက်ရည်မှန်းသောအလှူဒါနကိုပြုပေးရပါတယ်။

ဖေဖေတို့က သမီးလေးအတွက် မီးထွက်အလှူဆိုပြီး ပေါင်မုန့်အုန်းနို့ဆမ်း လမ်းထဲမှာကျွေးတယ်။

ပြီးတော့ မြန်မာဓလေ့ထုံးစံအရ ခေါင်းလျှော်ရည်ကို အိမ်ပေါက်စေ့ဝေငှလှူပေးရတယ်၊ ဘာဖြစ်လို့ဝေငှပေးရတယ်ဆိုတာတော့မသိဘူး၊ ဒါက ဓလေ့ဖြစ်နေလို့ ဝေငှပေးရတာပဲ သမီး။

အဲဒီ မီးထွက်တဲ့နေ့မှာပဲ သမီးကို ဆရာတော်ဘုန်းကြီးထံမှာ မွေးသက္ကရာဇ်တွက်ချက်ပြီး နေ့သင့်နံသင့် နာမည်ရွေးပေးရတယ်၊ နာမက္ခရမင်္ဂလာပေါ့သမီး။

တစ်ချို့ကလည်း အဲဒီရက်မှာ ထမင်းခွံ့မင်္ဂလာရယ်လို့ ဆိုပြီး သားသမီးကို ထမင်းဝါးကျွေးကြလေ့ရှိတယ်။

ဖေဖေတို့ကတော့ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာတော့ ကျင်းပပြီး သမီးကိုနာမည်ပေးလိုက်ပါတယ်။

သမီးက အင်္ဂါသမီးဆိုတော့ ဘုန်းဘုန်းဗေဒင်အရ "စန္ဒာမြင့်" လို့ မှည့်ခေါ်လိုက်တယ်။

## ပုဗ္ဗာစရိယ မိ နှင့် ဘ

သမီးဘဝဟာ ပက်လက်ကနေ လေးဘက်သွားဘဝ၊

လေးဘက်သွားကနေ ထ-ထိုင်ဘဝ၊

ထထိုင်ကနေ မခိုင့်မခိုင် မယိုင်တယိုင်မတ်တပ်သွားဘဝ

အဲဒီဘဝကနေ တောက်တောက်ပြေးသွားဘဝ

ဒီဘဝမှာပဲ သမီးလေးဟာ စကားကလည်း မပီကလာ ပီကလာပြောတတ်လာတယ်။

အဲဒီအချိန်မှာ ဖေဖေ မေမေတို့ကလည်း သမီးကလေ ပုဗ္ဗာစရိယ မိနှင့်ဘဆိုတဲ့အတိုင်း-

သမီးလေး မန်းမန်းစားမယ်

သမီးလေး ချိုချိုစို့မယ်

ဖေဖေကြီး မေမေကြီးစသော စကားတွေသင်ပေးတယ်။

ဘုရားရှေ့မှာ၊ အိမ်ဆွမ်းခံကြွလာတဲ့ဘုန်းဘုန်းရှေ့မှာ ဦးတော် ဦးတော်ဆိုတဲ့ ကိုယ်အမူအရာတွေသင်ပေးခဲ့တယ်။

သမီးကလေးစကားပီပီပြင်ပြင်ပြောတတ်ဆိုလာတော့ ဖေဖေ မေမေကြီးတို့က သမီးလေးကို လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ ဆိုသည်နှင့်အညီ-

- ဤသို့လျှင်ရပ် ဤသို့လျှင်ထိုင်
- ဤသို့လျှင်ပြော ဤသို့လျှင်စား
- ဤသို့လျှင်ဝတ် ဤသို့လျှင်အိပ်
- ဤသူကို အစ်ကို-အစ်မခေါ်
- ဤသူကို ဘကြီး-ဘထွေးခေါ်
- ဤသူကို မကြီး-မိထွေးခေါ်
- ဤသူကို ဦးကြီး-ဦးလေးခေါ်
- ဘုန်းဘုန်းဘုရားကိုဦးတော်လုပ်
- ဘုရားကို ဩကာသလုပ်
- လူကြီးခေါ်လျှင် ခင်ဗျား၊ ဗျာ၊ ရှင်လို့ထူးလိုက်
- ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ရှင်လို့ပြန်ဖြေ
- ဤသူကိုမပေါင်းနှင့်၊ ဤသူကိုပေါင်း
- ဤသူတစ်ပါးပစ္စည်းမယူနဲ့
- ဗုဒ္ဓေါ မေ သရဏံအညံ နတ္ထိရအောင်ဆို

စသည်ဖြင့် သမီးကိုသင်ပေးကြတယ်လေ။

သမီးလေးဟာ ဖေဖေ မေမေတို့သင်ပေးတဲ့အတိုင်း လိုက်လုပ်လိုက်ဆိုတာပါပဲ။

မေမေက ကြြကာသဆိုခိုင်းလို့ သမီးဆိုတယ်။

ဖေဖေက သမီးလက်အုပ်ချီ ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ ဆိုလို့ သမီးဆိုတယ်။

ဒီအဓိပ္ပာယ် ဒီသဘောတော့ သမီးလေးဘာမှမသိရှာပါဘူး၊ ဖေဖေ မေမေက ချစ်စနိုးခိုင်းလို့သာ သမီးကိုလိုက်ဆိုလိုက်လုပ်ပြုတာပဲ၊ ဖေဖေ မေမေတို့ငယ်စဉ်က ဒီလိုပဲလုပ်ခဲ့ရတာပဲလေ။

ဒီလိုနဲ့ သမီးလေးဘဝ လက်ဦးဆရာဖြစ်တဲ့ ဖေဖေ မေမေတို့လက်ထဲမှာ စကားတွေကြွယ်ဝတတ်သလို မိသားစုရဲ့ စားမှု သောက်မှု နေထိုင်မှု ဝတ်မှု ပြောဆိုမှုဆိုတဲ့ လူ့ဘဝ လူ့ဓလေ့ လူ့ထုံးစံလေးတွေကို တတ်မြောက်ပြီး ကြီးပြင်းလာခဲ့ရတယ်၊ ပတ်ဝန်းကျင်ကိုလည်း လက်လှမ်းမီသရွေ့ကြည့်ရှုလေ့လာခွင့် ရခဲ့တယ်။

## လူမိုက်မိတ်ဆွေယုတ်ကိုရှောင်ပြီး မိတ်ဆွေကောင်းကိုပေါင်းပါ

ယခုတော့ သမီးအသက်(၅)နှစ်ပြည့်ပြီး ကျောင်းစနေရ သမီးဘဝ ပထမအရွယ်စတယ်လို့ဆိုရမှာပေ့ါ။

ပထမအရွယ် ပညာသည် လို့ဆိုတယ်သမီး-

လူလောက လူ့အလယ်မှာ လူတစ်လုံး သူတစ်လုံးနဲ့ ဘ၀ရပ်တည်နိုင်ဖို့ ဒီအရွယ်မှာ ပညာသင်ယူရမယ်။

ဖေဖေတို့ငယ်စဉ်ကလည်း ဖေဖေတို့ရဲ့ ဖေဖေ မေမေ တွေက-

- ပညာရွှေအိုး လူမခိုး
- ပညာတတ်လျှင် လူရာဝင်
- ပညာမတတ် သူ၏ဝန်ထမ်း

လူကလေး ပညာတတ်အောင်သင်နော်၊ ပညာမတတ်ရင် လျပ်ပေါ်လှတယ်။

လူဆိုပေမယ့် ပညာမတတ်က လူနွမ်းပဲ၊ လူပေါ့ပဲ၊ လူအနဲ့အတူတူပဲ သားတို့လောကမှာ လူအ လူနမဖြစ်ရအောင် ပညာကြိုးစားသင်ပါ။

"ဥစ္စာဟူသည်မျက်လှည့်မျိုး၊ ပညာဟူသည်မြတ်ရွှေအိုး" စသည်ဖြင့်ပြောဆိုဆုံးမခဲ့ကြပြီး ပညာကိုသင်ချင်လာအောင် ဆွဲဆောင်ဆုံးမကြတယ်။

ဒါကြောင့် ဖေဖေက ပုတ္တောဝါဒဆုံးမစာလာတဲ့-

"မျက်လုံးပမာ၊ သားသည်ချာတို့၊ ကောင်းပါစေလို့၊ ပညာကိုလည်း၊ နုပျိုငယ်က၊ သင်ချေမှတည့်၊ ထိုမှရွယ်ရောက်၊ တံခွန်ဆောက်သို့၊ တစ်ယောက်ထင်ပေါ်၊ နှံ့သိလျော်လိမ့်၊ ငယ်တော်

ငယ်က၊ များသိပ်ပွဲကို၊ တစမသင်၊ လေးပင်၍သာ၊ အိမ်မှာလည်း ပျော်နေချေသော်မူ၊ လူမဟူရ၊ လူအလူတန်၊ လူနွမ်းလူရှုး၊ သည်ထက်ထူး၍၊ ဖူးဖူးသော်သော်၊ သောက်ရစ်ပျော်လိမ့်၊ ကရော်ကမည်၊ ဖြစ်တတ်သည်ကား၊ ယွင်းမမှားတည်း၊ မျက်ဝါး ထင်ထင်၊ ကသိုဏ်းလားသို့၊ မယ်ပွားစိပ်က၊ မြင်စွတည်ကျနု၊ ဖြစ်ချေဘိတကား၊ ပါးအားလှသည် ဒုက္ခပဲဇက်မြဲအံ့၊ ဆင်းရဲ နွမ်းပါး၊ ရှာလိမ့်မည်တည့်"
ဆိုတဲ့အတိုင်း သမီးကိုဆုံးမစကားပြောကြားလိုပါတယ်သမီး။

ယခု သမီးလေးကျောင်းနေစအရွယ်ရောက်လာလို့ သမီး ကို ဖေဖေတို့ ရပ်ကွက်နှင့်လမ်းအနီးမှာရှိတဲ့ အ-မ-က(၂၀) ဇ-ရပ်ကွက်မှာ သမီးကိုကျောင်းအပ်ဖို့ စီမံပြင်ဆင်ရတယ်။

သမီးအတွက်ကျောင်းဝတ်စုံအစိမ်း၊ အင်္ကျီအဖြူတွေ ထပ်ချုပ်ပေးရတယ်၊ လွယ်အိတ်လှလှ၊ ဖိနပ်လှလှလေးတွေ ဝယ်ပေးရတယ်။

စာအုပ်၊ ပေတံ၊ ခဲတံမကျန် အစုံစီစဉ်ထားရတယ်။

ဖေဖေ မေမေတို့က လက်ဦးဆရာတွေဆိုတာ ဖေဖေ ပြောခဲ့ပြီးပြီမဟုတ်လား။

အထူးသတိထားပြီး ရှောင်ရန်-ဆောင်ရန်လုပ်ရလိမ့် မယ်သမီး၊ ဒီနေရာမှာ သမီးကို ဖေဖေသိစေလိုတာက လူမိုက် ဆိုတာ ဘယ်လိုလူမျိုးလဲဆိုတာကိုသိစေလိုပါတယ်။

လောကမှာ လူမိုက်ဆိုတဲ့သူဟာ-

- ပညာဖြင့်အသက်ရှင်မှုကိုမပြု၊ ထွက်သက်ဝင်သက် ရှူရှိုက်တတ်ရုံမျှဖြင့် အချိန်အခါတွေကုန်နေသူ
- အကောင်းအဆိုး အကြောင်းအကျိုး အရိုးအဆန်း ကုသိုလ်မှန်း-အကုသိုလ်မှန်းမသိဘဲ ထင်မိထင်ရာ ဗဟုသုတနည်းပါးစွာနှင့် ကိုယ်ကျင့်တရားမပြည့်စုံသူ
- လောကီ လောကုတ္တရာအကျင့်နှစ်ပါးကိုရအောင် အားမထုတ်နိုင်ဘဲ နှစ်ဖက်ကန်းနှင့်တူသောသူ
- လောကီအကျိုးတစ်ခုသာရအောင် အားထုတ်နိုင်သ ဖြင့် တစ်ဖက်ကန်းနှင့်တူသောသူ
- ဒုစရိုက်ဆယ်ပါးပြုကျင့်နေသောသူ

ဤသို့သောအကျင့်ရှိသူများကို လူမိုက်လို့ခေါ်တယ် သမီး၊ ပြီးတော့ လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်တွေမှာ လက္ခဏာသုံးပါး တယ်၊ အဲဒါက ဘာလဲဆိုတော့-

- မကောင်းသောအမှုကိုပြုလေ့ရှိတယ်။
- မကောင်းသောစကားကိုဆိုလေ့ရှိတယ်။
- မကောင်းသောအကြံကိုကြံလေ့ရှိတယ်။

မကောင်းသောအမှုဆိုတာက-

- သူ့အသက်ကိုသတ်တယ်

- သူတစ်ပါးဥစ္စာကိုခိုးတယ်
- သူတစ်ပါးသားမယားကိုပြစ်မှားတတ်တယ်

မကောင်းသောစကားကိုဆိုတယ်ဆိုတာက-

- မဟုတ်မမှန်ပြောဆိုတယ်
- သူနှစ်ဦးကွဲအောင် ကုန်းတိုက်စကားဆိုတတ်တယ်
- ကြမ်းတမ်းသောစကားပြောတတ်တယ်
- အချိန်ကုန်စေတဲ့ မဟုတ်တမ်းတရားတွေပြောတတ်တယ်။

ဖေဖေတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေမှာက ဗုဒ္ဓက သင်ကြားပေးတဲ့ယဉ်ကျေးမှုဓလေ့တွေရှိခဲ့တယ်၊ အဲဒီအထဲမှာ ဆရာ့ကျင့်ဝတ်ဆိုတာလည်း တစ်ခုအပါအဝင်ပေါ့သမီး။

ဆရာ့ကျင့်ဝတ်က-

" အတတ်လည်းသင် ပဲ့ပြင်ဆုံးမ
သိပ္ပမချန် ဘေးရန်ဆီးတား
သင့်ရာအပ်ဖို့ ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ"တဲ့

အဲဒီယဉ်ကျေးမှုနှင့်အညီ လက်ဦးဆရာဖြစ်တဲ့ ဖေဖေမေမေတို့က သမီးလေး စကားစပြီးသင်စအရွယ်ကတည်းက ဘယ်လိုနေ ဘယ်လိုပြော ဘယ်လိုဝတ် ဘယ်လိုစား ဘယ်လိုထိုင်

ဘယ်လိုဆက်ဆံဆိုတာ သင်ကြားပေးခဲ့ကြ၊ ဆုံးမပဲ့ပြင်ပေးခဲ့ကြတယ်။

မွေးစအရွယ်ကစပြီး ယခုကျောင်းနေဖို့အရွယ်အထိ ခလုတ်မထိ ဆူးမငြိ ဘေးမသီရန်မခရလေအောင် ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြတယ်။

ဖေဖေ မေမေတို့သမီးငယ်တစ်ယောက် တတ်သင့်တတ်အပ်တဲ့ယဉ်ကျေးလိမ္မာအဖြာဖြာကိုသင်ပေးခဲ့ကြပြီ၊ ယခု သင့်ရာအပ်ဖို့ဆိုတဲ့ကျင့်ဝတ်နှင့်အညီ သမီးကိုအဆင့်မြင့်ပညာတွေ လူမှုဆက်ဆံရေးတွေတတ်မြောက်အောင် ကျောင်းကိုပို့ရတော့မယ်။

သမီးကလေးကျောင်းရောက်လျှင် ပထဦးစွာတွေ့ရမှာက ပတ်ဝန်းကျင်ဆိုတဲ့သမီးအပေါင်းအသင်းသူငယ်ချင်းတွေပဲ ပြီးတော့သမီးကိုသင်ကြားပြသမည့် ဆရာ-ဆရာမတွေပဲသမီး။

သမီးဟာ ယခုကျောင်းနေစအရွယ်ကစပြီး တက္ကသိုလ်ပညာသင်ယူရသည်အထိ ဤပညာသည်ကာလတစ်လျှောက်မှာ အပေါင်းအသင်းသူငယ်ချင်းများစွာနှင့်တွေ့ဆုံရမယ်၊ ရင်းနှီးရမယ်၊ ဆက်ဆံရမယ်။

အဲဒီအချိန်ကာလမှာ သမီးဘဝမပျက်စီးဖို့နဲ့ ရည်မှန်းချက်ပန်းတိုင်မပျက်စီးဖို့ ရည်မှန်းချက်ပန်းတိုင်ရောက်အောင်မြင်ဖို့အတွက်-

- လူမိုက်ကိုမပေါင်းမိဖို့နဲ့
- သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းပေါင်းမိဖို့
- ဆရာကောင်း၊သမားကောင်းနဲ့တွေ့ဖို့လိုအပ်တယ်သမီး

လူမိုက်ဆိုတဲ့သူဟာ မကောင်းတာကို ကိုယ်တိုင်လည်း လုပ်တယ်၊ အပေါင်းအသင်းလည်းဆွယ်တတ်တယ်၊ အရက်သောက်၊ ဘိန်းရှူတတ်သူဟာ ကိုယ်တိုင်လည်းအရက်သောက်ပြီး သူများကိုလည်းသောက်အောင်ဆွယ်တတ်ဟောတတ်တာ လောကမှာ သမီးတွေ့ရမှာပဲ။

သမီးအသိပါ ဖေဖေဟို့ရပ်ကွက်က မောင်မြင့်ကြည်ကို ကြည့်လေ မိဘက အထိုက်အလျောက်ချမ်းသာတယ်၊ မြို့ထဲကျောင်းမှာထားတယ်၊ မြို့ထဲကအပေါင်းအသင်းမကောင်းတာတွေနဲ့တွေ့ပြီး မူးယစ်ဆေးဝါးစွဲတယ်၊ ကိုယ်ကိုဆေးထိုးရင်းအိမ်ဘေးကဂိုဒေါင်ထဲမှာသေသွားရတာ၊ အဲဒါ လူမိုက်နဲ့ပေါင်းသင်းမိခဲ့တဲ့အကျိုးပေါ့သမီး။

မိုက်တဲ့လူထဲမှာလည်း မိမိကိုယ်ကိုမိုက်မှန်းသိသူဟာ တော်တယ်၊ မိမိမိုက်နေတာကိုမိုက်မှန်းမသိ ငါလူတော်လူကောင်းလို့ထင်မြင်နေတဲ့လူမိုက်ကပိုဆိုးတယ်သမီး။

ပြီးတော့ လူမိုက်ဟာ မိမိပြုလုပ်တဲ့မကောင်းမှုကြောင့် မိမိမှာ အပြစ်ဒဏ်ရလာလျှင် ဤမကောင်းကျိုးဟာ ဘေးကလူက

လုပ်လို့ဖြစ်ရတာထင်ပြီး ထင်တဲ့လူကိုစော်ကားမော်ကားပြုပြန်တယ်၊ မကောင်းမှုအကုသိုလ်ထပ်မံပွားတာပေါ့။

ဖေဖေတို့အိမ်ဘေးက အရက်ပုန်းရောင်းတဲ့ ကိုဝင်းကြည်တို့လို အစိုးရစက်ရုံကပစ္စည်းခိုးထုတ်နေတဲ့ ကိုမြလှိုင်တို့လိုပေါ့။

ကိုယ်တိုင်က မကောင်းမှုတွေပြုလုပ်နေတယ်၊ သက်ဆိုင်ရာက သိလို့လာဖမ်းတော့ ဘယ်ကောင်ကတိုင်လို့ ဘာညာအပြစ်ပြောပြီး ဆဲရေးတိုင်းထွာပြောတယ်၊ မင်းပြစ်မင်းဒဏ်ထပ်မံခံရတယ်။

အဲဒီလူမိုက်မျိုးကလည်း လောကမှာရှိတတ်လေတော့ ပညာသည်ဘဝတစ်လျှောက်မှာ သမီးဒီလူမိုက်တွေကိုလည်း ရှောင်ရပါမယ်သမီး။

လူမိုက်နှင့်ပတ်သက်လို့ ကျမ်းဂန်ပညာရှိတွေရဲ့အဆိုအမိန့်တွေကို သမီးသိရှိနားလည်နိုင်ရန် ဖေဖေပြောပြဦးမယ်။

တေရသကနိပါတ် အကိတ္တိဇာတ်မှာ အကိတ္တိရသေ့ကြီးကပြောတယ်-

"လူမိုက်သည် ပျက်စီးခြင်းသို့ဆောင်တတ်၏
မပွားစေအပ်သောအရာ၌ အမြဲယှဉ်တတ်၏
မြင်သောအားဖြင့်သိနိုင်ခဲ၏
ကောင်းစွာဆိုဆုံးမအပ်သော်လည်း အမျက်ထွက်တတ်၏။

လူကျင့်ဝတ် လူစည်းကမ်းကို လူမိုက်သည်မသိ
ထိုလူမိုက်ကို မမြင်ရခြင်းသည်ကောင်း၏တဲ့"
ပြီးတော့- လူမိုက်ကိုမမြင်ရလို
-လူမိုက်အသံကိုမကြားရလို
-လူမိုက်နှင့်အတူတကွမနေရလို
-လူမိုက်နှင့်အဖန်တလဲလဲစကားပြောဆိုခြင်း
ကိုလည်း မပြုရစေလို
-လူမိုက်နှင့်စကားပြောဆိုရခြင်းကိုမနှစ်သက်
လိုလို့ ဆုတောင်းသွားတယ်။

လူဆိုး၊ လူသွမ်း၊ လူသရမ်းတို့သည် သူတော်ကောင်းကို ရန်သူပင်မဟုတ်သော်လည်း အကြောင်းမရှိဘဲ ရန်သူကြီးဟု မှတ်ထင်၏။

မုဆိုးသည် သမင်ကိုရန်သူမဟုတ်ဘဲလျက် အကြောင်းမရှိဘဲ ရန်သူဟူ၍ထင်၏။

တံငါတို့သည် ငါးကိုရန်သူမဟုတ်ဘဲလျက် အကြောင်းမရှိဘဲ ရန်သူဟုထင်၏။

မြွေဟာ အရေဟောင်းကိုစွန့်သလို ထိုးထွင်းသောဉာဏ်ဖြင့် စီမံပြုလုပ်သောအလုပ်မရှိ၊ ကောင်းဆိုးယုတ်မြတ်သိတတ်သောဉာဏ်မရှိသောသူယုတ်နဲ့တိုင်ပင်သူဟာ ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာတို့ တဖြည်းဖြည်းဆုတ်ယုတ်ရတယ်တဲ့။

သူတသောမဇာတ်မှာလည်း လူယုတ်မာနှင့်ပေါင်းဖော်မှုဟာ လဆုတ်ရက်ကို ရှိတဲ့လလိုပဲတဲ့။

အင်္ဂုတ္တိုရ်မှာကတော့ ခပ်သိမ်းသောသတ္တဝါတို့မှာ ဘေးဥပါဒ်ဖြစ်ခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ခြင်းတို့သည် လူမိုက်နှင့်ပေါင်းဖော်ခြင်းကြောင့်သာ ဖြစ်ရတတ်တယ်တဲ့။

လူမိုက်နဲ့ဝေးဝေးရှောင်ရတယ်၊ မရှောင်ကြဉ်နိုင်လျှင် လောကီ လောကုတ္တရာနစ်မွန်းတတ်တယ်တဲ့။

ဓမ္မပဒ သုခဝဂ်မှာလည်း လူမိုက်နှင့်နှစ်ရှည်လများကျင့်ဆောင်ပေါင်းသင်းနေသူသည် ကာလရှည်စွာစိုးရိမ်နေရသကဲ့သို့ ရန်သူနှင့်ပေါင်းဖော်ခြင်းသည် အခါခပ်သိမ်းဆင်းရဲသကဲ့သို့ လူမိုက်နှင့်ပေါင်းဖော်ခြင်းသည် ဆင်းရဲ၏တဲ့။

နဝကနိပါတ်ဟလိဒ္ဒိရာဇဇာတ်မှာ ဘုရားလောင်းကသားတို့မှာကြားတဲ့ မပေါင်းသင်းအပ်တဲ့သူမိုက်ဆိုတာလည်း ရှိတယ်၊ အဲဒါတွေကတော့-

နနွင်းရည်ဆိုးသကဲ့သို့ မမြဲသောစိတ်ရှိသူ
ရာဂစိတ်ဖြင့် ချစ်လွယ်မုန်းလွယ်စိတ်ရှိသူ
မျောက်ကဲ့သို့လျှပ်ပေါ် တုန်လှုပ်သောစိတ်ရှိသူ
လျှင်သောအဆိပ်ရှိသည့်မြွေကဲ့သို့ဒေါသအမျက်
ထွက်သူ

မစင်လိမ်းကျံသောခရီးလမ်းမနှင့်တူသည့် မသန့်ရှင်းသူများနှင့်မပေါင်းဖော်ပါနဲ့တဲ့။

လောကသာရပျို့မှာလည်း-

" ပညာမျက်စိ၊ မြင်မရှိ၍၊ အသိတရားအယူမှားလျက် စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍၊ အမြဲခွာရှင်း၊ ဖဲကြဉ်မင်း "

လို့ ဆုံးမထားတယ်သမီး။

လူမိုက်နှင့်ပေါင်းဖော်မိခြင်းကြောင့် ပျက်စီးရတဲ့အဇာတသတ်မင်း၊ သတ္တိကုမ္ဗကျေးညီနောင်အကြောင်း၊ ဒမိဝါဟနမင်းကြီးစိုက်ပျိုးထားတဲ့သစ်ပင်ဟာ တမာပင်နှင့်ရောယှက်ပေါက်လို့ သရက်သီးခါးသွားရတဲ့ဇာတ်ဝတ္ထုတွေကြီးတော့သမီးသိရမှာပါ။

ဖေဖေတို့ မြန်မာရာဇဝင်မှာ စာပေမှာထင်ရှားခဲ့တဲ့နတ်သျှင်နောင်မင်းတရား၊ ဒုတိယမြန်မာနိုင်ငံကြီးကို ထူထောင်ခဲ့တဲ့ တပင်ရွှေထီးဆိုတဲ့ဘုရင်မင်းတရားဟာ အရွယ်ငယ်စဉ်မှာ လူမိုက်နှင့်ပေါင်းဖက်မိလို့ အသက်ပါဆုံးရှုံးသွားရတာ သမီးကြီးလာတော့လေ့လာဖတ်ကြည့်ပေါ့။

လူမိုက်ကိုပေါင်းဖော်မှုဟာ လူသားမဆိုထားနဲ့၊ အဟိတ်တိရစ္ဆာန်ကျေးငှက်တောင် အမူအရာအသွင်အပြင် အပြော

အဆိုတွေပြောင်းလဲသွားတတ်တယ်ဆိုတာ သမီးတို့ ကျေးညီနောင် အကြောင်းကြားဖူးကြမှာပေါ့။

အဲဒီဇာတ်လမ်းလေးကို ဖေဖေပြောပြမယ်၊ သမီးသေသေချာချာမှတ်ထားပြီး စဉ်းစားကြည့်နော်. . .။

လွန်လေပြီးသောအခါက တောင်တန်းတစ်ခုရှိ လက်ပံတောမှာ ကျေးငယ်ညီနောင်နေကြတယ်။

အဲဒီတောင်တန်းနဲ့မနီးမဝေးပဲ လေညာအရပ်မှာ ခိုးသားငါးရာနေပြီး လေကြေအရပ်မှာတော့ ရသေ့ငါးရာနေကြသတဲ့။

တစ်နေ့ လက်ပံတောကိုလေပြင်းတိုက်ခတ်သတဲ့၊ အဲဒီအခါမှာ အတောင်ပေါက်ခါစဖြစ်တဲ့ ကျေးငယ်ညီနောင်ဟာ လေဒဏ်ကြောင့် လေသယ်ရာနောက် တကွဲတပြားစီပါသွားကြသတဲ့။

ကျေးငယ်တစ်ကောင်က ခိုးသားတို့ရွာရှိ လက်နက်ပုံအကြား၌သွားရောက်ကျပြီး ခိုးသားတွေကကောက်ယူမွေးစားထားသတဲ့၊ ကျေးသားအမည်ကိုလည်း သတ္တိဂုမ္ဘလို့အမည်ပေးပြီး ကောင်းစွာကျွေးမွေးပြုစုထားတယ်။

ကျေးငယ်တစ်ကောင်ကတော့ ရသေ့တို့နေထိုင်ရာကျောင်းသင်ခန်း၊ ပန်းခြုံပန်းရုံတွေကြားမှာကျရောက်သတဲ့၊ သူ့ကိုလည်း ရသေ့တွေက ကောက်ယူမွေးစားပြီး ပန်းခြုံကရတာမို့ ပုပ္ဖကလို့အမည်ပေးပြီး ကောင်းစွာကျွေးမွေးပြုစုထားသတဲ့။

သတ္တိဂုမ္ဗကျေးသားလေးဟာ ခိုးသားငါးရာနှင့်ပေါင်းဖော်ကြီးပြင်းလာခဲ့ရသည့်အတွက် ခိုးသူတို့ရဲ့မကောင်းတဲ့စရိုက်အကျင့်အမူအရာတွေရနေတယ်၊ ပုပ္ဖကတော့ ရသေ့တွေနဲ့နေရသည့်အတွက် ရသေ့တို့ရဲ့ ယဉ်ကျေးတဲ့အမူအရာအကျင့်တွေရနေသတဲ့။

တစ်နေ့မှာတော့ ဥတ္တရပဉ္စာလ ပြည့်ရှင်ဘုရင်ဟာနောက်လိုက်နောက်ပါတွေနဲ့အတူ တောကစားထွက်ကြတယ်။

တောရောက်တော့ တောကောင်လွတ်ထွက်မသွားအောင် နေရာအသီးသီးကတာဝန်ယူစောင့်ရှောက်စေသတဲ့၊ ကိုယ့်တာက သားကောင်လွတ်သွားရင် အဲဒီသားကောင်ကို မရ-ရအောင်လိုက်ဖမ်းရမယ်လို့ မင်းကြီးက အမိန့်ချမှတ်ထားတယ်၊ ပြီးတော့ ခြုံပုတ်အသီးသီးကစောင့်နေကြတယ်။

တောအုပ်ကိုဝိုင်းပြီးတောချောက်ကြတော့ တောအုပ်ထဲမှာရှိတဲ့သမင်တစ်ကောင်ဟာကြောက်လန့်ပြီး မင်းကြီးကိုယ်တိုင်တာဝန်ယူတဲ့နေရာကနေ ပြေးထွက်လွတ်မြောက်သွားသတဲ့။

ပါလာကြတဲ့မှူးမတ်ပရိသတ်က ရွှေသမင်ဘယ်ကထွက်မင်းကြီးတာကထွက်လို့ ပြက်ရယ်ပြုကြတယ်။

အဲဒီအခါမှာ မင်းကြီးလည်း မခံမရပ်နိုင်ဖြစ်ပြီး ရထားထိန်းကိုခေါ်ကာ မြင်းကသောရထားဖြင့် သမင်နောက်သို့လိုက်သတဲ့၊ သမင်ငယ်ကလည်း အသက်ဘေးမှကြောက်လန့်ပြီး လျင်

မြန်သောအဟုန်ဖြင့် ခြုံကိုလွှားခုန်၍ပြေးသည်၊ အောက်ကို ဆင်း ပြေးသည်၊ ကုန်းကိုတက်၍ပြေးသည်။

မင်းကြီးလည်း သမင်ကိုရလိုဇောဖြင့်လိုက်သည်၊ သမင် ကိုမမိဘူး၊ အဲဒီလိုလိုက်ရင်နဲ့ ခိုးသူတို့ရွာအနီးရှိ စမ်းချောင်းက လေးတစ်ခုသို့ရောက်သွားတယ်။

မင်းကြီးလည်း မောကလည်းမော၊ ပန်းကလည်းပန်းသ ဖြင့် စမ်းချောင်းလေးမှာရေမိုးချိုးပြီး သစ်ပင်တစ်ပင်အောက်မှာ ခဏနားအိပ်စက်တယ်။

ခိုးသူတို့လည်း မင်းကြီးရဲ့နှင်ရထားထိန်းတို့ကိုမြင်သော အခါ ကြောက်လန့်ကြပြီး တောသို့ထွက်ပြေးပုန်းရှောင်နေကြ သတဲ့၊ ရွာထဲမှာ ထမင်းချက်ခိုးသားနှင့် သတ္တိဂုမ္ဘာကျေးသားလေး သာကျန်ရစ်ခဲ့သတဲ့။

ထိုခဏ ရွာမှထွက်လာသော သတ္တိဂုမ္ဘာကျေးသားလေး ဟာသစ်ပင်အောက်မှာအိပ်နေသော မင်းကြီးနှင့်မင်းကြီးဝတ်ထား သောအဖိုးတန်အဝတ်အစား၊ ရွှေ၊ ငွေရတနာတို့ကိုမြင်တွေ့ပြီး-

"အဝတ်တန်ဆာတို့ကို ချွတ်ယူကြကုန်စို့၊ ပတ္တမြားနား ထောင်းတို့ကိုချွတ်ကြစို့၊ ငါတို့လုယက်ပြီး နှစ်ယောက်စလုံးကို သတ်ပြီး သစ်ရွက်ဖြင့်ဖုံးအုပ်ထားကြစို့"

ဆိုပြီး ထမင်းချက်သမားကို ကျယ်လောင်သောအသံဖြင့် ပြော ကြားတယ်။

မင်းကြီးလည်း အိပ်ရာကနိုးလာပြီး ဤပတ်ဝန်းကျင်သည် အန္တရာယ်ရှိသောနေရာဖြစ်မည် ဟုစဉ်းစားပြီး ရထားထိန်းကိုခေါ်ကာ အပြင်ထွက်ခွာလာခဲ့တယ်။

အဲဒီအခါမှာလည်း ကျေးသားငယ်က ခိုးသားတို့ မင်းထွက်ပြေးပြီ၊ အသက်ရှင်လျက်မလွတ်စေနဲ့၊ ဓားလှံလေးမြားတို့ကိုကိုင်၍ပစ်ကြပါလား၊ ဖမ်းကြပါလားလို့ ဟစ်ကြွေးပြန်တယ်။

မင်းကြီးလည်း ရထားကိုအပြင်းမောင်းနှင်ခဲ့ရတယ်၊ အဲဒီလိုနှင်မောင်းလာရင်း ရသေ့သူတော်ကောင်းတို့နေရာအရပ်သို့ရောက်သွားတယ်။

ရသေ့သူတော်ကောင်းတို့မွေးထားသောကျေးသားပုဗ္ဗကတော့ ရသေ့သူတော်စင်တို့၏ သိမ်မွေ့နူးညံ့သောအပြုအမူ၊ အပြောအဆိုတို့ကို လေ့ကျင့်ရထားသူပီပီ ကျောင်းဘက်သို့ရောက်လာသောမင်းကြီးကိုမြင်လျှင်-

"အရှင်မင်းကြီး. . . ကြွတော်မူပါ၊ အရှင်မင်းကြီးလာခြင်းကား ကောင်းသောလာခြင်းဖြစ်ပါတယ်၊ အပြစ်ကင်းသောလာခြင်းဖြစ်ပါတယ်၊ ဤအရပ်ကြွလာသောအရှင်မင်းကြီးသည်အလိုရှိရာမိန့်တော်မူပါ၊ ပျားရည်အရသာရှိသောသစ်သီးတို့ကိုသုံးဆောင်ပါ၊ အေးမြသောရေကိုသောက်ပါ၊ အရှင်မင်းကြီးလိုရာကိုဆောင်ယူ၍သုံးဆောင်ပါ "လို့ ယဉ်ယဉ်ကျေးကျေးချိုချိုသာသာစကားဖြင့်ဖိတ်ကြားသတဲ့။

မင်းကြီးလည်း ဤကျေးသား၏ယဉ်ကျေးသောစကားကို ကြားရတော့ ယခင်ကြမ်းကြုတ်သောစကားကိုပြောသောကျေးသားကိုသတိရသတဲ့။

"ဤကျေးသားက လောကွတ်ကောင်းလှ၏၊ စကားအရာလည်းချိုသာလှ၏၊ ယခင် ကျေးသားကမူ လုပ၊ ယက်ပ၊ သတ်ပါနှင့် ကြမ်းတမ်းလှ၏" လို့ ဆိုမြည်သတဲ့။

အဲဒီအခါမှာ ပုပ္ဖက ကျေးသားထိုကျေးသားမှာ သူညီငယ်ဖြစ်ကြောင်းနှင့်ကွဲကွာပုံအကြောင်းစုံကိုပြောပြသတဲ့၊ ပြီးတော့ ကျေးသားက မင်းကြီးကိုဆက်လက်ပြောဟောသတဲ့။

"အရှင်မင်းကြီး. . . ငါးပုတ်ကိုစွဲချည်သော သမန်မြက်ထွင် ငါးပုပ်နံ့စွဲသကဲ့သို့ ခိုးသားများနှင့်ပေါင်းဖော်ကြီးပြင်းရသော သတ္တိဂုမ္ဘာ၌ညစ်ညမ်းသောကြမ်းကြုတ်သောအမူအရာစွဲပါတယ်၊ အရှင်မင်းကြီး တောင်ဇလပ်ပန်းကိုထုတ်သောအဝတ်၌ တောင်ဇလပ်အမွှေးနံ့သာစွဲသကဲ့သို့ သူတော်စင်ရသေ့တို့နှင့်ပေါင်းဖော်ရသောအကျွန်ုပ်၌ သူတော်စင်တို့၏ဖြူစင်သောအမူအရာကိုစွဲပါသည်၊ အရှင်မင်းကြီး တစ်စုံတစ်ဦး၏အမူအကျင့်အပြောအဆိုအကြံအစည်တို့သည် မိမိ၏အပေါင်းအဖော်ကိုလိုက်၍ ပေါ်ပေါက်သည်သာဖြစ်ပါတယ်-လို့ပြောကြားတော့ မင်းကြီးလည်း အလွန်နှစ်သက်သဘောကျသွားသတဲ့ "

အဲဒီဇာတ်လမ်းဟာ ဝိသတိနိပါတ်သတ္တိဂုမ္ဘဇာတ်တော် မှာပါတဲ့ဇာတ်လမ်းပါပဲသမီး။

ဒီဇာတ်လမ်းလေးကိုကြည့်တာနဲ့ လူယုတ်မာနှင့်ပေါင်းသူဟာ ဘယ်လိုအမူအကျင့်ရှိတယ်၊ သူတော်ကောင်းနှင့်ပေါင်းသူဟာ ဘယ်လိုအပြောအဆိုပြု အမူအကျင့်ရှိတယ်ဆိုတာ သိသာပါတယ်သမီး၊ မြန်မာမှာလည်း စကားပုံရှိတယ်မဟုတ်လား-

"တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုတာ။

အဲဒီတော့ တိရစ္ဆာန်ကျေးသားလေးသည်ပင် လူမိုက်နှင့်ပေါင်းတော့ လူမိုက်အမူအကျင့်တွေရလာတယ်၊ အသိဉာဏ်ရှိတဲ့လူဆိုရင်တော့ ဒီထက်ပိုဆိုးမှာပေါ့သမီး။

ဒါကြောင့် ***လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနှင့် ကင်းအောင်နေ*** လို့ မင်္ဂလာတရားမှာ ဘုရားရှင်က လမ်းညွှန်ဟောကြားခဲ့တာပေါ့ သမီး။

ယခု ဖေဖေက သမီးကိုလူမိုက်အကြောင်းပြောပြပြီးပြီ နော်၊ သမီးကျောင်းနေရင် တွေ့ရမှာက သူငယ်ချင်းအပေါင်းအသင်းလို့ခေါ်တဲ့မိတ်ဆွေပဲသမီး။

ဒီလိုမိတ်ဆွေနှင့်ပတ်သက်လို့လည်း မိတ်ဆွေအမျိုးအစားတွေကို သမီးလေးသိထားသင့်ပါတယ်၊ ဒီလိုသိထားမှလည်း သမီးဘဝတစ်လျှောက်ပေါင်းသင်းထိုက်တဲ့မိတ်ဆွေ၊ မပေါင်းသင်းထိုက်တဲ့မိတ်ဆွေဆိုတာကို ခွဲခြားသိပါမယ်။

ပြီးတော့ လောကမှာရှိတာက စိတ်ပေါင်းကိုယ်ခွာ၊ ကိုယ်ပေါင်းစိတ်ခွာတဲ့၊ မိတ်ဆွေတစ်ယောက်ကို စိတ်ထဲကသာပေါင်းသင်း ဆက်ဆံမှုထားပြီး ကိုယ်နှင့်ရင်းရင်းနှီးနှီးဆက်ဆံမှုကိုတော့ အဝေးကနေပြီးဆက်ဆံရတယ်၊ တစ်ချို့မိတ်ဆွေတွေကျတော့ ကိုယ်ကဟန်ဆောင်ပေါင်းရပြီး စိတ်က ခပ်ခွာခွာနေရတာလည်း ရှိတယ် သမီးရဲ့။

လောက လူ့သဘော လူမနောဆိုတာ လူအမျိုးမျိုး စိတ်အထွေထွေဆိုတယ်မဟုတ်လားသမီး။

ဘုရားရှင်ကကော မိတ်ဆွေနှင့်ပတ်သက်လို့ ပထမမိတ်ဆွေလေးမျိုးကိုဟောပြောပြတယ်၊ အဲဒီမိတ်ဆွေလေးမျိုးကိုသိထားပြီး ရှောင်ရင်ကောင်းတယ်။

အဲဒီမိတ်ဆွေလေးမျိုးက ဘာတွေလဲဆိုတော့-

မိမိကရရင် ရသလောက်ယူတယ်၊ သူငယ်ချင်းရယ်၊ မိတ်ဆွေရယ်လို့ ဟန်ဆောင်ပေါင်းပြီးတော့နေတယ်၊ ကိုယ်ကပေးဖို့မကြံဘူး၊ ရမဲ့ဘက်ကချည်း ကြံစည်နေတတ်တဲ့မိတ်ဆွေမျိုးတဲ့သမီး။

အဲဒီမိတ်ဆွေမျိုးဟာ ကိုယ်ရဖို့အတွက်ပဲကြည့်ပြီး ပေါင်းတယ်၊ ကိုယ်ကပေးဖို့အလှည့်ကျတော့ အနည်းငယ်သာပေးတယ်၊ သူတစ်ပါးထံကတော့ အများကြီးယူချင်တယ်၊ ကိုယ့်ဘက်က ဘေးတွေလာမှသူများထံသွားရောက်ကူညီလုပ်ပေးတတ်တယ်၊ ကိုယ့်

အကျိုးကိုမျှော်ပြီး သူတစ်ပါးထံချဉ်းကပ်သွားတတ်တယ်၊ အဲဒါတွေဟာ မိတ်ဆွေတု မိတ်ဆွေယောင်တွေပဲသမီး။

ပြီးတော့ နောက်မိတ်ဆွေတုတစ်မျိုးရှိသေးတယ်၊ ပါးစပ်ကသာပေးတယ်၊ ပါးစပ်ကကူညီတယ်၊ လက်တွေ့ကျတော့ ဘာမျှမပါတဲ့မိတ်ဆွေမျိုးတဲ့။

ဒီမိတ်ဆွေမျိုးကိုလည်းမပေါင်းရဘူးသမီး၊ အဲဒီမိတ်ဆွေရဲ့သဘောသဘာဝက ဒီလိုရှိတယ်လို့ဘုရားရှင်ကဟောကြားခဲ့တယ်သမီး-

အတိတ်ကကူညီခဲ့တာတွေကို မစားရဝမခန်းပြန်ပြောပြီး အတိတ်ကရှိခဲ့တာ ကူညီခဲ့တာသာပြောပြီး ယခုတော့မကူညီတော့ဘူး။

နောင်အခါကျရင် ငါက မင်းကိုဘယ်လိုကူညီလိုက်ဦးမယ်လို့ သွားရည်ကျလောက်အောင် မစားရ ဝမခန်းပြောမယ် ပြီးတော့ ရှောင်နေတတ်တဲ့မိတ်ဆွေမျိုး။

ပစ္စုပ္ပန်လက်တွေ့ နဖူးတွေ့-ဒူးတွေ့တွေ့တော့လည်း ဘာမှမကူညီအကျိုးမရှိသောစကားတွေနဲ့ ချီးမွမ်းပြောတတ်တဲ့ မိတ်ဆွေ။

ယခု ငါ့မှာကိစ္စအရေးကြီးနေပါပြီ၊ ကူညီပါဆိုတော့ ငါ မင်းကိုကူညီချင်ပါတယ်ကွာ၊ ဒါပေမယ့် ငါ့မှာအမျိုးသမီးကနေ

မကောင်းလို့၊ ငွေရေးကြေးရေးတွေက အကုန်အကျများနေလို့ ဒီတစ်ခါတော့ သည်းခံပါဦး လို့လိမ်ညာပြောတတ်တဲ့မိတ်ဆွေ။

အဲဒီလိုနှုတ်သဘောသာရှိတဲ့မိတ်ဆွေယုတ်တွေဟာ သမီးဘဝတစ်သက်မှာ မပေါင်းသင်းအပ်တဲ့မိတ်ဆွေတု မိတ်ဆွေယောင်တွေလို့ သမီးသိထားရပါမယ်သမီး။

ကဲ. . . နောက်မိတ်ဆွေတုတစ်မျိုးကတော့ ကောင်းကောင်း၊ မကောင်းမကောင်း အကြိုက်လိုက်ပြော၊ အကြိုက်လိုက်ပေးတတ်တဲ့မိတ်ဆွေမျိုးပဲသမီး။

အဲဒီမိတ်ဆွေရဲ့သဘောသဘာဝက ဒီလိုရှိတယ်သမီး၊ ကောင်းတာတိုင်ပင်ရင်လည်း အလိုလိုက်အကြိုက်ဆောင်ရွက်ပြောတယ်၊ လုပ်တယ်၊ မကောင်းတာပြောဆိုတိုင်ပင်ရင်လည်း အကုန်လုံးအကြိုက်လိုက်ပြီးပြောတယ်၊ ဆောင်ရွက်တယ်။

လူချင်းဆုံမိတဲ့အခါကျတော့ ကောင်းသတင်းပြောတတ်တယ်၊ ကွယ်ရာကျတော့ မကောင်းသတင်းအတင်းပြောတတ်တယ်၊ အဲဒီလိုသဘောရှိတဲ့မိတ်ဆွေမျိုးကိုလည်း မပေါင်းရဘူးသမီးရဲ့။

နောက်မိတ်ဆွေတစ်မျိုးကတော့ ပျက်စီးမှုနှင့်ပတ်သက်လာရင် မတော်တာလုပ်ဖို့ဆိုရင် အမြဲ အကူအညီရတတ်တယ်၊ ကြီးပွားတိုးတက်မှုရဖို့ ကုသိုလ်ရဖို့လုပ်ရင်တော့ အမြဲရှောင်နေတတ်တဲ့ မိတ်ဆွေယုတ်မျိုးပဲ။

အဲဒီမိတ်ဆွေယုတ်သဘောကတော့-

မကောင်းမှုအရက်သောက်သွားမယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာသဘောတူလိုက်တယ်။

- ညဥ့်နက်သန်းကောင် လည်မယ်၊ ပတ်မယ်ဆိုရင် လိုက်တတ်တယ်
- ပွဲလမ်းသဘင်သွားမယ်ဆိုရင် လိုက်တယ်၊ ပွဲကြည့်တယ်
- လောင်းကစားပွဲသွားမယ်ဆိုရင်လိုက်တယ်၊ ကစားတယ်

အဲဒီမိတ်ဆွေမျိုးဟာလည်း ဘဝတစ်လျှောက်မှာ မပေါင်းအပ်တဲ့မိတ်ဆွေယုတ်ပဲသမီး။

ဘုရားရှင်ကတော့ ဒီမိတ်ဆွေယုတ်တွေနှင့်ပတ်သက်လို့

- အဆိပ်ပြင်းထန်တဲ့မြွေဟောက်ကြီး ပါးပျဉ်းထောင်နေတာတွေ့ရင် အဝေးကရှောင်ကွင်းသလို
- မစင်တွေလိမ်းကျံပေရေပြီး နံစော်နေတဲ့လမ်းမကြီး အဝေးကရှောင်သလို
- ကျင်းချိုင့်တွေပေါတဲ့လမ်းမကြီးကို ရထားထိန်းကရှောင်သလို

မိတ်ဆွေယုတ်ကို အဝေးကရှောင်ရမယ်လို့ ဘုရားရှင်ကတောင် ဟောကြားခဲ့တယ်သမီး။

အဲဒါ သမီးမိတ်ဆွေယုတ်တွေရဲ့အမျိုးအစားသဘော သဘာဝကိုသိပြီး ဘုရားဟောသလိုရှောင်မှ သမီးဘဝတစ်လျှောက်လုံး ချမ်းသာမယ်ဆိုတာ သမီးစွဲမြဲစွာမှတ်ထားပေတော့ သမီး။

လောကမှာ မကောင်းလို့ရှောင်ရတဲ့ မိတ်ဆွေယုတ်တွေရှိသလို၊ ကောင်းပြီးဆောင်ရ၊ ပေါင်းသင်းဆက်ဆံရတဲ့မိတ်ဆွေကောင်းတွေလည်းရှိတယ်၊ ဒါလည်း လောကအလယ်မှာ ကြီးပွားချမ်းသာရေးအတွက် သမီးသိထားသင့်ပါတယ်။

နံပါတ်တစ်ကတော့ ကျေးဇူးများတဲ့စိတ်ကောင်းနှလုံးကောင်းရှိတဲ့မိတ်ဆွေတဲ့၊ အဲဒီမိတ်ဆွေရဲ့သဘောကတော့-

- မေ့လျော့ယစ်မူးနေတဲ့အခါ ကူညီစောင့်ရှောက်တတ်တယ်။
- မေ့လျော့သူရဲ့ပစ္စည်းတွေကိုလည်းစောင့်ထိန်းပေးတယ်
- ကြောက်ရွံ့ထိတ်လန့်နေရင် အားကိုးရာအဖြစ် ရှေ့ကရပ်တည်ပေးတယ်
- အကူအညီလိုလာရင် နှစ်ဆအကူအညီပေးတယ်

အဲဒီလိုကောင်းတဲ့အင်္ဂါလက္ခဏာသဘောတွေနဲ့ပြည့်စုံတဲ့မိတ်ဆွေကောင်းကို သမီးရှာပေါင်းရမယ်၊ ဆက်ဆံရမယ်။

နောက် မိတ်ဆွေကောင်းတစ်ယောက်ကတော့ အေးအတူပူအမျှ ချမ်းသာဆင်းရဲ မျှဝေခံစားတတ်တဲ့မိတ်ဆွေတဲ့။

အဲဒီမိတ်ဆွေရဲ့သဘောကတော့-

- လျှို့ဝှက်အပ်တဲ့အရာဝတ္ထုကိုဖွင့်ပြီးတော့ ရင်းရင်းနှီးနှီးတိုင်ပင်လို့ရတယ်။
- တိုင်ပင်တဲ့လျှို့ဝှက်ချက်ကို သစ္စာရှိရှိသိုသိပ်ပြီး ထားတတ်တယ်။
- ဘေးတွေလာရင် ရှောင်ဖယ်မသွားဘူး။
- မိတ်ဆွေအတွက်ဆိုက အသက်စွန့်ပြီးဆောင်ရွက်တတ်တယ်

အဲဒီလိုမိတ်ဆွေများဟာ ရာသက်ပန်ပေါင်းသင်းဆက်ဆံအပ်တဲ့မိတ်ဆွေတွေလို့ ဘုရားရှင်က ဟောကြားခဲ့တယ်သမီး။

နောက် မိတ်ဆွေကောင်းတစ်ယောက်ကတော့ အကျိုးစီးပွားရှိတာကို ညွှန်ကြားတယ်၊ ပြောကြားတယ်၊ အကျိုးစီးပွားမဲ့တာဆိုရင် ဘာမျှမပြောတဲ့မိတ်ဆွေမျိုးပဲသမီး။

အဲဒီမိတ်ဆွေရဲ့သဘောကတော့-

မကောင်းတဲ့အမှုတွေ ကိုယ့်မိတ်ဆွေလုပ်နေတာမြင်ရင် ပြတ်ပြတ်သားသားတားမြစ်တတ်တယ်။

- ကောင်းတာတွေကိုညွှန်ကြားပေးတတ်တယ်

- ငါ့မိတ်ဆွေ ဒါတွေမသိသေးဘူး၊ ဒါလေးတော့သိအောင်ပြောပြဦးမှ၊ ဒါလေးသိသွားရင် သူ့ဘဝသိပ်အကျိုးရှိမှာပဲလို့ဆိုပြီး မကြားဖူး၊ မသိဖူးတဲ့အရာတွေကို ပြောပြပေးတတ်တယ်။
- ကောင်းရာသုဂတိရောက်နိုင်တဲ့ခေါင်းစဉ်ကိုသာ ညွှန်ကြားပေးတတ်တယ်

အဲဒီလိုသဘောသဘာဝရှိတဲ့မိတ်ဆွေကိုလည်း ပေါင်းသင်းဆက်ဆံအပ်တဲ့မိတ်ဆွေလို့ ဘုရားရှင်ကဟောကြားထားတယ်သမီး။

နောက် မိတ်ဆွေကောင်းတစ်ယောက်ကတော့ အစဉ်သနားသဖြင့် စောင့်ရှောက်တတ်တဲ့မိတ်ဆွေကောင်းတဲ့သမီး။

အဲဒီမိတ်ဆွေရဲ့သဘောကတော့-

- မိတ်ဆွေရဲ့ပျက်စီးမှုကိုမလိုလား ဝမ်းမသာရဘူး၊ စိတ်ထိခိုက်တတ်တဲ့သဘောရှိတယ်။
- မိတ်ဆွေရဲ့ကြီးပွားတိုးတက်မှုကိုလိုလားတယ်၊ ဝမ်းသာတယ်
- မကောင်းသတင်းကို သူတကာကပြောတာကြားရင် ဝင်တားမြစ်ပေးတတ်တယ်
- မိတ်ဆွေရဲ့ကောင်းသတင်းကို သူတကာပြောလာရင် ကိုယ်ကလည်းပြောရဲရမယ်

အဲဒီလိုမိတ်ဆွေကောင်းတွေဟာ သမီးလူငယ်ဘဝကနေ သေတပန်သက်တဆုံးထိ ပေါင်းသင်းအပ်တဲ့မိတ်ဆွေတွေဖြစ်လို့ သမီးအဲဒီလိုမိတ်ကောင်းဆွေကောင်းတွေရအောင် ကြိုးစားရှာဖွေပြီး ပေါင်းသင်းဆက်ဆံရမယ်သမီး။

အဲဒီလိုမိတ်ဆွေယုတ်လေးမျိုးရှောင်၊ မိတ်ဆွေကောင်းလေးမျိုးကိုဆောင်ရင် ကလျာဏမိတ္တသမ္ပဒါ ဆိုတဲ့ မိတ်ဆွေကောင်းနှင့်ပြည့်စုံမှုရတာပဲသမီး။

မိတ်ဆွေကောင်းရတဲ့လူဟာ ငယ်ငယ်-လတ်လတ်-ကြီးကြီး လောကအလယ်ချမ်းသာတယ်၊ ကြီးပွားတယ်လို့ဆိုတယ်သမီး။

မိတ်ဆွေကောင်းကို ဘယ်လိုပေါင်းသင်းသင့်သလဲဆိုတာကိုလည်း ဘုရားရှင်ကဟောကြားထားခဲ့တယ်သမီးရဲ့။

"မိခင်သည် ရင်မှဖွားသောသားကို ကျကျနန ယုယုယယ ကျွေးမွေးပြုစုစောင့်ရှောက်သလို မိတ်ဆွေကောင်းလေးယောက်ကိုလည်း ရိုရိုသေသေချဉ်းကပ်ပါ၊ မှီဝဲဆည်းကပ်ပါတဲ့။

ပြီးတော့ မိတ်ဆွေယုတ်လေးမျိုးကိုရှောင်၊ မိတ်ဆွေကောင်းလေးယောက်ကိုပေါင်းမိတဲ့သူဟာ-

တောင်ထိပ်လောင်နေတဲ့တောမီးကို အဝေးကလှမ်းပြီးကြည့်ရင် တပြောင်ပြောင်တလက်လက်နှင့်ထွန်းပနေတာကိုမြင်

ရသလို မိတ်ဆွေကောင်းနဲ့ပေါင်းတဲ့သူဟာ အမြဲတမ်းလောက အလယ်မှာ ထွန်းလင်းတောက်ပြောင်နေတယ်တဲ့။

ပြီးတော့ မိတ်ဆွေကိုပေါင်းသင်းတဲ့နေရာမှာ ပျားပိတုန်း ပန်းဝတ်ရည်စုပ်ယူသကဲ့သို့ပေါင်းသင်းပါတဲ့။

ပျားပိတုန်းများဟာ ပန်းဝတ်ရည်ကိုစုပ်ယူတဲ့အခါမှာ ပန်းပွင့်လည်းမပျက်စီးဘူး၊ အနံ့လည်းမပြယ်ဘဲနဲ့ ပန်းဝတ်ရည် ကောင်းကောင်းကိုရအောင်စုပ်ယူသလို မိတ်ဆွေကိုပေါင်းသင်းတဲ့နေရာမှာလည်း မိမိမိတ်ဆွေရဲ့စီးပွားဥစ္စာကိုယ်ခန္ဓာမပျက်စီးစေရပါဘူး၊ ပန်းပွင့်ရဲ့ရနံ့မပျယ်သလို မိမိပေါင်းသင်းနေတဲ့မိတ်ဆွေရဲ့ဂုဏ်သတ္တိကိုလည်းမပျက်စီးစေရအောင် ပေါင်းသင်းရတယ်တဲ့။

ပြီးတော့ ကိုယ်ကမိတ်ဆွေကောင်းပေါင်းရသလို ကိုယ့်ဘက်ကလည်း မိတ်ဆွေကောင်းအင်္ဂါငါးချက်နှင့်ညီရမယ်သမီး၊ အဲဒီအင်္ဂါငါးချက်ကို ဘုရားရှင်က သိင်္ဂါလသတို့သားကို အရပ်ခြောက်မျက်နှာရှိခိုးရမည့်ကျင့်ဝတ်တရားတွေကိုဟောတော့ မြောက်အရပ်ရှိခိုးရမယ့်အရာက မိတ်ဆွေကျင့်ဝတ်ငါးပါးလို့ ဘုရားရှင်ကဟောတယ်။

အဲဒီကျင့်ဝတ်ငါးရပ်က သမီးကမိတ်ဆွေကောင်းရှာပြီး ပေါင်းသလို ကိုယ်ကလည်းမိတ်ဆွေကောင်းပီသစွာကျင့်ရမဲ့ ဝတ္တရားငါးပါးဖြစ်တယ်၊ ပထမက ပေးကမ်းစွန့်ကြဲပါတဲ့။

သူများထံကရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မျှော်လင့်ချက်မထားဘဲနဲ့ ကိုယ်ကပေးရမယ်၊ အဲဒီလိုမျှော်လင့်ချက်မထားဘဲပေးမှမိတ်ကောင်းလို့ခေါ်တယ်၊ မျှော်လင့်ချက်နှင့်ပေးတာကမိတ်ကောင်းအပြည့်မဖြစ်ဘူး၊ ဒါကြောင့် ကိုယ်ကပေးမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ပေးကမ်းခြင်းဖြင့်ကူညီရမယ်။

ဒုတိယက ချစ်ဖွယ်သောစကားပြောပါတဲ့။

သူငယ်ချင်းအချင်းချင်း ရင်းရင်းနှီးနှီးချိုချိုသာသာဆက်ဆံခြင်း၊ ပိယဝါစာ(ချစ်ဖွယ်စကား)ရှိရပါမယ်၊ နှုတ်ချိုရင် သျှိုတစ်ပါးတဲ့၊ သျှိုဆိုတာဘာလဲဆိုတော့ လောကီဆေးကျမ်းများကဆိုတဲ့ပိယ-ချစ်ခြင်းဆိုတဲ့သျှိုကိုပြောတာ နှုတ်ချိုရင် လောကမှာချစ်ဆေးတစ်ခွက်ပဲ၊ အဲဒါကြောင့် ချစ်ဖွယ်စကားနှင့်ဆက်ဆံကြရမယ်။

တတိယကတော့ သူ့အကျိုးကိုဆောင်ရွက်ပေးပါတဲ့၊ ကိုယ်မှာဘေးရောက်တဲ့အချိန်ကျမှ မိတ်ဆွေအတွက် သွားလုပ်ပေးတာမျိုးမဖြစ်စေရဘူး၊ ကိုယ်ဘေးတွေ့မှ ကိုယ်မိတ်ဆွေအကျိုးဆောင်ရွက်ရမယ်ဆိုရင် မိတ်ဆွေကောင်းမပီသဘူး၊ ဒါကြောင့်ကိုယ့်မိတ်ဆွေအကျိုးကို အချိန်အခါမရွေးဆောင်ရွက်ရမယ်ဆိုတဲ့မေတ္တာစေတနာဖြင့်အမြဲတမ်းမိတ်ဆွေအကျိုးကိုဆောင်ရွက်ရမယ်။

စတုတ္ထအချက်ကတော့ ကိုယ်နှင့်တန်းတူထားပြီးဆောင်ရွက်ပါတဲ့။

ဪ. . . ငါဆင်းရဲရင် ငါ့မိတ်ဆွေလည်းဆင်းရဲတော့မယ်၊ ငါမိတ်ဆွေဆင်းရဲအောင် ငါမလုပ်ဘူး၊ ငါချမ်းသာရင် ငါ့မိတ်ဆွေလည်းချမ်းသာပါစေ၊ ငါ့မိတ်ဆွေဆင်းရဲရင် ငါဆင်းရဲတာနှင့်အတူတူပဲ၊ အဲဒီလို ကိုယ်ချင်းစာတရားမွေးခြင်းဖြင့် ကိုယ်နဲ့တန်းတူထားပြီး ကူညီဆောင်ရွက်ရမယ်။

ပဥ္စမအချက်ကတော့ ဝတ္တရားမပျက်ကတိမပျက်၊ သစ္စာမပျက်ဆောင်ရွက်ရမယ်တဲ့။

ကိုယ့်မိတ်ဆွေများအပေါ် အမြဲတမ်းကတိတည်ရမယ်၊ သစ္စာရှိရမယ်၊ ကိုယ့်မိတ်ဆွေက ကိုယ့်ကိုအကူအညီတောင်းထားတယ်၊ ငါကွာ ဘယ်လိုကိစ္စပေါ်လာလို့ ငွေလေးတစ်ရာလောက်ကူညီပါလို့ဆိုလာလို့ ကိုယ်ကပေးမယ်၊ ဘယ်နေ့လာခဲ့လို့ချိန်းတယ်၊ လာတဲ့အခါကျတော့ အကြောင်းအမျိုးမျိုးပြပြီး မပေးဘူး၊ နောက်နေ့လာခဲ့ချိန်း နောက်နေ့ကျတော့ရှောင်နေတယ်၊ အဲဒါမျိုးမလုပ်ရဘူး။

ပြီးတော့ ကိုယ်ကဂတိထားရင်လည်း ဂတိအတိုင်းလုပ်၊ ရက်ချိန်းအတိုင်း တိတိကျကျသစ္စာရှိရှိပေးရတယ်၊ ကိုယ့်ဘက်ကျတော့လည်း ဟိုရက်ရွှေ့ ဒီရက်ရွှေ့ ဟိုရှောင် ဒီရှောင်မလုပ်ရဘူး။

ကိုယ်က ဒီလိုဝတ္တရားငါးချက်နဲ့အညီ မိတ်ဆွေများရဲ့ အပေါ် ကူညီစောင့်ရှောက်တယ်ဆိုရင် ကိုယ့်မိတ်ဆွေကလည်း ကိုယ့်ကိုပြန်ပြီးတော့ စောင့်ရှောက်မှာသေချာပါတယ်သမီး။

အဲဒီလို မိတ်ဆွေဝတ္တရားငါးပါးနှင့်အညီ စောင့်ရှောက်သူကို မိတ်ဆွေကတုံ့ပြန်ခြင်းငါးချက်နှင့်ပြန်လည်တုံ့ပြန်တတ်တယ်လို့ ဘုရားရှင်ကဟောကြားခဲ့ပါတယ်-

-မေ့လျော့နေတဲ့ကိုယ်ကို အမြဲတမ်းသတိပေးထားသင့်တယ်။

-မေ့လျော့ထားဖို့ ဖရိုဖရဲဖြစ်နေတဲ့စီးပွားရေးတွေကို ကူညီထိန်းသိမ်းပေးတတ်တယ်။

-ကြောက်စရာဘေးနှင့်ကြုံလာရင် ရပ်တည်ပေးတတ်တယ်။

-ဘယ်လောက်ဒုက္ခနှင့်ကြုံတဲ့သေဘေးတွေ့သော်မှ ရှောင်ဖယ်မသွားဘူး။

-မိတ်ဆွေဘဝတွင်သာကူညီသည်မဟုတ်၊ သားစဉ်မြေးဆက် ဆက်လက်ကူညီစောင့်ရှောက်သွားတတ်တယ်။

မိတ်ကောင်းဆွေကောင်း သူငယ်ချင်းကောင်းပေါင်းဖော်ရမှုကြောင့် ချမ်းသာသုခရတဲ့ဇာတ်နိပါတ်ပုံပြင်ကလေးတစ်ခုကို ဖေဖေ ပြောပြမယ်။

လွန်လေပြီးသောအခါက တောအုပ်တစ်အုပ်မှာရှိတဲ့ ရေအိုင်ဘေးကတောခြုံတစ်ခုမှာ သမင်တစ်ကောင်နေတယ်၊ အဲဒီရေအိုင်အနီးရှိသစ်ပင်မှာတော့ ခေါက်ရှာငှက်တစ်ကောင်နေတယ်၊ ရေအိုင်ထဲမှာတော့ လိပ်တစ်ကောင်နေတယ်။

သူတို့သုံးဦးဟာ အလွန်ချစ်ခင်ကြတဲ့မိတ်ကောင်းဆွေကောင်းတွေဖြစ်ကြသတဲ့။

တစ်နေ့မှာတော့ မုဆိုးတစ်ယောက်ဟာ တောသို့ဝင်လာရင်း သမင်ခြေရာကို ရေဆိပ်မှာမြင်ပြီး သုံးလွန်းတင်သားရေကျော့ကွင်းကိုထောင်ထားခဲ့တယ်။

ညဉ့်ဦးယံသမင်ဟာ ရေသောက်ဆင်းတယ်၊ ကျော့ကွင်းကိုမမြင်လို့ကျော့ကွင်းမိခံရတယ်၊ သမင်ဟာ ကျော့ကွင်းမိတော့ မိမိသူငယ်ချင်းတွေသိသာအောင် အသံကျယ်စွာအော်မြည်သတဲ့။

သမင်ငယ်ရဲ့အော်သံကို ခေါက်ရှာငှက်နှင့်လိပ်တို့ကကြားရပြီး သမင်ထံသို့လာကြကာ သမင်လွတ်ရာလွတ်ကြောင်းကိုတိုင်ပင်ကြတယ်။

အဲဒီလိုတိုင်ပင်ကြပြီး ခေါက်ရှာငှက်ကလိပ်ကို သင့်မှာသွားရှိတယ်၊ ကျော့ကွင်းကိုကိုက်ဖြတ်ပါ၊ ငါက မုဆိုးနေရာသွားပြီး မုဆိုးမလာနိုင်အောင် တားဆီးမယ်လို့ပြောသတဲ့။

ခေါက်ရှာငှက်ဟာ အဲဒီလိုပြောပြီး သူကိုယ်တိုင်က မုဆိုးနေထိုင်ရာအိမ်အနီးရှိ သစ်ပင်၌နားပြီးစောင့်နေတယ်။

မုဆိုးကလည်း မိုးလင်းသောအခါ လှံတံကိုယူပြီး အိမ်ရှေ့ကနေထွက်လာတာပေါ့၊ အဲဒီအချိန်မှာ ခေါက်ရှာငှက်က အသံပြင်းစွာအော်ဟစ်မြည်တမ်းလျက် မုဆိုးထံပျံသွားပြီး မုဆိုးမျက်နှာကိုအတောင်ပံဖြင့်ပုတ်ခတ်သတဲ့။

မုဆိုးလည်းငှက်ယုတ်မာပုတ်ခတ်သည့် လာဘ်မကောင်းဟုဆိုကာ အိမ်ထဲပြန်ဝင်ပြီးအိပ်ပြန်တယ်။

ခေါက်ရှာငှက်ကလည်း မုဆိုးနောက်တစ်ခါထွက်ရန် အိမ်နောက်ပေါက်ကထွက်လိမ့်မယ်လို့ထင်ပြီး အိမ်နောက်ပေါက်က သွားစောင့်နေပြန်သတဲ့၊ မုဆိုးကလည်း အတန်ငယ်အိပ်ပြီး တစ်ဖန် တောဝင်ဖို့ လှံတံယူပြီးထွက်တယ်၊ ခေါက်ရှာငှက်တင်ထားသည့်အတိုင်း မုဆိုးနောက်ပေါက်ကထွက်တယ်။

ခေါက်ရှာငှက်ကလည်း ယခင်ကလိုပဲ အသံကျယ်စွာမြည်ပြီး မုဆိုးမျက်နှာကိုအတောင်ဖြင့်ပုတ်ခတ်ပြန်တယ်။

မုဆိုးကလည်း ငှက်ယုတ်သည် ငါ့ကို အိမ်မှထွက်ခွင့်မပေး ဟုစိတ်ဆိုးပြီးအိမ်ထဲဝင်နေပြီး အိပ်နေတယ်။

အချိန်အတော်ကြာတော့ မုဆိုးက တစ်ဖန်ထွက်ပြန်တယ်၊ အဲဒီအခါမှာ ခေါက်ရှာငှက်က မုဆိုးထက် အလျင်အမြန်ပျံသွားပြီး မုဆိုးလာပြီး မုဆိုးလာပြီဆိုပြီး အသံကျယ်စွာနှင့်သတိပေးတယ်။

အဲဒီအချိန်မှာ သုံးလွန်းတင်ကြိုးဟာ လိပ်ကကိုက်ဖြတ်ထားလို့ နှစ်ကြိုးပြတ်နေပြီး တစ်ကြိုးသာကျန်တယ်၊ လိပ်ရဲ့သွားမှာလည်း ကိုက်ဖြတ်ရလွန်းလို့ ကြွေလုနီးပါးဖြစ်နေတယ်၊ ခံတွင်းမှသွေးတွေလည်းယိုစီးကျနေတယ်။

သမင်ကလည်း ကျန်တဲ့လွန်းကြိုးကို အားမန်နှင့်ရုန်းလိုက်တော့ ကြိုးပြတ်သွားတယ်၊ သမင်က ကြိုးပြတ်လျှင်ပြတ်ခြင်းတောထဲသို့ ဝင်ပြေးသွားတယ်၊ ခေါက်ရှာငှက်ကလည်း သစ်ပင်ထိပ်ဖျားမှာတက်ပြီး နားနေတယ်၊ လိပ်ကတော့ အားအင်ချည်နဲ့နေသဖြင့် မပြေးနိုင်ဘူး၊ အဲဒီအခါမှာ မုဆိုးက လိပ်ကိုကောက်ယူပြီး အိမ်ထဲ၌ထည့်ကာ သစ်ငုတ်မှာချိတ်ဆွဲထားသတဲ့။

သမင်ကလည်း လိပ်ရဲ့အဖြစ်ကိုမြင်တော့ ကယ်တင်ရန်မိမိကိုယ်ကိုအားနည်းဟန်ဆောင်ပြီး မုဆိုးမြင်အောင်ပြတယ်၊ အဲဒီအခါမှာ မုဆိုးကလည်း အားနည်းနေသောသမင်ကိုသတ်မယ်ဆိုပြီး လှံကိုကိုင်ပြီး သမင်နောက်သို့လိုက်တယ်၊ သမင်ဟာမုဆိုးနှင့်ဝေးလွန်းအောင်လည်းမပြေး၊ နီးလွန်းအောင်လည်းမနေဘဲ မုဆိုးကိုသွေးဆောင်ပြီး တောထဲကိုဝင်တယ်။

ဝေးသောနေရာရောက်မှ မုဆိုးကိုခြေရာလှည့်ပြီး လိပ်ရှိရာသို့ အခြားလမ်းဖြင့်အလျင်အမြန်ပြေးလာပြီး လိပ်ထည့်ထားသောအိတ်ကို ချိုဖြင့်ချိတ်ယူကာ မုဆိုးလွတ်ရာတစ်နေရာ၌

အိတ်ကိုချပေးကာ လိပ်ကိုထွက်စေတယ်၊ အဲဒီအခါမှာ ခေါက်ရှာ ငှက်ကလည်း သစ်ပင်ထက်မှပျံဆင်းလာပြီး အနားမှာနေတယ်။

အဲဒီအခါမှာ သမင်က မင်းတို့ကူညီစောင့်ရှောက်သော ကြောင့် ငါ၏အသက်ရှင်ရလေတယ်လို့ ကျေးဇူးတင်စကားပြော ပြီး-

“ယခု မုဆိုးလာတော့မယ် အဆွေခေါက်ရှာငှက်လဲ သား ငယ်များကိုခေါ်ပြီး အဝေးသို့ပျံပါ၊ အဆွေလိပ်လည်း ရေထဲဆင်း ပါတော့” ဟုပြောပြီး တောထဲသို့ဆက်ဝင်ပြေးတယ်။

အဲဒီလိုနဲ့ သမင်၊ လိပ်၊ ခေါက်ရှာငှက်တို့ဟာ တစ်ဦး အမတ်ကို တစ်ဦးမိတ်ဆွေကောင်းပီသစွာနှင့်ကယ်တင်ပြီး အသက်ထက်ဆုံးချစ်ခင်မြတ်နိုးစွာနှင့်နေခဲ့ကြတယ်။

အဲဒီ နိပါတ်ပုံပြင်လေးကတော့ ငါးရာငါးဆယ်ဇာတ်ထဲ က ဒုကနိပါတ် ကုရုင်္ဂမိဂဇာတ်တော်လာ ပုံပြင်လေးပဲသမီး။

ဒီပုံပြင်လေးကိုကြည့်ရင် မိတ်ကောင်းဆွေကောင်း သူငယ်ချင်းကောင်းပီသတဲ့ စွန့်စားမှုလေးတွေဟာ အလွန်ချစ် မြတ်နိုးတန်ဖိုးထားစရာကောင်းတယ်။

သမီးတို့တတွေလည်း အဲဒီလိုမိတ်ကောင်းဆွေကောင်း သူငယ်ချင်းကောင်းကို ရှာရမယ်၊ ကိုယ်တိုင်ကလည်း အဲဒီလို မိတ်ကောင်းဆွေကောင်းသူငယ်ချင်းကောင်းဖြစ်အောင် ကြိုးစား ရမယ်။

အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုတဲ့ စကားပုံအတိုင်း သူငယ်ချင်းအပေါင်းအသင်းရဲ့အကျိုးကို ဆောင်ရွက်ပေးခြင်းဟာ ကိုယ်အတွက် ကုသိုလ်လည်းရ ဘဝအဆက်ဆက်ကောင်းကျိုးအသွယ်သွယ်ခံစားရမှာ မုချပါပဲသမီး။

ဒါကြောင့် မိတ်ကောင်းဆွေကောင်းသူငယ်ချင်းကောင်းကို ရှာဖွေပေါင်းရမယ်သမီး။

## လူမိုက်နည်းတူ သူယုတ်ကိုလည်းသိထားပါ

သမီးကို ဖေဖေကြီးက လူမိုက်၊ လူလိမ္မာ၊ မိတ်ဆွေကောင်း၊ မိတ်ဆွေယုတ်တွေအကြောင်းပြောပြပြီး ဒီနေရာမှာ ဆက်ပြီး သမီးကိုပြောပြခြင်းတာက သူယုတ်မာဆိုဟဲ့ လူတန်းစားပဲသမီး။

သမီးဟာ အဲဒီလူယုတ်မာဆိုတဲ့ လူတန်းစားကို ငယ်ငယ်ကတည်းကသိထားပြီး ရှောင်ကြဉ်နိုင်အောင်ကြိုးစားရမယ်သမီး၊ သူယုတ်မာအကြောင်းကို ဘုရားရှင်က ဝသလသုတ်မှာ အဂ္ဂိဘာရဒွါဇပုဏ္ဏားကိုအကြောင်းပြုပြီး အောက်ပါအတိုင်းဟောထားတယ်သမီး-

အမျက်ကြီးသူ၊ ရန်ငြိုးဖွဲ့သူ၊ သူတစ်ပါးဂုဏ်ကျေးဇူးကိုချေဖျက်သူ၊ မိစ္ဆာဒိဋ္ဌိအယူရှိသူ၊ မိစ္ဆာယဒိဋ္ဌိအယူသို့ကူးပြောင်းသူ

နှင့်မိမိအပြစ်ကိုဖုံးလွှမ်းလှည့်စားတတ်သူသည် သူယုတ်မာဖြစ်၏

- သတ္တဝါတို့အား သနားကြင်နာမှုမရှိဘဲ ညှင်းဆဲသတ်ဖြတ်သူသည် သူယုတ်မာဖြစ်၏။
- မြို့ ရွာတို့ကိုတိုက်ခိုက်ဖျက်ဆီးသူသည် သူယုတ်မာဖြစ်၏။
- သူတစ်ပါးအကြွေးကိုပြန်မပေးသူသည် သူယုတ်မာဖြစ်၏။
- သူတစ်ပါးပစ္စည်းယူသူသည် သူယုတ်မာ ဖြစ်၏။
- လူသတ်၍ပစ္စည်းယူသူသည် သူယုတ်မာဖြစ်၏။
- မတရားသက်သေထွက်ဆိုသူသည် သူယုတ်မာဖြစ်၏။
- သူတစ်ပါးသားမယားကိုပြစ်မှားလွန်ကျူးသူသည် သူယုတ်မာဖြစ်၏။
- အမိအဖကို အလုပ်အကျွေးမပြုစုသူသည် သူယုတ်မာဖြစ်၏။
- မိဘညီအစ်ကိုမောင်နှမများကို ကိုယ်နှုတ်တို့ဖြင့် နှိပ်စက်ညှင်းဆဲနေသူသည် သူယုတ်မာဖြစ်၏။
- သူတစ်ပါးအကျိုးစီးပွားရှိရာရှိကြောင်းကို မေးပါလျက် အကျိုးမဲ့ကိုပြောသူနှင့်အကျိုးစီးပွားရှိကြောင်း နည်းလမ်းကိုပေးပါသော်လည်း မေးသူမသိနိုင်အောင် ပြောသူသည် သူယုတ်မာဖြစ်၏။

- မိမိပြုလုပ်ထားသောမကောင်းမှုများကို တစ်ပါးသူ မသိအောင် ဖုံးကွယ်ထားသူသည် သူယုတ်မာဖြစ်၏။
- သူတစ်ပါးအိမ်သို့သွားသည့်အခါ ဧည့်ဝတ်ပြုစုသည်ကို စားသောက်ပြီး မိမိအိမ်သို့လာသောအခါတွင်မူ ဧည့်ဝတ်မပြုစုသူသည် သူယုတ်မာဖြစ်၏။
- ဖိတ်ကြားဝန်ခံထားမှု အလှူခံပုဂ္ဂိုလ်များနှင့်သူတောင်းစားတို့ကို မလှူဒါန်းမပေးကမ်းဘဲလှည့်ပတ်နေသူသည် သူယုတ်မာဖြစ်၏။
- ဆွမ်းခံလာသောရဟန်းကို ဆွမ်းမလောင်းဘဲ ကြမ်းတမ်းစွာပြောဆိုသူသည် သူယုတ်မာဖြစ်၏။
- သူတစ်ပါးပစ္စည်းကို ရယူလိုသဖြင့် မဟုတ်မမှန်လိမ်လည်ပြောဆိုသူသည် သူယုတ်မာဖြစ်၏။
- မိမိကိုယ်ကိုဂုဏ်မြှောက်စားပြီး သူတစ်ပါးကိုနှိမ်ချပြောဆိုသူသည် သူယုတ်မာဖြစ်၏။
- သူတစ်ပါးကိုရန်ရှာသူ၊ မိမိကိုယ်တိုင်မလှူဒါန်းမပေးကမ်းရုံမျှမက သူတစ်ပါးတို့လှူဒါန်းပေးကမ်းသည်ကို ပင် နှမြောတွန့်တိုသူ မိမိမှာမရှိသောဂုဏ်ကိုရှိလေဟန်ဆောင်သူနှင့် မကောင်းမှုကိုပြုရန် အရှက်မကြောက်သူသည် သူယုတ်မာဖြစ်၏။

- ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်မှုများကို ရှုတ်ချပြောဆိုသူသည် သူယုတ်မာဖြစ်၏။
- ရဟန္တာမဟုတ်ပါဘဲလျက် ရဟန္တာဟု ဝန်ခံသူသည် လောက၌ အယုတ်မာဆုံးဖြစ်၏။

အဲဒီလူယုတ်မာတွေကို သမီး သေသေချာချာလေ့လာ သုံးသပ်ပြီး ကိုယ်တိုင်လည်း သူယုတ်မာမဖြစ်အောင် ကြိုးစားရမယ်၊ ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ ပြုပြင်ခိုင်းရမယ်။

ကိုယ်နှင့်ကိုယ့်ပတ်ဝန်းကျင်ရှိ ကိုယ်ရဲ့အပေါင်းအသင်းတွေကိုလည်း အဲဒီလို သူယုတ်မာစိတ်ရှိ-မရှိ ဆန်းစစ်ဝေဖန်သုံးသပ်နိုင်ရမယ်၊ အဲဒီလိုဆန်းစစ်ဝေဖန်ပြီး ကိုယ်ပေါင်းစိတ်ခွာ စိတ်ပေါင်းကိုယ်ခွာကျင့်သုံးနိုင်ရမယ်။

လောကမှာ လူမိုက်ထက် လူယုတ်မာက ပို၍ကြောက်စရာကောင်းလှတဲ့အတွက် လူမိုက်ကိုရှောင်သင့်သလို လူယုတ်မာကိုလည်း အထူးရှောင်သင့်တယ်သမီး။

သမီး ဒီလူယုတ်မာနှင့်ပက်သက်လို့ ပုဂ္ဂိုလ်(၂)မျိုးရှိတယ်
- တစ်မျိုးက လူယုတ်မာ
- တစ်မျိုးက လူယုတ်မာထက်ယုတ်မာသောသူတဲ့။

သမီးပိုပြီး သဘောပေါက်နားလည်အောင် ဖြစ်စဉ်လေးတစ်ခုကိုပြောပြမယ်၊ ဖေဖေတို့ ဗုဒ္ဓဘာသာဝင်တို့အားလုံး ကြား

ဖူးနားဝရှိကြတဲ့ အဖသတ် အဇာတသတ်နှင့်ဘုရားကိုစော်ကား ပြစ်မှားလို့ လက်ငင်းဒိဋ္ဌမြေမျိုခံရပြီး အဝီစိငရဲကျခံရတဲ့ ဒေဝ ဒတ်တို့အကြောင်းအဖြစ်အပျက်တွေဟာ အဲဒီနှစ်မျိုးပါဝင်နေ တယ် သမီး။

အဇာတသတ်မင်းသားငယ်လေးဟာ ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရနှင့်မိဖုရားဝေဒေဟိတို့ရဲ့တစ်ဦးတည်းသောသား ငယ်ဖြစ်တယ်၊ မင်းညီမင်းသားလေး အလွန်ပဲ အပြစ်ကင်းစင် ဖြူစင်သတဲ့။

ဒါပေမယ့် သူ့ဘဝရဲ့ဖြစ်စဉ်ကလေးကလည်း တစ်နည်း ကတော့ စိတ်ဝင်စားစရာပေါ့သမီး။

အဇာတသတ်ကို ကိုယ်ဝန်ရှိတော့ မိခင်က ဘုရင်ကြီးရဲ့ လက်ရုံးသွေးကိုသောက်လိုတဲ့ချဉ်ခြင်းဖြစ်သတဲ့၊ အဲဒီလိုဖြစ်တော့ မိဖုရားကြီးက ချဉ်ခြင်းကလည်းပြင်းစွာတယ်၊ ဘုရင်ကိုလည်း မလျှောက်ဝံ့တော့ မအီမသာမကျန်းမမာ စိတ်မချမ်းမသာခံစား နေရသတဲ့။

ဘုရင်ကြီးက မိဖုရားရဲ့စိတ်မချမ်းသာမှုကိုမြင်ရတော့ အကျိုးအကြောင်းမေးသတဲ့၊ မိဖုရားကြီးကလည်း အဖြစ်မှန်ကို မလျှောက်ထားရဲဘူးပေါ့၊ နောက်ဆုံး ဘုရင်ကြီးက အတင်းမေး တော့ အဖြစ်မှန်ချဉ်ခြင်းတပ်တာကိုလျှောက်ထားလိုက်သတဲ့၊

ဘုရင်ကြီးကလည်း မြတ်စွာဘုရားရှင်ရဲ့ ကျောင်းဒါယကာစေတနာသဒ္ဓါတရားကလည်း အလွန်ဖြူစင်ထက်သန်သူဆိုတော့ မိဖုရားရဲ့အလိုဆန္ဒချဉ်ခြင်းတပ်တာကို ပြည့်စုံစေလိုတဲ့အတွက် သူ့ရဲ့လက်ရုံးသွေးကိုဖောက်ပြီး မိဖုရားကြီးကိုသောက်စေတယ်။

မိဖုရားကြီးကလည်း အဲဒီလိုဘုရင်သွေးသောက်ပြီးတော့ ချဉ်ခြင်းပြေပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ရသတဲ့သမီး။

မိဖုရားရဲ့ ဘုရင်လက်ရုံးသွေးသောက်လိုတဲ့ ချဉ်ခြင်းကိစ္စနှင့်ပတ်သက်လို့ ဗေဒင်ပညာရှိပုဏ္ဏားတို့ကို ထွက်ချက်စစ်ဆေးတဲ့အခါကျတော့ ဤသားမွေးလာပါက အဖကိုသတ်မဲ့သားရယ်လို့ အဟောအပြောထွက်သတဲ့သမီး။

အဲဒါနဲ့မိဖုရားကြီးက အဖသတ်တဲ့သားကိုတော့ ငါမမွေးလိုဘူးဆိုပြီး ဥယျာဉ်ထဲသွားပြီး ကိုယ်ဝန်ပျက်ကျအောင် ဗိုက်ကိုနှိပ်-နှိပ်ချသတဲ့သမီး၊ တစ်နေ့ အဲဒီလို ဥယျာဉ်တော်ထဲမှာ ကိုယ်ဝန်နှိပ်ချဖျက်ဆီးနေတဲ့ မိဖုရားကြီးကို ဘုရင်ကြီးကမြင်တွေ့လေတော့ မေးသတဲ့။

မိဖုရားကလည်း လိမ်ညာမပြောပါဘူး၊ အဖသတ်မဲ့သားကိုမမွေးလို၍ ကိုယ်ဝန်ကိုဖျက်ချကြောင်းလျှောက်ထားတယ်။

မိဘမေတ္တာကြီးမားလှတဲ့ဖခင်ဘုရင်ကြီးက မွေးလာလို့သူ့ကိုသတ်ချင်သတ်ပါစေ ကလေးကိုဖျက်မချဖို့ မေတ္တာရပ်ခံမိန့်ကြားတယ်။

အဲဒါနဲ့ မိဖုရားကြီးကလည်း ကိုယ်ဝန်ကိုဆက်လက်စောင့်ရှောက်ပြီး သားကိုမွေးဖွားပေးခဲ့ရတယ်။

ဒီမင်းသားလေးဟာ နန်းတော်ထဲမှာပဲ တစ်ဦးတည်းသောသားအဖြစ် ပြုစုယုယမှုအမျိုးမျိုးနှင့် အပြစ်ကင်းစွာကြီးပြင်းလာခဲ့ရတယ်။

ဒါပေမယ့် ဘဝကံအကြောင်းကဆိုးဝါးလှတော့ မမျှော်လင့်ဘဲ လူယုတ်မာနှင့်ပေါင်းမိသွားတယ်၊ အဲဒီလူယုတ်မာကတော့ ဒေဝဒတ်ရဟန်းပေါ့။

ဒေဝဒတ်ဟာ ဘုရားရှင်ရဲ့ယောက်ဖလည်းတော်တယ်၊ ညီအစ်ကိုတစ်ဝမ်းကွဲလည်းတော်တယ်၊ သိဒ္ဓတ္ထမင်းသားဘဝကကြင်ယာတော် ယသော်ဓရာဒေဝီဟာ ဒေဝဒတ်နှင့်မောင်နှမတော်ခဲ့တယ်၊ ဒေဝဒတ်ရဲ့ဖခင် သုပ္ပဗုဒ္ဓဘုရင်နှင့် သိဒ္ဓတ္ထမင်းသားရဲ့မိခင် မာယာဒေဝီတို့ဟာ မောင်နှမအရင်းတွေဖြစ်ကြတယ်။

သိဒ္ဓတ္ထမင်းသား(၂၉)နှစ်မှာ တောထွက်တယ်၊ (၆)နှစ်ဒုက္ကရစရိယကျင့်ပြီးတော့ ဘုရားဖြစ်တယ်၊ ဘုရားဖြစ်ပြီးတော့ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့တောင်းပန်ပင့်ဖိတ်မှုကြောင့်ကပိလဝတ်ပြည်သို့ကြွတော်မူတယ်၊ ဘုရားရှင်ပြန်အကြွသွား ဒေဝဒတ်အပါအဝင် သာကီဝင်မင်းသား(၅)ဦးဟာ ဘုရားရှင်နောက်လိုက်ပြီး ရဟန်းပြုကြတယ်။

ရဟန်းပြုပြီး တရားအားထုတ်ကြတော့ ဒေဝဒတ်ဟာ တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်တဲ့ အဘိညာဉ်စျာန်ကိုရတယ်။

ကောသမ္ဗီမှာနေစဉ် လူတွေက ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာတို့ကိုသာမေးမြန်းပြီး ဝင်ရောက်ဖူးမြော်ကြ၊ လှူဒါန်းကြ၊ ဆည်းကပ်ကြတာများတယ်၊ ရှင်ဒေဝဒတ်ဆီတော့ မေးသူဆည်းကပ်သူ၊ လာသူနည်းတယ်။

အဲဒါကို ရှင်ဒေဝဒတ်က မကျေနပ်ဘူး၊ သူလိုယောက်ဖတော်စပ်ပြီး မင်းစိုးမင်းနွယ်ဖြစ်တဲ့ ရဟန်းထံတော့မလာကြဘူး၊ ဆွေမတော်မျိုးမတော် သာမန်သူဌေးသားဘဝကလာတဲ့ ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာတို့ထံတော့ လူတွေကလာတယ်၊ ဒါဟာ ဘုရားရှင်ရဲ့လက်ချက်ပဲဆိုပြီး ဘုရားရှင်အပေါ် ပထမဦးဆုံးရန်ငြိုးဖွဲ့တဲ့စိတ်ကိုမွေးတယ်။

ပြီးတော့ ငါလဲတန်ခိုးရှင်ပဲ၊ ပြီးတော့ မင်းမျိုးမင်းနွယ်ပဲ၊ တစ်စင်ထောင်မယ်ဆိုပြီး ဘုရားရှင်ထံကထွက်ပြီး ရာဇဂြိုဟ်မြို့သို့လာခဲ့တယ်။

သူ့အကြံကတော့ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏သား အဇာတသတ်ဟာမင်းသားလည်းဖြစ်တယ်၊ အဘမရှိသည့်နောက်ဘုရင်လုပ်ရမယ့်သူဖြစ်တယ်၊ သူ့ကို တန်ခိုးအဘိညာဉ်ပြပြီးဆွဲဆောင်စည်းရုံးလိုက်ရရင်ရမယ်၊ ငါလည်း ဘုရင်ကိုးကွယ်

တဲ့ခေါင်းဆောင်တစ်ဦးဖြစ်မယ်၊ ဘုရားနှင့်ယှဉ်ပြိုင်ပြီး တစ်ဂိုဏ်း ထောင်မယ်၊ အဲဒီလို အကြံအစည်အတွေးအခေါ် မျိုးနှင့် နေလာခဲ့တာပေါ့လေ။

ရာဇဂြိုဟ်ရောက်တော့ အဇာတသတ်မင်းငယ်ရဲ့အိပ်ခန်း ထဲဝင်တယ်၊ ပြီးတော့ မြွေခြောက်ကောင်ပတ်နေတဲ့မင်းသားငယ် အသွင်ဖန်ဆင်းပြီး အဇာတသတ်မင်းသားရဲ့ကိုယ်ပေါ် ကနေပြီး ပြတယ်၊ မင်းသားငယ်ဟာလန့်နိုးလာပြီး ဒီလိုထူးခြားလှပပြီး မြွေတွေပတ်ထားတဲ့မင်းသားငယ်ကိုတွေ့လိုက်တော့ ကြောက် လည်းကြောက်၊ အံ့လည်းအံ့သြတာပေါ့။

နောက်မင်းသားငယ်က အသင်ဘယ်သူလဲလို့မေးတော့ ငါဟာတန်ခိုးရှင်ဒေဝဒတ်ရဟန်းလို့ပြောသတဲ့။

ပကတိအသွင်ကိုပြပါလို့လျှောက်တော့ ဒေဝဒတ်က တန်ခိုးကိုရုပ်သိမ်းပြီး မူလရဟန်းအသွင်ကိုပြတယ်၊ ပြင်ပအတွေ့ အကြုံဗဟုသုတမရှိသေးတဲ့မင်းသားငယ်ဟာ ယခုလိုအဆန်းတ ကြယ်တွေ့လိုက်ရတော့ အလွန်အထင်ကြီးသွားတာပေါ့၊ ယုံလည်း ယုံကြည်သွားတာပေါ့။

အဲဒီလိုယုံကြည်သွားတော့ အဇာတသတ်မင်းငယ်ဟာ ရှင်ဒေဝဒတ်ကို ဆရာတစ်ဆူကဲ့သို့ကိုးကွယ်ဆည်းကပ်လာတယ်၊ ဂယာသီသမှာကျောင်းဆောက်လုပ်ပေးပြီး တစ်နေ့ဆွမ်းအုပ်ငါး ရာပို့ပေးတယ်။

ရှင်ဒေဝဒတ်ဟာ ဒါကိုမကျေနပ်သေးဘူး၊ မင်းသားထံ သွားပြီး မဟုတ်တဲ့ ယုတ်မာတဲ့အကြံတွေ သွားပေးပြန်တယ်။

လူ့ဘဝဆိုတာ သက်တမ်းအတိုလေးရယ်၊ အသက်ကြီးမှ ထီးနန်းအရသာခံစားရတာအရသာမရှိဘူး၊ ငယ်ငယ်ရွယ်ရွယ် ခံစားရမှကောင်းတာ၊ သင့်ဖခင်ကလည်းသိပ်ငယ်သေးတယ်၊ သင် ထီးနန်းအရသာကို သင်အသက်ကြီးမှခံစားရမှာ၊ အဲဒီတော့ သင် ကအဖကိုသတ်ပြီးဘုရင်လုပ်၊ ငါက ဘုရားကိုသတ်ပြီး ဘုရားလုပ် မယ်လို့ မကောင်းတဲ့အကြံကိုပေးတယ်။

အဇာတသတ်မင်းသားငယ်က အဖေကိုမသတ်ကောင်း ဘူးမို့လားလို့မေးတော့ လက်နက်နှင့်မသတ်နဲ့၊ ထောင်ချပြီး အစာ ဖြတ်ထားလိုက်လို့ အကြံပေးတယ်။

ဒီလိုနဲ့ ဒေဝဒတ်ကိုအထင်ကြီး၊ ဒေဝဒတ်ကိုကိုးကွယ်မိ တဲ့အဇာတသတ်ဟာ နောက်ဆုံးတော့အဖသတ်ကံကိုကျူးလွန်မိ သွားရှာရတယ်၊ ဒီလိုကျူးလွန်မိလို့ မိမိကိုယ်တိုင်လည်း သူ့ရဲ့သား ဥဒယဘဒ္ဒရဲ့အသတ်ကိုပြန်ခံရတယ်၊ သေတော့လည်း အဖ သတ်ကံကြောင့် အဝီစိငရဲကျခံရတယ်။

ဒီအဖြစ်အပျက်လေးကိုကောက်ချက်ဆွဲကြည့်ရင်း ဘာ တွေရမလဲဆိုတော့ ရှင်ဒေဝဒတ်ဟာ မိမိကိုယ်တိုင်လည်း ယုတ် မာတဲ့အတွက် ယုတ်မာသူဖြစ်တယ်။

ကိုယ်တိုင်ယုတ်မာရုံမက အဇာတသတ်လိုမင်းသားလေးကိုပါ ယုတ်မာသောအမှုကိုပြုစေတဲ့အတွက် ယုတ်မာသူထက်ယုတ်မာသူဖြစ်တယ်။

တစ်ချို့က ကိုယ်တိုင်သာယုတ်တာ သူတစ်ပါးကိုဆွဲမထည့်ဘူး၊ အဲဒါယုတ်မာသူပဲ။

တစ်ချို့က ကိုယ်တိုင်လည်းယုတ်မာတယ်၊ သူတစ်ပါးကိုလည်း မိမိလိုယုတ်မာအောင်ဆွဲဆောင်တယ်၊ အားပေးတယ်၊ တိုက်တွန်းတယ်၊ အဲဒီလူဟာ ယုတ်မာသူထက်ယုတ်မာသောသူဖြစ်တယ်။

ဒါဆို သမီးယုတ်မာသူနှင့်ယုတ်မာသူထက် ယုတ်မာသူကို သဘောပေါက်လောက်ပါပြီ၊ အဲဒီတော့ သမီး မိမိကိုယ်တိုင်လည်းယုတ်မာသူ၊ ယုတ်မာသူထက်ယုတ်မာသူမဖြစ်အောင်ကြိုးစားရမယ်၊ အဲဒီလို လူ(၂)မျိုး(၂)စားကိုလည်း ဝေးဝေးကရှောင်ရှားနိုင်အောင် ကြိုးစားရမယ်၊ ဆင်ခြင်ဝေဖန်ပိုင်းခြားတတ်တဲ့အသိဉာဏ်ရှိအောင်ကြိုးစားရမယ်သမီး။

## ပညာရှိဆရာကိုပေါင်းပါ၊ မှီဝဲဆည်းကပ်ပါ

သမီး ပညာသည်ဘဝ ကျောင်းစနေပြီဆိုတော့ ပထမသူငယ်ချင်းမိတ်ဆွေ၊ ဒုတိယကျတော့ ဆရာကိုတွေ့ဆုံဆက်ဆံ

ရမယ်၊ ဆရာကိုဆက်ဆံတဲ့နေရာမှာ ဖေဖေတို့ဗုဒ္ဓဘာသာဝင် မြန်မာတွေမှာ ရှေးရိုးအစဉ်အလာအရ လက်ခံယုံကြည်ထားခဲ့ကြ တဲ့ယဉ်ကျေးမှုဓလေ့တွေရှိနေတယ်။

အဲဒါကတော့ ဘုရားဟောခဲ့တဲ့ တပည့်ကျင့်ဝတ်ငါးပါး ဘဲသမီး၊ သမီးတို့ကျောင်းစနေကတည်းက တပည့်ကျင့်ဝတ်ငါး ပါးလင်္ကာကို ကော်ပီစာအုပ်အဖုံးမှာတွေ့ရမှာပါ။

ညီညာထကြွ၊ ဆုံးမနာယူ
လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး
သင်ထွေးအံ့ရွတ်၊ တပည့်ဝတ်
မချွတ်ငါးခုသာ

ညီညာထကြွဆိုတာက ဆရာသမား ကိုယ့်အနားရောက် လာတာမြင်ရင် ထိုင်နေတဲ့တပည့်သမီးတို့က ထိုင်မြဲထိုင်မနေရ ဘူး၊ ကိုယ့်ဆရာကိုရိုသေသောအားဖြင့် ထိုင်ရာမှမတ်တပ်ထရပ် ရပါတယ်။

လက်အုပ်ချီသင့်က လက်အုပ်ချီလိုက်ပါ၊ ဒါဟာ သိပ် ယဉ်ကျေးသိမ်မွေ့တဲ့ဓလေ့ထုံးစံပါသမီး။

ဒါဟာ တပည့်ဖြစ်သူက ထိုင်ရာမှထပေးသောအားဖြင့် ဆရာကိုအရိုအသေပြုတာပဲ။

ဆရာအဝေးကလာတယ်၊ တပည့်က ကုလားထိုင်ပေါ်

ထိုင်မြဲထိုင်နေပြီး အောက်ကိုမဆင်းဘူးဆိုရင် ဒီတပည့်ဟာဆရာ့ဂုဏ်ကျေးဇူးကိုစော်ကားတာနဲ့အတူတူပဲသမီး။

ဆရာဆိုတာက လောကမှာတပည့်တစ်ယောက်ကို လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် သူတတ်တဲ့ပညာရပ်အမျိုးမျိုးကို သင်ပေးနေတဲ့သူ၊ ဒီဆရာလာလို့မှ ကုလားထိုင်ပေါ်ကဆင်းချင်စိတ်မရှိဘူးဆိုရင် ဒီတပည့်ဟာ ဆရာ့ထံက ပညာကောင်းကောင်းရဖို့မလွယ်ဘူး။

ပညာရပြန်ရင်လည်း ဒီတပည့်ဟာ လောကအလယ်မှာတစ်နည်းနည်းနှင့်မှမကြီးပွားနိုင်ဘူး။

လျောင်းသောအနေအထား၊ အိပ်သောအနေအထားဟာ မြတ်သောအနေအထားလို့ဆိုတယ်၊ ထိုင်တဲ့အနေအထားဟာ ညံ့တဲ့အနေအထားလို့ဆိုတယ်၊ ဆရာက ညံ့တဲ့အနေအထားနဲ့နေရင် တပည့်က ဒီထက်ညံ့တဲ့အနေအထားနဲ့နေရတယ်။

ဆရာဖြစ်သူက အိပ်နေတယ်ဆိုရင် တပည့်ဖြစ်သူကထိုင်နေရမယ်၊ ဒါဟာ ရိုသေတဲ့သဘောပဲ။

ဆရာဖြစ်သူထိုင်နေရင့် တပည့်ဖြစ်သူက မတ်တပ်ရပ်ပြီးအရိုအသေပြုနေမယ်၊ ဒူးတုပ်နေမယ်၊ မိန်းမထိုင်သဘောထိုင်ပြီးနေမယ်ဆိုရင် ပိုပြီးလေးစားရာရောက်ပါတယ်။

ကြာကြာမရပ်နိုင်လို့ထိုင်မယ်ဆိုရင် ဆရာထက်မြင့်သောနေရာ၊ မြတ်သောနေရာကမထိုင်ရဘူး။

ဆရာထိုင်တဲ့ပုံစံနှင့်တူတဲ့ပုံစံနှင့်လည်းမထိုင်ရဘူး၊ ဆရာကလည်းတင်ပျဉ်ခွေထိုင်၊ တပည့်ကလည်း တင်ပျဉ်ခွေထိုင်တာမျိုးပေါ့၊ ဒါဟာ မရိုသေမလေးစားရာရောက်တယ်။

ဆရာက တင်ပျဉ်ခွေထိုင်ရင် တပည့်ကဒူးတုပ်၍ ဖြစ်စေ၊ မိန်းမထိုင်ဖြစ်စေထိုင်က ပိုကောင်းတယ်၊ ရိုသေရာကျတယ်။

ဆရာကထိုင်နေတယ်၊ တပည့်က လမ်းလျှောက်ပြီး စကားပြောတာမျိုးလည်းမလုပ်သင့်ဘူး။

အဲဒါတွေဟာ ညီညာထကြွဆိုတဲ့တပည့်ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လုပ်ကိုင်ရတဲ့ယဉ်ကျေးမှုတွေပဲသမီး။

ဆရာတပည့်ဆက်ဆံရာမှာ မေတ္တာနှင့်ဂါရဝတရားဟာ သိပ်အရေးကြီးတယ်သမီး၊ ဆရာလာရင် ထိုင်ရာမှထပေးခြင်းဟာ ဆရာရဲ့မေတ္တာကို တပည့်က ဂါရဝပြုတာဖြစ်လို့ အရိုအသေပြုခြင်း၊ ဂါရဝတရားကို သမီးတို့လေးလေးစားစားပြုကြပါ။

ပြီးတော့ ဆရာထံ တစ်နေ့သုံးကြိမ်ချဉ်းကပ်ရမယ်၊ ရှေးခေတ်ကတော့ ဒိသာပါမောက္ခဆရာထံသင်ကြားနည်းဆိုတော့ အလှည့်ကျပညာသင်ရတဲ့သဘောရှိလို့ ဒီလိုသုံးကြိမ်ဆည်းကပ်ခိုင်းတာပါ၊ ယခု သမီးတို့ခေတ်ကျတော့ တစ်နေ့ ငါးနာရီစာသင်နေရတော့ သုံးကြိမ်မကချဉ်းကပ်ရတဲ့သဘောဖြစ်နေပါတယ်။

တစ်နေ့ သုံးကြိမ်ချဉ်းကပ်ဖို့အဓိကတော့-

ဆရာကိုလုပ်ကျွေးခြင်း၊ ဝေယျာဝစ္စပြုပေးခြင်းဆိုတဲ့ မေတ္တာစေတနာနှင့်ချဉ်းကပ်ရပါမယ်၊ ငါ့ကိုခိုင်းဖို့ ဆရာ့ဝေယျာဝစ္စကိုလုပ်ပေးဖို့ဆိုတဲ့ရည်ရွယ်ချက်နှင့်ချဉ်းကပ်ရန်ဖြစ်ပါတယ်။

တစ်နေ့ သုံးကြိမ်ဆည်းကပ်ပြီးတဲ့အခါမှာလည်း ဆရာက ဩဝါဒပေးတဲ့အခါမှာ ဆရာစကားကို သေချာစွာနားထောင်မှတ်သားရပါမယ်၊ ဆရာစကားကို ရိုသေစွာမှတ်သားရပါမယ်။

ဆရာက လေးစားထိုက်သောစကား၊ တန်ဖိုးရှိသောစကားကိုပြောပြီးဆုံးမတဲ့အချိန်မှာ လေးလေးစားစားတန်ဖိုးရှိရှိနားထောင်ပါမှ ဂါရဝတရားနှင့်ညီပါတယ်၊ ဆရာက အဖိုးတန်တဲ့သင်ခန်းစာတွေပေးနေတဲ့အချိန်မှာ ကိုယ့်စိတ်က ဟိုရောက်ဒီရောက်နဲ့အာရုံမထားရင် ဆရာကိုလည်း ရိုသေရာမရောက် ကိုယ်လည်းပညာမရဘူး။

ပြီးတော့ ဆရာကို ဝတ်ကြီးဝတ်ငယ် ခြေဆုပ်လက်နယ်ပြုခွင့်ရပါက ပြုပေးရမယ်၊ သောက်ရေသုံးရေခပ်ပေးရမယ်၊ အကျီအဝတ်အစားလျှော်ပေးသင့်က လျှော်ပေးရမယ်။

လောကမှာ သမီးတို့ကို လူတစ်လုံးသူတစ်လုံးဖြစ်လာအောင်လုပ်ပေးတဲ့ဆရာကို ဝတ်ကြီးဝတ်ငယ်မပြုပေးရင် ဆရာကျေးဇူးအပေါ် ဘယ်လိုပြန်ဆပ်ကြမလဲသမီး၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းဟာ ဆရာသခင်ကျေးဇူးရှင်ကို တစ်နည်းကျေးဇူးဆပ်ခြင်းပါပဲ။

ဆရာကို ထိုင်ရာမှထပြီး အရိုအသေမပြုခြင်း၊ တစ်နေ့သုံးကြိမ်မချဉ်းကပ်ခြင်း၊ ဆရာပြောတဲ့စကားကိုလည်း လေးလေးစားစားမလိုက်နာခြင်း၊ ဆရာ့ဝတ်ကြီးဝတ်ငယ်လည်းမပြုချင်ရင် ဆရာ့အပေါ်မှာ လေးစားတဲ့ဂါရဝတရားမရှိဘူးလို့ဆိုရမယ်သမီး။

နောက်ဆုံးအချက်က ဆရာ့ထံမှ ရိုရိုသေသေအတတ်ပညာကိုရအောင် သင်ယူခြင်းတဲ့၊ အဲဒါက သမီးတို့တပည့်တွေဘက်က ရယူရမဲ့ဝတ္တရားပါ၊ အပေါ်လေးချက်က တပည့်လုပ်ရဆောင်ရွက်ရမဲ့ဝတ္တရားပါ။

သမီးတို့ဘက်က တပည့်ဝတ်ဆိုတာရှိသလို သမီးတို့ကိုသင်ပြတဲ့ဆရာမှာလည်း ဆရာ့ကျင့်ဝတ်ဆိုတာရှိတယ်၊ ပညာသည်သမီးတို့ဘဝမှာ ဒီဆရာဟာလည်း ပထမအရွယ်မှာ အရေးပါတဲ့သူတွေပေါ့။

ဘုရားရှင်က သိင်္ဂါလသတို့သားကို ဆရာကျင့်ဝတ်နှင့်ပတ်သက်၍-

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ဖို့၊ ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ

သို့ ဆရာကျင့်ဝတ်ငါးပါးကို ဟောထားပါတယ်။

ဆရာဆိုတာဟာ တပည့်အပေါ် မှာမေတ္တာထားပြီး တတ်သမျှအတတ်ပညာကို ဆရာစားမချန်သင်ပေးရမယ်၊ ဆရာက ဝတ်ကျေတန်းကျေသင်ပေးတာမျိုးမဖြစ်စေရဘူး၊ လာဘ်လာဘမျှော်ကိုးပြီး သင်ပေးတာမျိုးမဖြစ်စေရဘူး။

နောက်တစ်ချက်က ပဲ့ပြင်ဆုံးမတဲ့ မကောင်းတာကို တားမြစ်ပေးရမယ်၊ လိုအပ်သမျှကိုပြောဆိုဆုံးမလမ်းညွှန်ပြရမယ်။

ပြီးတော့ အတတ်ပညာသင်ပေးတဲ့နေရာမှာလည်း ကိုယ်နှင့်ထပ်တူထားပြီး အတတ်ပညာအလုံးစုံကို အကြွင်းမဲ့သင်ပေးရမယ်။

ကိုယ့်တပည့်ဘယ်ရောက်နေနေ၊ ကိုယ့်လက်အောက်မှာပဲရှိရှိ အန္တရာယ်ကြုံတွေ့လာရင် မိမိအသက်ကိုပဓာနမထားဘဲ ကာကွယ်စောင့်ရှောက်ပေးရမယ်။

ဆရာက ကိုယ့်ထံမှာ ကိုယ်တတ်တဲ့အတတ်ပညာသင်ပေးပြီးလို့ ပြီးပြည့်စုံပြီဆိုရင် ကိုယ့်ထက်မြင့်တဲ့အတတ်ပညာသင်ဖို့အတွက် သင့်တော်တဲ့ဆရာထံအပ်ပေးရမယ်၊ ပို့ပေးရမယ်။

ပညာသင်ကြားနေစဉ် ဆရာတပည့်အဖြစ်နှင့်-

- မကောင်းရာကိုတားမြစ်ညွှန်ကြားဆုံးမခြင်း
- ပညာကို ကိုယ်ဖိရင်ဖိတတ်မြောက်အောင်သင်ကြားပေးခြင်း

- ပညာကို မိမိနှင့်ထပ်တူထားပြီးတော့ အကြွင်းမရှိ သင်ပေးခြင်း ဆိုတဲ့ဝတ္တရား သုံးခုရှိတယ်။

ပညာတတ်မြောက်ပြီးနောက် စောင့်ရှောက်ရမယ့် ဝတ္တရားနှစ်ခုကတော့-

- မိတ်ဆွေသင်္ဂဟတို့ထံ အပ်နှံပေးရတယ်
- တပည့်ရောက်ရာအရပ်မှာတပည့်ဒုက္ခမရောက်ရလေအောင် အမြဲတမ်း တပည့်ရဲ့ဆောက်တည်မှီခိုရာအဖြစ်နဲ့ ဆရာဟာ ရပ်တည်ရမယ်

အဲဒီအင်္ဂါငါးချက်ဟာ ဆရာတစ်ယောက်ကျင့်သုံးရမယ့် ဝတ္တရားဘဲ၊ အဲဒီလိုဆရာမျိုးထဲမှာ သမီးပညာသင်ကြားနိုင်အောင် ပညာယူနိုင်ရန် ကြိုးစားကြရမယ်။

မိလိန္ဒပဉှာမှာတော့ ဆရာကျင့်ဝတ်၊ ဆရာတို့ပြုလုပ်ဆောင်ရွက်ရမဲ့ဝတ္တရားတွေကို မိလိန္ဒမင်းကမေးလို့ ရှင်နာဂသိန်က ဖြေထားတာကိုလည်းတွေ့ရတယ်သမီး။

အဲဒီကျင့်ဝတ်တွေဟာ ဆရာကောင်းတစ်ယောက်အနေနှင့် တပည့်တွေအပေါ်မှာကျင့်သုံးဆောက်တည်ရမဲ့ကျင့်ဝတ်တွေပဲသမီး၊ ယခုခေတ်ဆရာတွေ၊ ဆရာမတွေဟာ ဒီလိုကျင့်ဝတ်တွေနှင့်ညီ-မညီကို သမီးနှိုင်းယှဉ်ကြည့်ပေါ့။

ဆရာဆိုတာဟာ အနန္တော အနန္တငါးပါးမှာ ဘုရား၊

တရား၊ သံဃာ၊ မိဘနှင့်အတူတူပြထားတယ်၊ ဆရာဟာကိုးကွယ်ထိုက်တယ်၊ ပူဇော်ထိုက်တယ်၊ မြတ်နိုးထိုက်တယ်။

အဲဒီလိုပူဇော်မြတ်နိုးထိုက်အောင်လည်း ဆရာဆိုတာကကျင့်ဝတ်၊ ဆရာဘက်ကဆောင်ရွက်ရမဲ့ဝတ္တရား ဆရာရဲ့မေတ္တာစေတနာအပြည့်အဝရှိဖို့လိုပါတယ်သမီး။

အဲဒါကြောင့် သမီးတို့သိထားအောင် ရှင်နာဂသိန်ပြောပြတဲ့ဆရာကျင့်ဝတ်ကို သမီးသိအောင်ပြောပြထားတာပါ။

ဆရာကောင်းတစ်ယောက်၏ဂုဏ်အင်္ဂါများမှာ-

၁။ ဆရာသည် မိမိတပည့်အပေါ်၌ အမြဲမပြတ်အစောင့်အရှောက်ကိုဖြစ်စေခြင်း။

၂။ တပည့်၏ဆည်းကပ်သင့်သောပုဂ္ဂိုလ်၊ မဆည်းကပ်သောပုဂ္ဂိုလ်သိအပ်ခြင်း။

၃။ တပည့်ပေ့ါတန်သည်၊ မပေ့ါတန်သည်ကိုသိအပ်ခြင်း

၄။ တပည့်အတွက်နေရာထိုင်ခင်းကိုသိအပ်ခြင်း။

၅။ နာဖျားမကျန်းမာသည်ကိုသိအပ်ခြင်း။

၆။ အစာအာဟာရ ရ-မရကိုသိအပ်ခြင်း။

၇။ တပည့်ထူးခြား၊ မထူးခြားကိုသိအပ်ခြင်း။

၈။ မိမိအတွက်ရသောအစားအစာကို ဝေဖန်ပိုင်းခြားပေးတတ်ခြင်း။

၉။ မကြောက်နှင့်၊ သင်၏အကျိုးစီးပွားတိုးတက်နေသည် ဟု အားပေးအားမြှောက်ပြုအပ်ခြင်း။

၁၀။ ဤသို့သောသူနှင့်အတူတကွပေါင်းသင်းဆက်ဆံနေသည် ဟုတပည့်၏အပေါင်းအသင်းကိုသိအပ်ခြင်း။

၁၁။ တပည့်၏ရပ်ရွာ၌အပေါင်းအသင်းကိုသိအပ်ခြင်း။

၁၂။ တပည့်၏ကျောင်း၌အပေါင်းအသင်းကိုသိအပ်ခြင်း။

၁၃။ တပည့်နှင့်အတူ ရယ်မောမြူးတူးခြင်းမပြုရ။

၁၄။ တပည့်နှင့်အတူ စကားပြောဆိုခြင်းကိုမပြုအပ်။

၁၅။ တပည့်၏အနည်းငယ်ချွတ်ချော်တိမ်းပါးသည်ကိုမြင်သော် သည်းခံအပ်ခြင်း။

၁၆။ တပည့်လေးစားသောအမှုကိုကောင်းစွာပြုခြင်း။

၁၇။ ဆရာကျင့်ဝတ်ကိုမချွတ်ဖျက်ရ။

၁၈။ မလျှို့မဝှက်ပြုလုပ်ရခြင်း။

၁၉။ အတတ်ပညာကိုအကြွင်းမရှိ သင်ကြားပေးရခြင်း။

၂၀။ ဤတပည့်ကို အတတ်ပညာတတ်စေအံ့ ဟုဖခင်စိတ်ထားရခြင်း။

၂၁။ ဤတပည့်ကို ဘယ်လိုအကျိုးရှိအောင်လုပ်ပေးရမည်နည်း ဟုကြီးပွားစေလိုစိတ်ထားရခြင်း။

၂၂။ ဤတပည့်ကို မည်သို့သောအတတ်ပညာဖြင့်လုပ်စားနိုင်အောင်ပြုလုပ်ပေးရမည်နည်း ဟုစိတ်ကိုမွေးထားရခြင်း။

၂၃။ မေတ္တာစိတ်ကို တပည့်ထံသို့ပို့လွှတ်ထားရခြင်း။

၂၄။ တပည့်ဘေးရန်ရောက်သောအခါတို့၌ စွန့်ပစ်မထားရ။

၂၅။ ဆရာဘက်မှပြုလုပ်ရမည့်ဝတ္တရားကိုမမေ့လျော့ရ။

၂၆။ တပည့်ဘက်ကချွတ်ယွင်းဖောက်ပြန်သော် တရားသဖြင့် ချီးမြှောက်ဟောကြားရခြင်း။

ဆရာလုပ်သောသူများသည် မိမိတို့တပည့်များအပေါ် ဤသို့သောကျင့်ဝတ်များနှင့်ညီအောင်ကြိုးစားဆောင်ရွက်လုပ်ကိုင်မှသာ ဆရာကောင်းတစ်ယောက်ဖြစ်မည်။

## ပညာရှာ–ပညာရှိကိုမှီဝဲဆည်းကပ်ပါ

သမီးဘဝ ပထမအရွယ်ပညာသည်ဘဝမှာ ဆရာဆိုတဲ့ ပညာရှိကိုပေါင်းဖော်မှီဝဲတတ်ဖို့လိုပါတယ်သမီး။

ပညာရဲရင့် ပွဲလယ်တင့်၍၊ နှိုင်းချင့်ဆင်ခြင်း၊
ကျိုးပြစ်အင်ကို၊ မြော်မြင်တတ်သိ၊ ပညာရှိအား၊
အမိညီဘွား၊ မယားကြင်ဘက်ကိုယ့်သက်စွန်းကား၊
မြတ်နိုးစွာသား၊ ရာဇဂေါ်၊ စူဠနီသို့ တူညီစင်စစ်
ကောင်းစွာချစ်လော့၊ ကျိုးပြစ်ဆင်ခြင်၊ ပညာရှင်ကို၊
ချစ်ခင်ရိုသေ၊ ပေါင်းသင်းလော့၊ မိတ်ဆွေကလျာဏ
ကောင်းစွာရသည် ချစ်ကြွေကေန်စင်စစ်တည်း။

လို့ ပညာရှိကိုဆည်းကပ်သင့်ကြောင်း နရဒကာဒီပနီကျမ်းများ ဆိုထားတယ်သမီး။

ဓမ္မပဒသုခဝဂ် သတ္တဝတ္ထုမှာတော့-

"ချစ်လှစွာသောဆွေမျိုးတို့ကို ပေါင်းဖော်ခြင်းသည် ချမ်းသာသကဲ့သို့ ပညာရှိကိုပေါင်းဖော်ခြင်းသည် ချမ်းသာခြင်းကိုဖြစ်စေတတ်၏၊ လမင်းသည် နက္ခတ်တို့လမ်းဖြစ်သောကောင်းကင်သို့ဆည်းကပ်သကဲ့သို့တည်ကြည်ပြီး လောကုတ်လောကီနှစ်လီပညာရှိကာ အကြားအမြင်ဗဟုသုတနှင့်ပြည့်စုံလျက် မြတ်သောအကျင့် ဖြူစင်သောပညာရှိကိုမှီဝဲဆည်းကပ်ရ၏"

ဟူ၍ ဘုရားရှင်ဟောကြားထားတာကိုလည်း သမီးသိထားသင့်ပါတယ်။

ယခုဘဝ နောက်ဘဝတို့အဖို့ အကျိုးအကြောင်းအဆိုးအကောင်းတို့ကို ခွေးချယ်တတ်သောအသိအလိမ္မာရှိပြီး အကျိုးစီးပွားဖြစ်ထွန်းသောအမှုတို့ကိုသာ ပြောဆိုကျင့်ကြံနေသောသူကို ပညာရှိလို့ဆိုကြတယ်။

ပညာရှိလက္ခဏာကိုကြည့်မယ်ဆိုရင် ပညာရှိဟာ-

- ကောင်းသောအမှုကိုပြုလေ့ရှိတယ်
- ကောင်းသောစကားကိုဆိုလေ့ရှိတယ်
- ကောင်းသောအကြံကို ကြံလေ့ရှိတယ်

ကောင်းသောအမှုဆိုတာကတော့ ကာယကံသုံးပါးကို ကောင်းစွာပြုခြင်းပေါ့၊ ကောင်းသောစကား ဆိုတာကတော့ ဝစီကံလေးပါးကို ကောင်းစွာပြုခြင်းပေါ့၊ ကောင်းသောအကြံဆို တာကတော့ မနောကံသုံးပါးကို ကောင်းစွာပြုခြင်းပေါ့။

ပြီးတော့ ပညာရှိလက္ခဏာဆိုတာက-

မျက်မှောက်ဘဝ၌ရသောအကျိုး၊ တမလွန်ဘဝ၌ရ သောအကျိုး၊ ကိုယ်ကျိုးနှစ်ပါးကို မြဲမြံတည်ကြည်သောစိတ်ရှိခြင်း ဟာ ပညာရှိလက္ခဏာတဲ့။

- ပြီးတော့ ပညာရှိဟာ မိမိနဲ့မထိုက်တန်သောစည်းစိမ် ကိုမတောင့်တဘူး။
- ပျက်စီးလေပြီးသောဥစ္စာအတွက်လည်း ပူဆွေး ကြောင့်ကြမှု မရှိဘူး။
- ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်သောအခါမှာလည်း တွေဝေထိုင်းမှိုင်းခြင်းမရှိဘူး။

ဤဂုဏ်နှင့်ပြည့်စုံသူဟာလည်း ပညာရှိမည်ပါတယ်။

ဆရာတော်ရှင်အဂ္ဂသမာဓိက သူ၏ပျို့လင်္ကာထဲမှာ ပညာရှိစွမ်းရည်ကိုဒီလိုဖွင့်ပြတယ်-

- မြော်မြင်ပညာ လူမိတ်ာကား၊ ခြင်းရာဖွင့်ကသိတတ် လှ၏

- မျက်မှောက်အကျိုးစီးပွားကိုရရှိအောင်ဆောင်ရွက်တတ်၏။
- နောင်တမလွန်အကျိုးစီးပွားကိုရအောင် ဆောင်ရွက်တတ်၏။

ပညာရှိရဲ့အခြင်းအရာဆိုတဲ့ ပညာရှိရဲ့စိတ်ဓာတ်သဘောကတော့-

- လာမည့်ဘေးကိုကြည့်၍ရှောင်တတ်တယ်
- ဘေးရောက်လာတဲ့အခါ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ ကြံ့ကြံ့ခံပြီးတွန်းလှန်ဖြိုဖျက်တတ်တယ်။

ဉာဏ်ပညာရှိသူဟာ မိမိကိုယ်ကိုယဉ်ကျေးအောင်ဆုံးမတတ်သလို သူတစ်ပါးကိုလည်းယဉ်ကျေးအောင်ဆုံးမတတ်တယ်။

လောကမှာ ချောင်းငယ်မြောင်းငယ်တို့ဟာ အသံကြီးစွာမြည်ပြီးစီးဆင်းကြပြီး မြစ်ကြီးတို့မှာမူ အသံမဖြစ်ဘဲငြိမ်သက်စွာစီးဆင်းကြသလို ပညာဗဟုသုတကင်းမဲ့သူဟာ ပရိသတ်အလယ်ငါတတ်တယ်၊ ငါလိမ္မာတယ်ဆိုပြီး ဝင့်ဝါပလွှားလေ့ရှိတယ်၊ ပညာရှိသောသူကတော့ စည်ကြီးကိုတီးမှမြည်တပ်သလို တည်ကြည်ခံ့ညားစွာနေပြီး ပြောသင့်တဲ့အခါမှပြောတယ်၊ မပြောသင့်တဲ့အခါ နှုတ်ပိတ်ပြီး ဆိတ်ဆိတ်နေလေ့ရှိတယ်။

ပညာရှိမှာလည်း ပကာသနပညာရှိနှင့်သဘာဝပညာရှိ ဆိုပြီးနှစ်မျိုးရှိပြန်တယ်။

မိမိကိုယ်ကို ပညာရှိထင်မှတ်အောင် ပယောဂအမျိုးမျိုး လုံ့လအမျိုးမျိုးနှင့်ကူပံ့ပြီး ပကာသနဟန်ဆောင်မှုပြုသောပညာ ရှိမျိုးဟာ ပကာသနပညာရှိဖြစ်တယ်။

ပယောဂမပါ၊ ငရုတ်သီးမှန်လျှင် ခုနစ်လံရေငုပ်၍စား သော်လည်းစပ်မည်ဆိုသောသဘောကဲ့သို့ သဘာဝအရ တတ်သိ နားလည်သောပညာရှိမျိုးကို သဘာဝပညာရှိလို့ဆိုတယ်။

လောကမှာက အဲဒီလိုတတ်ယောင်ကား ပညာရှိတွေက များတာကို သမီးလေ့လာမှတ်သားပြီး ပညာရှိကိုမှီဝဲသင့်ပါတယ်၊ စာပေတွေထဲမှာတော့ ပညာရှိလေးမျိုးကိုဖော်ပြထားတာတွေ့ရ တယ်။

- အကြံအစည်အားကိုးသော (စိန္တကဝိ)ပညာရှိ

အဲဒီပုဂ္ဂိုလ်မျိုးကတော့ ယခုခေတ်အတွေးအခေါ် ဆရာ တွေပေါ့၊ တွေးခေါ်ပညာရှင်တွေလို့ သဘောပေါက်ထားပေါ့။

- အကြားအမြင်ဗဟုသုတအမှတ်အသားကိုအားထားပြု သော(သုတကဝိ) ပညာရှိ

သူက ဖေဖေတို့မြန်မာ့သမိုင်းမှာထင်ရှားခဲ့တဲ့ ဖိုးရာဇာ ပေါ့၊ လယ်သမားဘပက်နေ ဝန်ဇင်းမင်းရာဇာဆိုပြီး ပညာရှိဘွဲ့ ခံခဲ့ရတာထင်ရှားလှပါတယ်။

အကျယ်အဝန်း ခပ်ခဲခဲကျင်းကျင်း ပြန့်ပြန့်ပြူးပြူးအထူးလိုက်စားသော (အတ္တကဝိ)ပညာရှိ

အဲဒါကတော့ ယခုခေတ်အခြေအနေအရပြောရရင်သုတေသနပညာရှင်တွေပေါ့သမီး။

အကြံနှင့်အကြားကိုအလေးမပြုဘူး၊ အရေးတိုက်ဆိုင်ကြုံလာရင် ကြုံသလို ဉာဏ်ဖြင့်ဆင်ခြင်ပြီး ဉာဏ်ထဲထင်မြင်လာအောင်လုပ်ပြီး ဖြေရှင်းတတ်တဲ့ (ပဋိဘာဏကဝိ)ပညာရှိ

အဲဒါကတော့ ယခုခေတ်စကားနှင့်ပြောရရင် ဖြတ်ထိုးဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေလို့ပဲ၊ လွယ်လွယ်ကူကူမှတ်ထားပေါ့။

ပညာရှိကို ဘာပြုလို့မှီဝဲဆည်းကပ်ရသလဲဆိုရင် ပညာရှိကိုပေါင်းခြင်းဟာ ပညာရှိပုဂ္ဂိုလ်များဟာ မွှေးရနံ့သင်းသောတောင်ဇလပ်ပန်းနှင့်တူတယ်၊ ပညာရှိကိုဆည်းကပ်သူဟာလည်းတောင်ဇလပ်ပန်းကိုထုပ်သောဖက်ကဲ့သို့ သင်းရနံ့မွှေးတယ်။

- ပညာရှိတို့ဟာ မေတ္တာဘာဝနာပွားများသူများဖြစ်၍ အများကနှစ်သက်မြတ်နိုးစေတတ်တယ်။
- ကြောက်မက်ဖွယ်ဘေးရန်နှင့်တွေ့တဲ့အခါ မှီဝဲဆည်းကပ်သူကို ကျုံးမြောင်းကတုတ်အကာအကွယ်ကဲ့သို့ ကာကွယ်ပေးတတ်တယ်။
- ပညာရှိဟာ မှီဝဲသူအဖို့မျောင်မိုက်တိုက်မှာ ဆီမီးရောင်ကိုအားကိုးရသလို အားကိုးလို့ရတယ်။

- ထမင်းဆာသောသူကို အဆင့်သင့်စားရ၍ဝမ်းမြောက်ရသလို ပညာရှိများကိုမှီဝဲဆည်းကပ်သူဟာ အကျိုးစီးပွားအဖြာဖြာပြည့်စုံစွာရတယ်။

အဲဒါကြောင့် ပညာရှိကိုမှီဝဲဆည်းကပ်ရမယ်တဲ့၊ ဇာတကဝတ္ထုထဲမှာ အကိတ္တိရသေ့ကြီးဆုတောင်းပုံကို သမီးနားထောင်ကြည့်စမ်းပါ-

- ပညာရှိကိုမြင်ရလိုပါ၏
- ပညာရှိကို ဤအရပ်၌နေ၏ ဟု ကြားရပါလို၏
- ပညာရှိတို့နှင့်ပေါင်းဖော်ရပါလို၏
- ပညာရှိနှင့်ခဏ ခဏပြောဆိုမှု ပြုရပါလို၏
- ပညာရှိနှင့်ပြောဆိုရမှုကို နှစ်သက်ရပါလို၏

ဘယ်လောက်များမှတ်သားဖွယ်ကောင်းတဲ့ဆုတောင်းလည်းဆိုတာ။

သမီးတို့ ပထမအရွယ် ပညာသည်ဘဝမှာ ဒီလိုပညာရှိတွေသဘောကိုသိပြီး ပညာရှိကိုပေါင်းသင်းဆက်ဆံသွားရင် သမီးဘဝတစ်လျှောက် ပထမအရွယ်မှာ ပညာတတ်ဖြစ်မယ်။

ဒုတိယအရွယ်မှာလည်း ဥစ္စာပြည့်ဝသူဖြစ်နိုင်တယ်။

တတိယအရွယ် သံသရာတစ်ဖက်ကမ်းကို တက်လှမ်းနိုင်သူဖြစ်နိုင်တယ်၊ သမီးမှတ်မိအောင် ပညာရှိသဘောကို အကျဉ်းချုပ်ပြောပြရရင်တော့-

- ခု နောင်ကျိုးများ၊ ကြည့်တတ်ငြား၊ မှတ်သားပညာရှိ
- ကောင်းဆိုးနှစ်ပါး၊ သိတတ်ငြား၊ မှတ်သားပညာရှိ
- နှိုင်းချိန်မပြတ်၊ သတ်မှတ်တတ်၊ သိမှတ်ပညာရှိ
- သုစရိုက်အား၊ ပြုလိုက်စား၊ မှတ်သားပညာရှိ

အဲဒီနေရာမှာ ပညာရှိသူတော်ကောင်း၊ ဆရာကောင်းကို ပေါင်းဖော်မှီဝဲဆည်းကပ်လို့ တိုင်းကျိုးပြည်ကျိုးဆောင် မင်းဘဝရောက်သည်အထိ ကောင်းကျိုးခံစားသွားရမဲ့ သံဝရမင်းသားလေးအကြောင်းကို သမီးကိုဖေဖေပြောပြမယ်-

လွန်လေပြီးသောအခါက ဗာရဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတယ်၊ အဲဒီမင်းမှာ သားပေါင်း(၁၀၀)ရှိတယ်၊ အထွေးဆုံးသားကတော့ သံဝရမင်းသားလို့အမည်ရှိတယ်။

မင်းကြီးက သားတစ်ယောက်ကို အမတ်ပညာရှိတစ်ယောက်စီမှာအပ်ပြီး အတတ်ပညာကိုသင်ယူစေတယ်၊ အတတ်ပညာပြည့်စုံကြတဲ့အခါကျတော့ သားတော်များကို မြို့ရွာကျေးခရိုင်တို့ကို ပေးစားထားတယ်။

သံဝရမင်းသားငယ်ဟာလည်း နောင်တော်များနည်းတူ အမတ်တစ်ဦးထံမှာ ပညာသင်ယူရတယ်။

သံဝရမင်းသားဟာ ဆရာအမတ်ထံမှာအတတ်ပညာကို ကျိုးနွံစွာသင်ယူတယ်၊ ဆရာအမတ်ရဲ့အဆုံးအမကိုနာယူတယ်၊ ဆရာအမတ်ကို အဖအရာ၌ထားတယ်။

သံဝရမင်းသားငယ်ဟာ အတတ်ပညာသင်ယူပြီးတော့ အတတ်ပညာကို ခမည်းတော်ရှေ့မှောက်၌ မိမိအတတ်ပညာကို ပြရန်အချိန်ရောက်လာတော့ သံဝရမင်းသားငယ်က ဆရာအမတ်ကိုမေးတယ်-

"ဆရာ. . . ကျွန်ုပ်အား ခမည်းတော်က မြို့ ကျေးရွာ ခရိုင်ပေးလျှင် ဘယ်လိုပြုရပါမည်လဲ"

အဲဒီအခါမှာ ဆရာအမတ်က မင်းသား သင့်အား မြို့ ကျေးရွာ ခရိုင်ပေးလျှင်မယူနဲ့၊ နောင်တော်ကိုးကျိပ်ကိုးယောက်တို့သည် ခမည်းတော်ထံမှထွက်ခွာသွားကြပြီးဖြစ်လို့ ကျွန်ုပ်ပါ ထွက်ခွာသွားလျှင် ခမည်းတော်ထံမှာ တိတ်ဆိတ်သွားပါလိမ့်မယ်၊ ခမည်းတော်ခြေရင်း၌သာနေလိုပါသည် ဟုလျှောက်ထားရန် အကြံပေးတယ်။

သံဝရမင်းသားငယ်ဟာ ခမည်းတော်ရှေ့မှာအတတ်ပညာပြတယ်၊ ခမည်းတော်ကလည်း သဘောကျပြီး အခြားသားများနည်းတူ မြို့ ကျေးရွာ ခရိုင်တွေပေးတယ်၊ မင်းသားငယ်က သူ့ဆရာအကြံပေးသည့်အတိုင်း လျှောက်တင်တော့ မင်းကြီးက အလွန်နှစ်သက်မြတ်နိုးပြီး မင်းကြီးခြေတော်ရင်း၌နေစေပါတယ်။

သံဝရမင်းသားငယ်ဟာ ဆရာအမတ်ထံ မပြတ်ချဉ်းကပ်၍ ဆုံးမသွန်သင်သည်တို့ကိုနာယူတယ်။

ဆရာအမတ်ဟာ သံဝရမင်းသားငယ်ကို မင်းကြီးထံ ဥယျာဉ်ဟောင်းတစ်ခုကိုတောင်းစေပြီး စားပင်သီးနှံပင်မျိုးစုံကို စိုက်ပျိုးစေကာထွက်လာသောပန်းမာန်သစ်သီးတို့ကို မင်းဆွေမင်းမျိုးမှူးမတ်ငယ်တို့အား ထောက်ပံ့စေတယ်။

တစ်ဖန် အမတ်က မင်းသားငယ်ကို မင်းကြီးအားခွင့်ပန်စေပြီး နန်းတွင်းမြို့တွင်းရှိ မှူးမတ်ဗိုလ်ပါအမှုလုပ်ဆင်မြင်းတို့အား ထမင်းရိက္ခာတို့ကိုပေးစေတယ်။

တိုင်းတစ်ပါးမှလာသောကုန်သည်တို့ကိုလည်း နေရာထိုင်ခင်းပေးတယ်၊ သံဝရမင်းသားငယ်သည် ဆရာအမတ်လမ်းညွှန်သည့်အတိုင်းဆောင်ရွက်လုပ်ကိုင်လာခဲ့ရာ အားလုံးသောမှူးမတ်ပြည်သူအပေါင်းက သံဝရမင်းသားငယ်ကိုပိုမိုသိကြပြီး ပိုမိုချစ်မြတ်နိုးလာကြတယ်။

ဗြဟ္မဒတ်မင်းကြီးဟာ အခါတစ်ပါးတွင် နာမကျန်းဖြစ်လာပြီး သေအံ့နီးနီးဖြစ်လာတယ်၊ အဲဒီအခါမှာ မှူးမတ်တွေက-

"အရှင်မင်းကြီး. . . မင်းကြီးလွန်သော် ထီးနန်းကိုမည်သူအားပေးရမည်လဲ"

ဟုလျှောက်ထားကြတယ်၊ အဲဒီအခါမှာ မင်းကြီးက-

"အမတ်တို့. . ငါ့သားတစ်ရာတို့သည် ထီးနန်းနှင့်ထိုက်သူချည်းသာဖြစ်ကြတယ်၊ သားတစ်ရာအနက် မင်းအမတ်တို့နှစ်

သက်သူကိုသာ ထီးနန်းဆောင်နှင်းရစ်ကြပါလို့မိန့်မှာပြီး နတ်ရွာစံသွားတယ်”

အမတ်တို့ကလည်း အားလုံးသံဘောတူကြပြီး သံဝရမင်းသားငယ်ကို ထီးနန်းတင်ကြတယ်၊ သံဝရမင်းသားငယ်ကလည်း ဆရာအမတ်ဆိုဆုံးမလမ်းညွှန်မှုပေးသည့်အတိုင်း မင်းကျင့်တရားနှင့်အညီ မင်းပြုတယ်။

မှူးမတ်တို့က သံဝရမင်းသားငယ်ကို ထီးနန်းအပ်တယ်လို့သတင်းကိုကြားကြတဲ့ ကိုးကျိပ်ကိုးယောက်သောမင်းသားတို့သည် ထီးနန်းအရိုက်အရာကို အကြီးဆုံးနောင်တော်ဖြစ်သော ဥပေါသထမင်းသားကို မေးမည်ဟုညှိနှိုင်းကာ ဗာရဏသီပြည်သို့ ချီတက်လာကြပြီး ဝိုင်းရံထားကြတယ်။

ထီးနန်းအရိုက်အရာကို နောင်တော်ဥပေါသထမင်းအား ပေးမည်လော၊ စစ်ထိုးမည်လော ဟု သံဝရမင်းသားထံ သဝဏ်လွှာပို့ကြတယ်။

သံဝရမင်းသားငယ်ဟာ ဆရာအမတ်ဆိုဆုံးမလမ်းညွှန်သည့်အတိုင်း ခမည်းတော်ဥစ္စာကို အစုတစ်ရာပြု၍ ကိုးကျိပ်ကိုးယောက်သောနောင်တော်များထံပေးပို့တယ်၊ ခမည်းတော်အမွေဥစ္စာစုကိုယူကြပါ၊ နောင်တော်တို့နှင့်စစ်မထိုးလိုပါ လို့လျှောက်ထားတယ်။

အဲဒီအခါမှာ နောင်တော်ကြီး ဥပေါသထမင်းသားက ညီတော်များအားလုံးကိုခေါ်ယူပြီး-

"ညီတော်တို့. . . ငါတို့သည် ထီးဖြူကိုတစ်ပြိုင်နက် တည်းမဆောင်းနိုင်၊ ညီထွေးသံဝရသည် ခမည်းတော်ဥစ္စာအစုကို ငါ့အားဆက်သ၍ စစ်မဖြစ်လိုကြောင်းလျှောက်လာသည်၊ ညီထွေးသည် ငါတို့အားရန်သူလိုမဆက်ဆံ၊ ညီထွေး သံဝရသာ ထီးနန်းဆက်ခံပါစေလို့မိန့်ကြားတော့ မင်းသားအားလုံးကလည်း သဘောတူကြတယ်။

အဲဒီလိုသဘောတူကြတော့ သံဝရမင်းသားသည် မြို့တံခါးကိုဖွင့်၍ အမတ်များကို နောင်တော်တို့အားဆီးကြိုဆိုစေသည်၊ နောင်တော်များကို ဝမ်းမြောက်ဝမ်းသာကြိုဆို၍ နေရာထိုင်ခင်းဦး၊ စားသောက်ဦးတို့ဖြင့် နောင်တော်များကိုပူဇော်တယ်။

ပြန်ကာနီးကျတော့ နောင်တော်ကြီး ဥပေါသထက သံဝရမင်းသားငယ်ကို ဘာကြောင့် ခမည်းတော်ကထီးနန်းအပ်ချင်ရသလဲ ဟုမေးတယ်။

အဲဒီအခါမှာ သံဝရမင်းသားငယ်က-

"နောင်တော်. . . ကျွန်ုပ်သည် သူတော်ကောင်းဆရာကောင်းတို့ကိုဆည်းကပ်ကိုးကွယ်တယ်၊ သူတော်ကောင်းတို့အား အကျိုးစီးပွားနှင့်ယှဉ်သောဆုံးမစကားကို ဆိုဆုံးမပါတယ်၊ ထိုဆို

ဆုံးမစကားကို ကျွန်ုပ်နာယူပါတယ်၊ အဆုံးအမအတိုင်း လိုက်နာဆောင်ရွက်ပါတယ်၊ ဤသည်ပင်လျှင် ကျွန်ုပ်ထီးနန်းရခဲ့ခြင်းအကြောင်းရင်းဖြစ်ပါတယ်လို့ ဖြေကြားတယ်။

အဲဒီအခါမှာ နောင်တော်ကိုးကျိပ်ကိုးယောက်တို့ဟာ ညီတော်သံဝရမင်းသားငယ်ကို တရားနှင့်ပြည့်စုံသောညီငယ်မင်းအဖြစ် အသိအမှတ်ပြုလက်ခံကြပြီး မြို့တွင်းတစ်လခွဲနေပြီး မိမိတို့ပိုင်စားရာမြို့ ကျေးရွာအသီးသီးသို့ပြန်သွားကြတယ်။

ဒီလို သံဝရမင်းသားငယ်ဟာ ပညာရှိဆရာကောင်းကို ပေါင်းဖော်ပြီး ဆရာရဲ့ဆိုဆုံးမသည့်အတိုင်း လိုက်နာဆောင်ရွက်သည့်အတွက် နောက်ဆုံးမင်းစည်းစိမ်ချမ်းသာကို ဧအးဆေးချမ်းသာစွာခံစားသွားရတယ်။

အဲဒါကြောင့် သမီးတို့ဘဝတစ်လျှောက်လုံး ကာယသုခစိတ္တသုခချမ်းသာစွာနှင့် ဘဝခရီးကိုလျှောက်လှမ်းလိုရင်တော့ ပညာရှိဆရာကောင်းကိုရှာဖွေပေါင်းသင်းပြီး ဆရာဆိုဆုံးမသည့်အတိုင်း လိုက်နာဆောင်ရွက်ကျင့်သုံးနိုင်ရမယ်သမီး။

## ပူဇော်သင့်သူကို ပူဇော်ပုံ

သမီးရဲ့ ပညာသည်ဘဝ ပထမအရွယ်မှာ ပညာတတ်ဖို့ လိမ္မာယဉ်ကျေးဖို့ အသိပညာဗဟုသုတပြည့်ဝဖို့ ဒုတိယအရွယ်၊

တတိယအရွယ်မှာ ဘဝအာမခံချက်ကိုယ်ခံပညာ ဗဟုသုတတွေ ရဖို့အတွက် စောစောက ဖေဖေပြောခဲ့ပြီးပြီ-

- လူဆိုးလူမိုက်မပေါင်းရဘူး
- မိတ်ဆွေယုတ်တွေကိုရှောင်ရမယ်
- မိတ်ဆွေကောင်းတွေကိုရှာပေါင်းရမယ်
- ပညာရှိကိုဆည်းကပ်မှီဝဲရမယ်

အဲဒီလိုပဲ သမီးဘဝရှေ့ရေးအဆင်ပြေချမ်းသာရေးနှင့် ကူညီစောင့်ရှောက်မှုအပြည့်အဝရရေးကျေးဇူးတရား၏အကျိုး ကိုရရှိခံစားနိုင်ရေးအတွက် အရိုအသေပြုထိုက်သူ၊ ရှိခိုးထိုက်သူ ကို ရိုသေရှိခိုးရမယ်။

ဘုရားရှင်ကလည်း ဓမ္မပဒမှာ အသက်ဂုဏ်ဝါကြီးသူ တို့ကို အရိုအသေပြုရှိခိုးလေ့ရှိသောသူအား-

- အသက်ရှည်ခြင်း
- အဆင်းလှခြင်း
- ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း
- ခွန်အားကြီးကျယ်ခြင်း

ဟူသော ကျေးဇူးတရားတို့သည် ပွားများကုန်၏ လို့ ဟောတော် မူထားတယ်။

ဗုဒ္ဓဟောကြားမြွတ်တရား၏ယဉ်ကျေးမှုကို လေးစား လိုက်နာကြတဲ့ဖေဖေတို့ဗုဒ္ဓဘာသာတွေဟာ ငယ်ငယ်ကတည်းက

ဒီကုသိုလ်အကျိုးကိုသိရှိပြီး လိုက်နာခဲ့ကြတယ်၊ သမီးတို့လက်ထက်မှာလည်း ဆက်လက်ပြီးလိုက်နာကျင့်သုံးကြရမှာပဲ။

ဘယ်ပုဂ္ဂိုလ်တွေကိုမှီခိုပူဇော်ရမလဲ၊ အဘယ်ပုဂ္ဂိုလ်တွေက ရှိခိုးပူဇော်ထိုက်သလဲဆိုရင်တော့-

- ရတနာသုံးပါးကို အားလုံးကပူဇော်ထိုက်ပါတယ်
- အမိအဘကို သားသမီးတို့ကပူဇော်ထိုက်ပါတယ်
- ဆရာကိုတပည့်တို့ကပူဇော်ထိုက်ပါတယ်
- ကျေးဇူးများတဲ့အဆွေခင်ပွန်းကောင်းကိုလည်း ပူဇော်ထိုက်ပါတယ်
- မိထွေးမိကြီး ဘထွေးဘကြီးတို့ကိုလည်း ပူဇော်ထိုက်ပါတယ်
- အဘိုးအဘွားတို့ကိုလည်း ပူဇော်ထိုက်ပါတယ်
- ကျေးဇူးအထူးရှိတဲ့ပုဂ္ဂိုလ်များကိုလည်း ပူဇော်ထိုက်ပါတယ်
- မြတ်သောအကျင့်ရှိသောပုဂ္ဂိုလ်ကိုလည်း ပူဇော်ထိုက်ပါတယ်
- ရေမြေအရှင် အုပ်စိုးမင်းသူကိုလည်း ပူဇော်ထိုက်ပါတယ်
- ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်စသည်တို့ကိုလည်း ပူဇော်ထိုက်ပါတယ်

ပူဇော်ခံထိုက်သောပုဂ္ဂိုလ်စာရင်းကို ကျမ်းဂန်တွေမှာ ပြတာကတော့ အောက်ပါအတိုင်းတွေ့ရပါတယ်-

၁။ ဘုရား ၂။ ပစ္စေကဗုဒ္ဓါ ၃။ သံဃာ
၄။ မိဘ ၅။ ဆရာ ၆။ ဂုဏ်ကြီးသူ
၇။ အသက်ကြီးသူ

ဤပုဂ္ဂိုလ်များကိုပူဇော်ခြင်း၊ ရှိခိုးခြင်းဟာ လောက သံသရာနှစ်ဖြာသောဘဝမှာ ကောင်းကျိုးချမ်းသာတွေခံစားရပါတယ်။

သမီးတို့လက်တွေ့ပဲလေ၊ မိဘဆရာသမားတွေကို ပူဇော်ကန်တော့၍ မိဘဆရာသမားတွေက မေတ္တာစာတ်အပြည့် အဝနဲ့ကျန်းမာချမ်းသာဖို့ ဆုတွေပေးတာကိုခံစားကြရတယ်။

ဒီလိုကန်တော့ကြလို့လည်း မိဘဘိုးဘွားတွေသာမက ပတ်ဝန်းကျင်ကပါ လိမ္မာယဉ်ကျေးတဲ့ကလေးဆိုပြီး ဝိုင်းဝန်းချီး ကျူးကြတယ်၊ မြတ်နိုးချစ်ခင်ကြတယ်၊ ဒါဟာ လက်တွေ့အကျိုး ဘဲသမီးရဲ့။

ဒီလိုယဉ်ကျေးမှုရှိတဲ့ကလေးကို အားလုံးကဝိုင်းချစ်သလို အားလုံးကဝိုင်းပြီးစောင့်ရှောက်ဟတ်ကြတယ်။

သူတော်ကောင်း နတ်ကောင်းမဆိုသလို ဒီလိုလိမ္မာယဉ် ကျေးတဲ့သူကို နတ်တွေကလည်းချစ်မြတ်နိုးတယ်၊ ကောင်းရာ ဘဝတွေဖြစ်ပေါ်လာအောင် စောင့်ရှောက်တတ်သလို မကောင်း

တဲ့အရာတွေမဖြစ်ပေါ်အောင်လည်း ကာကွယ်စောင့်ရှောက်ပေး
တတ်တယ်။

ဘုရားရှင်လက်ထက်က ဘုရားကို နမောဗုဒ္ဓါယလို့ တမ်း
တမိတဲ့ကလေးကို ဘီလူးတွေကစောင့်ရှောက်ခဲ့တဲ့အဖြစ်အပျက်
ကိုသမီးကြည့်ပေါ့။

ဒီနေရာမှာ ရှိခိုးကန်တော့ပူဇော်မှုနှင့်ပတ်သက်လို့ ပူဇော်
တဲ့နေရာမှာ အကျိုးကျေးဇူးလည်းမြော်က်၊ လူမျိုးရဲ့ယဉ်ကျေးမှု
ဂုဏ်နှင့်အညီ ပူဇော်တတ်ဖို့လည်း လိုအပ်ပါတယ်သမီး။

ဖေဖေတို့ ဗုဒ္ဓဘာသာမှာ ပူဇော်ထိုက်သူကိုပူဇော်တဲ့
နေရာမှာ-

- ဓမ္မပူဇာ
- အာမိသပူဇာ ဆိုတဲ့ ပူဇော်နည်း(၂)မျိုးရှိတယ်။

အာမိသပူဇာဆိုတာကတော့ ပူဇော်ထိုက်သောပုဂ္ဂိုလ်ကို
ပစ္စည်းပစ္စယတွေနဲ့ပူဇော်ကန်တော့တာဖြစ်တယ်။

ဓမ္မပူဇာဆိုတာကတော့ တရားနှင့်ပူဇော်တာပါ၊ ဒီတရား
ပူဇော်မှုက ယခုနေ သမီးသဘောပေါက်မှာမဟုတ်သေးဘူး။

ဖေဖေတို့စာပေတွေထဲမှာတော့ ရဟန္တာဖြစ်သွားတဲ့
တပည့်က တရားအားမထုတ်ဘဲ စာတွေသာပို့ချနေတဲ့ မထေရ်
ဆရာကြီးကို ရဟန္တာဖြစ်အောင် ပရိယာယ်နှင့်စကားပြောလျှောက်

ထားရာ ဆရာမထေရ်ကြီးသတိသံဝေဂရပြီး တရားအားထုတ်ကာ မကြာခင် ရဟန္တာဖြစ်သွားတယ်၊ ဒါဟာ တပည့်က ဆရာကို ဓမ္မပူဇာနှင့်ပူဇော်တာပဲ။

အာမိသပူဇာပစ္စည်းပစ္စယတွေနဲ့ပူဇော်တာကတော့ ဖေဖေတို့ဗုဒ္ဓဘာသာဓလေ့ထုံးစံအတိုင်း မိဘဆရာသမားဆိုတာ အနန္တောအနန္တငါးပါးထဲပါနေလေတော့ ဆရာသမားများကို ကိုယ့်အားနှင့်လျော်သရွေ့ ပစ္စည်းနဲ့ပူဇော်ကြတယ်။

ဒီလိုပူဇော်တော့ ဆရာသမား မိဘတွေကလည်း ငါ့သားလေးက သိတတ်တယ်၊ လိမ္မာတယ်၊ ငါ့သမီးလေးက သိတတ်တယ်၊ လိမ္မာတယ်၊ ငါ့တပည့်လေးက သိတတ်တယ်၊ လိမ္မာတယ်၊ ဆိုပြီး သားသမီးတပည့်တွေကို မိဘဆရာသမားတွေက တသသ သတိရစေတယ်၊ မြတ်နိုးစေတယ်၊ မေတ္တာဓာတ်ပို့လွှတ်ပေးကြတယ်။

မိဘဆရာသမားတို့ရဲ့မေတ္တာဓာတ်ကိုလက်ခံရရှိကြတဲ့ သားသမီးတပည့်တွေရဲ့ဘဝဟာချမ်းသာတယ်၊ ပညာတတ်တယ်၊ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံကြတယ်သမီး။

သားသမီးတွေမွေးပြီးကတည်းက မိဘတွေဆိုတာ သားသမီးရဲ့စားဝတ်နေရေး ပညာရေးကိုအမြဲကြောင့်ကြဝါယမစိုက်ပြီး လုပ်နေကြရတာ၊ ကြိုးစားဆောင်ရွက်နေကြရတာ၊ သားသမီး

အတွက် မိဘတွေဟာ နေ့စဉ်သမျှတွက်တွက်ပြီး ဆောင်ရွက်နေကြရတာ။

အဲဒါကြောင့် မိဘဆိုတာ သမီးတို့ရဲ့အဓိကထားပူဇော်ထိုက်တဲ့ပူဇော်ခံထိုက်တဲ့ပုဂ္ဂိုလ်ပဲသမီး။

ထိုနည်းတူ ဆရာသမားဆိုတာကလည်း ကိုယ့်တပည့်သားများ လူတော်လူကောင်းဖြစ်ဖို့ အမြဲကြိုးစားအာရုံထားပြီး တွက်ချက်ကြည့်နေရသူတွေပဲ၊ ဒါကြောင့် ဆရာသမားဆိုတာကလည်း သမီးတို့ပညာသည်ဘဝတစ်လျှောက်လုံး ပူဇော်အပ်တဲ့ပုဂ္ဂိုလ်၊ မြတ်နိုးအပ်ဆည်းကပ်အပ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။

နောက်ပြီး သမီးတို့တတွေ ပညာသည်ဘဝကတည်းက မပြစ်မှားအပ်တဲ့ခင်ပွန်းကြီး(၁၀)ပါးဆိုတာလည်းရှိတယ်၊ အဲဒီခင်ပွန်းကြီး(၁၀)ပါးကိုပူဇော်ထိုက်တယ်၊ ရှိခိုးထိုက်တယ်။

ခင်ပွန်းကြီး(၁၀)ပါးဆိုတာကတော့-

**ဘုရား၊ ရဟန္တာ၊ ပစ္စေကာ၊ အဂ္ဂါဘာဝက၊ မိနှင့်ဘ**
**အလေးပြုအပ်၊ အတတ်ကိုသင်၊ ဟောလျှင်တရား**
**သုံးပါးဆရာမြတ်၊ ပေးစွန့်တတ်၊ ဆယ်ရပ်ခင်ပွန်းတည်း**

အဲဒီ(၁၀)ပါးပြစ်မှားတဲ့လူဟာ ဒိဋ္ဌဓမ္မလက်ငင်းအကျိုးပေးရာမှာ ကောင်းကျိုးတွေပေးသလို ဆိုးကျိုးတွေကိုလည်း ပေးတတ်တယ်၊ အဲဒီခင်ပွန်းကြီး(၁၀)ပါးပြစ်မှားတဲ့သူဟာ အောက်ပါဆိုးကျိုးများကိုလည်း ခံစားရပါသတဲ့-

- ပြင်းထန်သောဝေဒနာခံစားရမယ်
- စီးပွားဥစ္စာပျက်စီးမယ်
- ကိုယ်ခန္ဓာပျက်စီးတတ်တယ်
- ပြင်းထန်သော နူနာ၊ ခြေခွင်နာ၊ မျက်စိကန်း၊ နားလေး အနာဖြစ်မယ်
- ရူးသွပ်မယ်
- မင်းဘေးဒဏ်ခံရမယ်၊ မင်းဘဏ္ဍာအဖြစ်ခံရမယ်
- စွပ်စွဲခံရမယ်
- ဆွေမျိုးပျက်စီးတတ်တယ်
- မီးဘေးသင့်တတ်တယ်၊ မိုးကြိုးပစ်ပြီး မီးလောင်တတ်တယ်
- ငရဲကျမယ်

ဒီနေရာမှာလည်း ငယ်စဉ်ကတည်းက ပူဇော်ထိုက်သူကို ပူဇော်ခဲ့လို့ နောက်ဆုံး ပုဂံပြည်မှာပြည်သူတွေကပါ ချစ်ခင်လေးစားမြတ်နိုးသွားရတဲ့ ထီးလိုမင်းလိုအကြောင်းလေးက စိတ်ဝင်စားစရာကောင်းတယ်သမီး၊ သမီးသိအောင် ဖေဖေပြောပြမယ်-

သက္ကရာဇ် ၅၃၅-၅၇၂ခုနှစ်၊ ပုဂံပြည်မှာ နရပတိစည်သူမင်းကြီး မင်းပြုတယ်၊ အခါတစ်ပါးမှာ မင်းကြီးရဲ့လက်ညှိုးမှာ ခူနာပေါက်တယ်၊ ဆေးဝါးကုသသော်လည်း မပျောက်နိုင်၊ ကိုက်ခဲဒဏ်ခံနေရ၍မအိပ်နိုင်၊ မထိုင်နိုင်ခံစားနေရတယ်။

အဲဒါကို ဇေယျသိန်မင်းသားငယ်ရဲ့မိခင် မိဖုရားငယ်တစ်ပါးက မင်းကြီးရဲ့လက်ညှိုးကိုခံတွင်းဖြင့်ငုံထားပေးတယ်၊ အဲဒီလိုငုံထားပေးတော့ ခံတွင်းသရေငွေ့ဖြင့် မင်းကြီးအနာသက်သာပြီးအိပ်ပျော်သွားနိုင်တယ်၊ မင်းကြီးအိပ်ပျော်စဉ် အနာကပြည်ပေါက်သွားတယ်၊ မင်းကြီးနိုးမှာစိုးပြီး မိဖုရားငယ်က ပြည်တွေကိုထွေးမပစ်ဘဲ အကြိမ်ကြိမ်မျိုချပစ်တယ်။

မင်းကြီးအိပ်ရာကနိုးတော့ အနာကလည်းသက်သာ၊ ဤအကြောင်းအရာကိုလည်းသိတော့-

"ဤမိဖုရားငယ်နှင့်တူသော ငါ့ကိုချစ်သောသူမရှိ" ဟု နှလုံးသွင်းတော်မူပြီးမှ-

"သင့်ကို ငါဆုပေး" လို့မိန့်ကြားတယ်၊ မိဖုရားငယ်ကလည်း ရွှေ၊ ငွေ၊ ဆင်၊ မြင်းကျေးမက်ကား သနားတော်မူ၍ အများနည်းတူ အရှင်ရဲ့ကျွန်မမှာရှိနေပါပြီဘုရား၊ အမြိတ်အစွန်တော်ဖြစ်သော ကျွန်တော်ငယ်ကို နန်းတော်စောင့်ပါစေလို့ လျှောက်ထားတယ်"

အမြိတ်အစွန်းဆိုတာ မထင်ရှားတဲ့မိဖုရားကမွေးတဲ့သားကိုခေါ်တာ နန်းရမိဖုရားကြီးတွေကမွေးတဲ့သားမှာ အထင်ကရသားတော်ကြီး အမွေခံသားတော်ကြီးဖြစ်ကြတာကိုကွဲ့။

မိဖုရားငယ်က အဲဒီလိုလျှောက်တော့ မင်းကြီးကလည်း ချစ်မြတ်နိုးလွန်းတော့ အလွယ်တကူပဲ ကောင်းပြီ၊ စောင့်စေအုံ့ လို့ သဘောတူခွင့်ပြုလိုက်တယ်။

အဲဒီအချိန်မှာ မင်းကြီးမှာ နန်းရမိဖုရားကြီးတွေ မွေးထားတဲ့သားတော်ကြီးလေးပါးရှိနေတယ်၊ ထီးနန်းအရိုက်အရာကို အဲဒီသားတော်ကြီးလေးပါးအနက် တစ်ပါးပါးက ဆက်ခံရမဲ့သဘောရှိတယ်။

မိဖုရားငယ်ဟာ မင်းကြီးထံ သိရသည့်အချိန်မှစ၍ သားတော်ငယ်ကို သီတင်းနေတိုင်း နောင်တော်လေးယောက်ထံ ကြီးစဉ်ငယ်လိုက်တိုင်းသွားပြီး မပြတ်ဝတ်ပြုစေတယ်၊ ကန်တော့စေတယ်၊ နောင်တော်လေးယောက်ကလည်း ညီငယ်လေးကို ချစ်လည်းချစ်တယ်၊ မြတ်နိုးကြတယ်၊ သီတင်းနေ့တိုင်း တစ်အိမ်တက်ဆင်းဝတ်ပြုနေရတာကို ညီငယ်လေးကိုသနားပြီး နောင်တော်များကညှိနှိုင်းပြီး ဝတ်တက်လာမည့်နေ့ကို သတင်းသာယာစွာပြုပြီး နောင်တော်လေးယောက်တစ်စုတည်းနေပေးကြတယ်၊ ညီငယ်ဇေယျသိခ်ဟာ နောင်တော်လေးယောက်ကိုတစ်နေရာတည်းမှာဘဲ ဝတ်ပြုခွင့်ရတယ်။

မင်းကြီးကလည်း သားတော်ကြီးများရှိလျက် သားတော်ငယ်ကိုနန်းစောင့်ပေးမိသောကတိရှိနေ၍ သားတော်ကြီးများကို အားနာနေမိတယ်။

ဒါနဲ့ သာယာသောမြေပြင်မှာ ကန္နားမဏ္ဍာပ်ကြီးစွာထိုးစေပြီး သားတော်လေးယောက်ကို လေးမျက်နှာနေစေ၍ သားတော်ငယ်ဇေယျသိဒ်ကိုနိမ့်သောနေရာမှာနေစေပြီးမှ-

"မင်းဖြစ်ထိုက်သောသူကို ထီးဖြူညွတ်စေသတည်း" လို့ ထီးဖြူကိုအလယ်တွင်စိုက်ပြီး အဓိဋ္ဌာန်တော်မူတယ်၊ ထီးဖြူတော်ဟာ မင်းသားငယ်ဇေယျသိဒ်ဘက်လဲကျပြီး အုပ်မိုးသွားတယ်။

ထိုနေ့မှစ၍ နန်းတွင်းရောပြည်သူတွေပါ ဇေယျသိဒ်ကို ဥပရာဇာမင်းလောင်းများလို့ သတ်မှတ်ယုံကြည်သွားကြတယ်။

ဇေယျသိဒ်မင်းသားငယ်ဟာ ထီးဖြူအုပ်ခံရလို့ မင်းလောင်းဖြစ်တော့လည်း နောင်တော်များသီတင်းသုံးနေ့တိုင်း ဝတ်မပျက်ဆက်လက်ပူဇော်ကန်တော့တယ်။

ခမည်းတော်မင်းကြီး အသည်းအသန်နာမကျန်းဖြစ်လာတဲ့အခါကျတော့ မင်းကြီးက သားတော်ကြီးများဖြစ်ကြတဲ့ ဇေယျသူ၊ သူရပုံချို၊ ရာဇသူ၊ ကက်ခသူနှင့်သားတော်ငယ်ဇေယျသိဒ်တို့ကို ခေါ်တော်မူတယ်၊ ကြီးစဉ်အတိုင်း သားတော်တို့လက်ကို ရင်တော်၌အပ်ပြီး မိန့်ကြားတယ်။

"သားတော်တို့ မောင်တို့ညီနောင်တစ်စုသည် ငါ စီရင်ခဲ့သည်ကိုမဖျက်ရစ်ကြစေနှင့်၊ ညီနောင်တစ်စု၊ တစ်စိတ်တစ်ကိုယ်တည်းရှိမှ ဆွေမျိုးဘောင်တောက်ပရသည်၊ ကျေးကျွန်များ

စွာရှိလှည့်ကာ ဆွေမျိုးရှိသော် ကောင်းလှည့်ငြားလည်း ကောင်းသည်မမည်ရာ၊ ဆွေစုမျိုးစုကောင်းသော် အရံအကာများသော သစ်ပင်ကြီးကို လေမလှည်းနိုင်သကဲ့သို့ ရန်သူတို့မညှင်းဆဲနိုင်ရာ၊ အမှုကင်းစင်စေလိုသော် ဤသို့ကျင့်ရစ်ကြကုန်”

- နှုတ်သီးထက်၍ခွပ်အံ့သို့ထင်သော် နှုတ်သီးကိုဖြတ်
- အတက်ရှည်၍စူးအံ့သို့ထင်သော် အတက်ကိုဖြတ်
- အတောင်ရှည်၍ပျံအံ့သော်ထင်သော် အတောင်ကိုဖြတ်
- မင်းဟူသည်ကား သူတို့ကြောက်ရွံ့တတ်စေ
- သူကြောက်ရွံ့မှတိုင်ကားပြည်ရွာငြိမ်ဝပ်ရာသည်
- သူကြောက်ရွံ့အောင်ကျင့်ရသည်ကား မိတ်ဟူ၍လည်းကောင်း
- ရန်သူဟူရာလည်းကောင်း မမှတ်နှင့် အပြစ်အလျောက်ဒဏ်ပေးတတ်စေ
- သူ၏နှလုံးဟုကျုး၏သို့သိတတ်စေ
- လပြည့်ဝန်းကိုကြယ်ရံ၏သို့ညီတော်တွင် ရံခြင်းမြဲရစ်ကြစေ
- အခြွေအရံများမှ သူတစ်ပါးတို့ကြောက်ရသည်
- အမှုထမ်းတို့ကိုချီးမြှောက်ရသည်ကား ခြေဆယ်ဖွဲ့မှမြင်တင်ရာသည်၊ မြင်းဆယ်ဖွဲ့မှဆင်တင်ရာသည်၊

ဆင်ဆယ်ဖွဲ့မှလှေတင်ရာသည်၊ လေးဆယ်ဖွဲ့မှ
လေးရာပြုမြို့ပေးရသည်

ဝါစကားကို ချစ်သားတို့အမြဲမှာရစ်ကြကုန်လို့ မိန့်မှာတယ်။

နောင်တော်များကလည်း အဖမှာသည့်အတိုင်းသစ္စာပြုကြတယ်၊ ညီတော် ဇေယျသိခ်ကလည်း မင်းဖြစ်သော်မှ နောင်တော်များကိုပူဇော်ရန်နေရာဆောက်စေပြီး သီတင်းနေ့တိုင်းပူဇော်တယ်၊ အဲဒီလိုပူဇော်ရင်း နောင်တော်များရဲ့ဩဝါဒကိုခံယူရတယ်၊ နောင်တော်များရဲ့ဩဝါဒကိုခံယူပြီး တိုင်းရေးပြည်ရွာကိုစီမံစီရင်တယ်။

အဲဒီလို နောင်တော်လေးပါးကိုစုဝေးအပူဇော်ခံရာကိုလွှတ်တော်လို့ခေါ်တယ်၊ အဓိပ္ပာယ်ကတော့ အပူဇော်ခံရာဌာနတိုင်းရေးပြည်ရေးဆွေးနွေးညှိနှိုင်းရာဌာနလို့ ခေါ်ရတာပေါ့။

အဲဒါဘာလဲဆိုတော့ မင်းသားငယ်ဟာ ငယ်စဉ်ကတည်းက ပူဇော်ထိုက်သူတို့ကိုပူဇော်ခဲ့သည့်အတွက် အများရဲ့ချစ်ခြင်းကိုလည်းခံရတယ်၊ နောင်တော်တွေရဲ့ချစ်ခြင်းကိုခံရပြီး ကူညီပံ့ပိုးမှုကိုလည်းခံရပြီး မင်းစည်းစိမ်ကိုအေးချမ်းသာယာစွာခံစားရတယ်။

ဒါကြောင့် သမီးတို့တတွေ မိမိတို့အပေါ်မှာကျေးဇူးရှိကြတဲ့မိဘတွေ ဆရာသမားတွေကိုအမြဲပူဇော်ကြရမယ်။

အဲဒီလိုပူဇော်ကြရင် မိဘတွေရဲ့စောင့်ရှောက်မှုကူညီမှု ဆရာသမားတွေရဲ့ကူညီစောင့်ရှောက်မှုတွေကိုအမြဲရပြီး အမြဲ စိတ်ချမ်းသာကိုယ်ချမ်းသာနေကြရမယ်။

## ပညာတတ်ဖို့ သင့်ရာအရပ်မှာနေပါ

"ကုသိုလ်ပညာဥစ္စာရဖို့ သင့်ရာဒေသအမြဲနေ"

မင်္ဂလာတရားတော်မှာ ဘုရားရှင်က ဟောကြားခဲ့တာ သမီးတို့ကျက်မှတ်ရခဲ့ဖူးမယ်။

မှန်တယ်၊ ပညာရှာသမီးတို့အရွယ်မှာ ပညာရနိုင်ဖို့အ တွက် ပညာသင်ယူနိုင်ခွင့်ရမဲ့နေရာဒေသရနိုင်ဖို့လိုတယ်။

လူတော့ဖြစ်လာရရဲ့၊ ပညာသင်စရာမရှိတဲ့ ပစ္စန္တရာဇ် ဆိုတဲ့တောကြိုတောင်ကြားရောက်နေမယ်ဆိုရင် ဘယ်လိုလုပ် ပညာသင်နိုင်မလဲ၊ တောကြိုတောင်ကြားမဟုတ်တောင် ကိုယ်နေ တဲ့အရပ်ဒေသမှာ ကျောင်းမရှိဘူး၊ ဆရာမရှိဘူးဆိုရင် ဘယ်လို လုပ်ပညာသင်နိုင်မလဲ။

တောင်ပေါ်တို့ နယ်စပ်တို့ဝေးလံသီခေါင်တဲ့အရပ်ဒေသ မှာလူဖြစ်ရတဲ့ကလေးတွေဟာ များသောအားဖြင့်ပညာမသင်နိုင် ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းမရှိဆရာမရှိလို့။

တစ်ခါတုန်းက ဖေဖေ ချင်းတောင်ဘက်ကရွာတစ်ရွာ ရောက်သွားတယ်၊ ရွာမှာ ကျောင်းမရှိ၊ ဆရာမရှိ၊ ကိုးကွယ်စရာ သံဃာမရှိ၊ လှူစရာဒါနပြုစရာသီလဆောက်တည်စရာရဟန်း သံဃာမရှိ၊ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိတဲ့အရပ်ဖြစ်နေရ တယ်။

အဲဒီကလေးတွေဟာ ဘာသာဘာဝ မိရိုးဖလာအလုပ်ပဲ လုပ်နေရတယ်၊ စာဆိုတာဘာမှမသိဘူး၊ ရဟန်းသံဃာမြင်ဖူး ဆိုတာကတော့ ဝေလာဝေးပေါ့၊ ဒါန၊ သီလဆိုတဲ့စကား ကြား တောင်မကြားကြဘူး၊ လူဖြစ်ရပေမယ့် အဲဒီနေရာမျိုးရောက်နေ ရရင်လည်း လူဖြစ်ရှုံးတာပဲ။

အခြားအဝေးမကြည့်ပါနဲ့၊ သမီးတို့နဲ့သားချင်းတော်တဲ့ ညီမတွေ၊ မောင်တွေကြည့်ပါ၊ တောမှာပဲမွေးတယ်၊ မူလတန်းပဲ စာသင်ရတယ်၊ အလယ်တန်း အထက်တန်းသင်ချင်ကြတယ်၊ မိဘက စရိတ်စကအကုန်ခံပြီး မြို့မှာလာမထားနိုင်ကြဘူး၊ သူတို့ တတွေပညာသင်လိုလျက် မသင်ကြရဘူး။

ဖေဖေကြီးဘက်ကတူမတစ်ယောက်ဆိုရင် တောကနေ ကြိုးစားပမ်းစား ကျောင်းတက်ပညာသင်လိုက်တာ၊ စာမေးပွဲ အောင်တယ်၊ ဆယ်တန်းရောက်တော့လည်းဆက်အောင်တယ်၊ **သူ့ခမျှာ ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်တက်ချင်တယ်၊**

မိဘက အဝေးမှာမထားနိုင်တော့ စရိတ်စကမတတ်နိုင်တော့ မထားနိုင်ဘူး၊ သူတို့ခေတ်က ယခုလိုလည်းအဝေးသင်တက္ကသိုလ် မရှိဘူးလေ၊ အဲဒီတော့ သူ့ခမျာ ဆယ်တန်းနှင့်ပဲ ဘဝနိဂုံးချုပ်ခဲ့ရတယ်။

အကယ်၍သာ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှာ လူလာဖြစ်ရင် တက္ကသိုလ်ကိုအိမ်ကနေတက်ပြီး ဘွဲ့ယူနိုင်တယ်၊ ဒါမှမဟုတ် နေ့အလုပ်လုပ်ပြီး ညပိုင်းလုပ်သားကောလိပ်တက်ပြီး ဘွဲ့ယူနိုင်တယ်။

ဒါကြောင့် ပထမအရွယ် ပညာသည်ဘဝမှာ သမီးတို့ဘဝကုသိုလ်ပညာရနိုင်တဲ့ သင့်တော်တဲ့အရပ်မှာနေရဖို့ကလည်း အရေးကြီးလှပါတယ်။

သင့်တော်တဲ့အရပ်နှင့်ပတ်သက်လို့ စာပေကျမ်းဂန်တွေ ပညာရှိတွေအဆိုကတော့-

- သာသနာထွန်းကားရာအရပ်
- ပညာကိုလွယ်ကူစွာသင်ကြားခံယူနိုင်သောအရပ်
- ဆေးကောင်းဝါးကောင်းသမားကောင်းရှိသောအရပ်
- ရောဂါဘေးဥပါဒ်ကင်းစင်သောအရပ်
- ပစ္စည်းဥစ္စာရှာဖွေရယူလွယ်ကူသောအရပ်

**လို့ ဆိုကြတယ်။**

ဓမ္မနိတိချိုးမှာတော့-

- ဇမ္ဗူပြင်၊ အကြွင်အရပ်မှာ၊ ဆေးတတ်ကယ်ဝိဇ္ဇာ
 ဗေဒင်ဆရာနှင့်ဥစ္စာကြွယ်ပြည့်ဖြိုး၊ စိုးရရာဇ
 ပတ်ဝဲရာခွေရစ်လို့ ရေမြစ်ကယ်သိတာ၊ ဘယ်မှာမရှိဘဲ
 တရက်ကယ်မျှသော်လည်း၊ ဌာနထိုမြေစခန်းမှာ
 ပျော်မြန်းမနေရာဟု၊ ရွှေကျမ်းစာအမှာတော်ရှိ၊
 ထားသတိစွဲ။

 -အကြွင်ဂါမနှင့်ဌာနငဲ့တိုင်းခွင်၊ မြတ်နိုးရတနာနှင့်
 ဆွေမိတ္တာ၊ ပညာပေးသူတို့၊ ဝေးချော့ခဲ့လျှင်
 တို့ရပ်ခွင်ကျင်လည်သင့်ဘူး။
 တော်ရာမှာပျော်ပါးရအောင် သွားလေကြဦး။

 -ညွတ်ကြည်ညိုရိုကျိုးနှင့်၊ မြတ်နိုးငယ်မထင်
 မတော်မလျော်နှင့်၊ သူတော်ကိုမထီမဲ့
 မျှားခဲ့သည်ပင်
 သူယုတ်ကယ်ပြင်ပြင်သို့ ချစ်ကြင်တဲ့ဌာန
 တို့မြေချက်မှာလ တရက်ကယ်ခိုမအောင်းပါနှင့်
 ပြောင်း၍ခွာကြတဲ့။

ဘုရားအလိုအရ သင့်တင့်လျောက်ပတ်တဲ့အရပ်ဆိုတာကတော့-

- ရတနာသုံးပါးဖူးမြင်နိုင်သောအရပ်
- မြတ်သောတရားစကားကိုကြားရသောအရပ်
- မြတ်သောအရိယာတို့၏ဥစ္စာအနှစ်ကိုခံယူရရှိနိုင်သောအရပ်
- မြတ်သောအကျင့်ကိုဖြည့်ကျင့်နိုင်ရခြင်းအရပ်
- မြတ်သောအရှင်တို့ကိုလုပ်ကျွေးခွင့်ရသောအရပ်
- ဘုရားရှင်ဂုဏ်ကိုအောက်မေ့ခွင့်ရသောအရပ်

ဒါက နေအပ်တဲ့၊ သင့်တော်တဲ့အရပ်များကိုပြောတာ၊ မနေအပ်တဲ့၊ သင့်တော်တဲ့အရပ်တွေလည်းရှိသေးတယ်၊ အဲဒီအရပ်တွေကတော့-

- ရတနာသုံးပါးရှိသေခြင်းမရှိသောအရပ်
- မိစ္ဆာအယူရှိသောသူတို့၏နေရာအရပ်
- သေရည်သောက်စား မူးယစ်ရမ်းကားသူတို့နေရာအရပ်
- ရွံ့နွံရေပေါများသောအရပ်
- လူကိုချောက်လှန့်ဖမ်းစားတတ်သော တစ္ဆေသရဲဘီလူးပေါသောအရပ်
- လူတို့စက်ဆုပ်ဖွယ်ရာ တီ၊ ကျွတ်၊ မျှော့ပေါသောအရပ်
- မိကျောင်းစသောသားရဲတို့နေရာအရပ်
- တိရစ္ဆာန်ရိုင်း တိရစ္ဆာန်ဆိုးတို့နေရာအရပ်

အဲဒီအရပ်တွေဟာ မသင့်တော်တဲ့အရပ် မနေအပ်တဲ့ အရပ်လို့ဆိုကြတယ်။

သင့်တော်တဲ့အရပ်မှာနေရမှုနှင့်ပတ်သက်လို့ ဘုရားရှင်က အင်္ဂုတ္တိုရ်ကျမ်းမှာ ဟောထားတာရှိတယ်။

-အကြင်သူသည် သင့်တင့်လျောက်ပတ်ကောင်းမြတ်သောအရပ်၌နေထိုင်သည်ဖြစ်ငြားအံ့။

-အရိယာသူတော်ကောင်းတို့နှင့်သာ ကျွမ်းဝင်ချစ်ခင်ပေါင်းသင်းခြင်းကို ကြူးသည်ဖြစ်ငြားအံ့။

-ကိုယ်၊ နှုတ်နှလုံးကိုဆုံးမခြင်းနှင့်ပြည့်စုံငြားအံ့။

-ရှေးဘဝကပြုခဲ့သောကောင်းမှုလည်းရှိငြားအံ့။

ထိုသူ၌ ဥစ္စာ၊ ရွှေ၊ ငွေသည်လည်းကောင်း၊ ကျော်စောထင်ရှားခြင်းသည်လည်းကောင်း၊ အခြံအရံများခြင်းသည်လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းသည်လည်းကောင်း၊ ဒီရေတိုးသကဲ့သို့လွှမ်းမိုး၍ဖြစ်လာတတ်သည်တဲ့။

အကြင်အရပ်၌နေခြင်းကြောင့် လောကီဥစ္စာရတနာတို့သည် လွန်စွာတိုးပွား၏၊ ဒါနစသောကုသိုလ်တရားများလည်းလွန်စွာဖြစ်ထွန်း၏၊ ထိုအရပ်၌တစ်သက်လုံးနေထိုင်အပ်၏။

အကြင်အရပ်၌နေခြင်းကြောင့် လောကီရတနာလည်းမတိုးပွား၊ ဒါနစသောကုသိုလ်တရားလည်းမဖြစ်၊ ထိုအရပ်၌တစ်ရက်မျှမနေဘဲ အမြဲစွန့်၍ဖယ်သွားရာ၏။

အဲဒီဘုရားဟောဟရားကိုကြည့်လျှင် ပညာသည်သမီး ဘဝဟာ ပညာမရနိုင်တဲ့နေရာမှာ မနေသင့်ဘူးပေါ့၊ ပညာသင်ယူနိုင်တဲ့နေရာအရပ်ကိုရွေ့သင့်ရွေ့ရမှာပေါ့၊ ယခုတော့ သမီးက ရန်ကုန်မှာနေရတော့ သင့်တော်တဲ့နေရာလို့ဆိုရမှာပဲ။

ဒီနေရာမှာ သမီးကိုသတိပေးလိုတာ တစ်ခုတော့ရှိတယ်၊ ယခု သမီးဘဝပညာရဖို့ သင့်တော်တဲ့အရပ်ဒေသမှာနေရပြီ၊ ဒါပေမဲ့ ပညာကိုကြိုးစားရှာဖွေလိုတဲ့စိတ်ဓာတ် ပညာကိုမြတ်နိုးလိုတဲ့စိတ်ဓာတ်တော့ မွေးမြူရမယ်။

သင့်တော်တဲ့နေရာနေပြီး တစ်ချို့ဒီလိုစိတ်ထားမျိုးမရှိလို့ ပညာ ဥစ္စာမရကြဘူး၊ ဟင်းမွှေတဲ့ယောက်မလို အရသာမခံစားကြရဘူး၊ မျောက်အုန်းသီးရသလိုဘဝမျိုးဖြစ်တဲ့လူတွေ အများကြီးဘဲသမီး။

ပညာသင်တဲ့နေရာမှာ သမီးအဓိကရှောင်ရမှာကတော့ ပျင်းရိခြင်းခြောက်ပါးပဲသမီး။ စာကျက်မယ်ဆိုရင်-

-အေးလွန်းတယ်ဆိုပြီး စာမကျက်ဘူးဆိုတာရှောင်ရမယ်
-အချိန်လွန်ပြီဆိုပြီး စာမကျက်ဘူးဆိုတာရှောင်ရမယ်
-အစာဝအီနေလို့ဆိုပြီး စာမကျက်ဘူးဆိုတာရှောင်ရမယ်
-အစာဆာလို့ စာမကျက်ဘူးဆိုတာရှောင်ရမယ်

-ပူလွန်းတယ်၊ အိုက်လွန်းတယ်ဆိုပြီး စာမကျက်ဘူး ဆိုတာရှောင်ရမယ်

-အေးလွန်းတယ်၊ ကွေးနေဦးမယ်ဆိုပြီးစာမကျက်ဘူး ဆိုတာရှောင်ရမယ်

အဲဒီခြောက်ပါးကိုရှောင်ကြဉ်ပြီး ကြိုးစားအားထုတ်မယ် ဆိုရင် သမီးဟာသည်ဘဝမှာမအောင်မြင်စရာဘာမှုမရှိဘူး။

ပြီးတော့ ဘုရားရှင်က ဘာဟောထားသလဲဆိုတော့-

**"ဝီရိယဝတော ကိံနာမကမ္မံ နသမိဇ္ဈတိ**= ဝီရိယလုံ့လ ကြိုးစားအားထုတ်သူအဖို့ မအောင်မြင်ဘူးဆိုတဲ့အလုပ်ဆိုတာ မရှိဘူးတဲ့"

ကြီးပွားချမ်းသာလိုတဲ့သူဟာ ရပ်စွဲ၊ ရွာစွဲ၊ ဒေသစွဲ မနေ ရဘူးတဲ့သမီး၊ မိမိဘဝအတွက် တိုးတက်ရာတိုးတက်ကြောင်း ရမဲ့နေရာ၊ ဉစ္စာပညာရမဲ့နေရာကို ပညာဖြင့်ဆင်ခြင်ကြည့်ပြီး ပြောင်းရွှေ့သင့်ပြောင်းရွှေ့ရမယ်၊ ငါ့အရပ်၊ ငါ့ဒေသ၊ ငါ့ရပ်ရွာ စွဲနေလျှင် မကြီးပွားတဲ့အပြင် ဘေးဒုက္ခတောင်ရောက်နိုင်တယ်။

အဲဒီလို ရပ်စွဲ၊ ရွာစွဲ၊ ဒေသစွဲနေခဲ့လို့ ပျက်စီးသွားရတဲ့ လိပ်အကြောင်းဇာတ်နိပါတ်တစ်ခုကို ပြောပြမယ်-

လွန်လေပြီးသောအခါက ကာသိကရွာငယ်နှင့်မနီးမဝေး မှာအိုင်ကြီးတစ်အိုင်ရှိတယ်၊ အဲဒီအိုင်ကြီးဟာ ရေများတဲ့အချိန် မှာ မြစ်နှင့်တစ်ဆက်တည်းဖြစ်ပြီး မြစ်ထဲသို့ရေစီးဝင်တယ်၊ ရေ

နည်းတဲ့အခါကျတော့ တသီးတခြား၊ အိုင်ကြီးအဖြစ်ရပ်တည်နေတယ်။

အဲဒီအိုင်ထဲမှာရှိတဲ့ ငါး၊ လိပ်တွေဟာ ဒီနှစ်မိုးကောင်းမယ်၊ ဒီနှစ် မိုးခေါင်မယ်စသည်ကိုသိရှိကြတယ်။

တစ်နှစ်မှာ ထိုအိုင်ကနေ ငါး၊ လိပ်တို့ဟာ ဤနှစ်မိုးခေါင်မယ်လို့သိကြတယ်၊ အဲဒါနဲ့အိုင်ရေ မြစ်ရေတစ်ဆက်တည်းရှိနေတဲ့အချိန်မှာ အိုင်မှမြစ်ဘက်သို့ကူးပြောင်းသွားကြတယ်။

ဒါပေမယ့် လိပ်တစ်ကောင်ကတော့ ဒီအရပ်ဟာ ငါ့ရဲ့မွေးဖွားရာအရပ်၊ ငါကြီးပြင်းရာအရပ်၊ ငါ့မိ ငါ့ဖတို့နေရာအရပ်ဟူသောအစွဲအလမ်းကြောင့် သင့်တင့်လျောက်ပတ်သောအရပ်ဟုတ်သည်-မဟုတ်သည်ကို မစဉ်းစားဘဲအိုင်မှမြစ်ကိုမကူးဘဲရပ်စွဲရွာစွဲဖြစ်နေခဲ့တယ်။

နေ့ကာလရောက်တဲ့အခါကျတော့ အိုင်ကရေတွေဟာတဖြည်းဖြည်းခန်းခြောက်လာတယ်၊ အဲဒီလို ရေတွေခန်းခြောက်လာတော့ လိပ်ကမြေကိုယက်ပြီး မြေကြီးထဲဝင်နေတယ်။

တစ်နေ့မှာ ရေအိုင်အနီးရှိကာသိကရွာငယ်မှအိုးထိန်းသည်တစ်ယောက်ဟာ အိုးပြုလုပ်ရန်အတွက် ခန်းခြောက်နေတဲ့အိုင်ကိုလာပြီးမြေပေါက်ယူတယ်၊ အဲဒီလိုပေါက်ယူတော့ မြေကြီးထဲယက်ဝင်နေတဲ့လိပ်ကျောကုန်းကိုပေါက်မိတော့တာပေါ့၊ ဒါနဲ့

အိုးထိန်းသည်က လိပ်ကိုပေါက်တူးဖြင့်ထုတ်ယူပြီး ကုန်းပေါ်သွားချထားပေးတယ်။

အဲဒီအခါမှာ လိပ်ကပေါက်တူးဒဏ်ရာဖြင့်သေအံ့ဆဲဆဲမှာ-"ဤအရပ်ဟာ ငါမွေးဖွားရာအရပ်၊ ကြီးပြင်းရာအရပ်ဖြစ်တယ်ဟူသောအစွဲအလမ်းဖြင့်ငါနေပါသည်၊ လျှောက်ပတ်၏၊ မလျှောက်ပတ်၏၊ အကျိုးသင့်၏၊ မသင့်၏ဟူ၍ ငါမဆင်ခြင်မိ၊ ပညာရှိသောသူသည် သင့်တင့်လျောက်ပတ်သောအရပ်ကိုရှာဖွေပြီးမှီရာ၏" လို့ အိုးထိန်းသည်ကိုပြောပြီး သေဆုံးသွားတယ်။

အိုးထိန်းသည်ကလည်း လိပ်သေကိုယူလာပြီး ရွာသူ၊ ရွာသားတွေကိုစည်းဝေးစုရုံးစေကာ လိပ်ကပြောသွားသောစကားကိုပြန်ပြောပြပြီး-

"ဤလိပ်ဟာ မိမိနေရာတပ်မက်မှုကိုမစွန့်နိုင်လို့ ဤသို့သေရတယ်၊ သင်တို့လည်း ဤလိပ်ကဲ့သို့မပြုကြလင့်၊ ပညာဥစ္စာရှာမီးနိုင်သောအရပ်၊ ဘေးကင်းသင့်ရာအရပ်များသို့ အချိန်အခါနှင့်အညီ လိုအပ်သလိုပြောင်းရွှေ့ရှာဖွေနေထိုင်လုပ်ကိုင်ကြပါ၊ အာရုံငါးပါး ပစ္စည်းဥစ္စာတို့ကိုလည်း အလွန်တပ်မက်စွဲလမ်းမှုမဖြစ်ကြပါနဲ့ လို့ ဆုံးမစကားဆိုတယ်"

ဒီဇာတ်တော်လာကိုကြည့်သောအားဖြင့် သမီးတို့တွေဟာ ဒီနေရာမှာ ငါဖွားဟယ်၊ ငါ့အရပ်ဘဲဆိုပြီး နေရာမြဲ၊ ဒေသမြဲ၊ မနေရဘူး၊ ကိုယ်နေတဲ့နေရာက ပညာ၊ ဥစ္စာ၊ ကျန်းမာမရဘူး

ဆိုရင် ရတဲ့နေရာကိုရွှေ့ပြောင်းလုပ်ကိုင်နိုင်အောင် ကြိုးစားကြ ရမယ်။

အဲဒီလို တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်ဆိုတဲ့ ဆုံးမ ဩဝါဒကိုလက်ခံပြီး ကာလ၊ ဒေသ၊ အချိန်အခါနှင့်အခြေအနေ ကိုကြည့်ပြီး ပြောင်းသင့်သည့်အချိန်ပြောင်းပြီး လုပ်ကိုင်ဆောင် ရွက်ရမယ်သမီး။

ပညာရှာတဲ့အချိန်မှာ ကိုယ့်ဒေသက မူလတန်းအဆင့် သာရနိုင်တယ်ဆိုရင် အလယ်တန်း၊ အထက်တန်းအဆင့်ရနိုင် တဲ့နေရာကိုပြောင်းရွှေ့ရန်ဝန်မလေးရဘူး၊ အထက်တန်းအဆင့် မျှသာရနိုင်တယ်ဆိုရင် တက္ကသိုလ်အဆင့်ရနိုင်တဲ့နေရာကို ပြောင်းရွှေ့နိုင်ဖို့ ဝန်မလေးရဘူးသမီးရဲ့။

အဲဒီလိုပြောင်းရွှေ့နိုင်အောင်ပြောင်းရွှေ့ပြီး ပညာသင်ယူ နိုင်အောင် ကြိုးစားရမယ်သမီး။

## ကောင်းမှု၊ သီလ၊ ဓွဲ၊ ဝီရိယရှိပါ

နောက်တစ်ခု သမီး ပထမအရွယ်ပညာသည်ဘဝမှာ မင်္ဂလာတရားတော်မှာ-

“ရှေးကတင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ”

ပညာသင်ကြားတဲ့နေရာမှာ သမီးတို့တွေ့ဖူးမှာပါ။

-တစ်ချို့က ဉာဏ်ထက်တယ်၊ တစ်ထွာပြတစ်လံမြင်တယ်

-တစ်ချို့က ဉာဏ်လေးတယ်၊ တစ်ပုဒ်ကိုတစ်နေကုန်ကျက်ရတယ်

ဉာဏ်ထက်မြက်သူကို လောကဝေါဟာရကတော့-

"ဒီကောင်က ဉာဏ်ကောင်းတယ်၊ ချက်ဆိုနားခွက်က မီးတောက်တယ် "လို့ တင်စားပြောကြတယ်။

ပါဠိစာပေမှာတော့ ဇဝနဉာဏ်=လျင်သောဉာဏ်ရှိသူ၊ တိက္ခဉာဏ်=ထက်သောဉာဏ်ရှိသူလို့ ခေါ်တယ်သမီး။

ပြီးတော့ အဲဒီလို ဉာဏ်ပညာ၊ အသိပညာထူးကဲစွာ တတ်သိနားလည်လွယ်တဲ့သူကို တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်ကြတယ်။

ဉာဏ်ထိုင်းမှိုင်းပြီး အသိဉာဏ်အားနည်း၍ နုံတဲ့သူကိုတော့ ဒွိဟိတ်ပုဂ္ဂိုလ်လို့ခေါ်ကြတယ်။

တစ်ချို့ ဉာဏ်ကောင်းပြီး ပညာမတော်ကြဘူး၊ ပျင်းကြတယ်၊ ပညာမသင်ချင်ကြဘူး၊ မကြိုးစားချင်ကြဘူး။

အဲဒီလိုလူကတော့ ပညာပါရမီအားနည်းခဲ့ကြလို့ဘဲ၊ ရှေးရှေးဘဝတွေက ပညာဒါန ပညာပါရမီကုသိုလ်တွေ နည်းခဲ့ကြလို့ပဲသမီး။

တစ်ချို့ကျတော့ ဉာဏ်လေးတယ်၊ နုံတယ်၊ ဒါပေမယ့် ဝိရိယလုံ့လထားပြီး ကြိုးစားတယ်၊ အားထုတ်တယ်၊ ပညာတတ်

ကြတယ်၊ ဘွဲ့ရကြတယ်၊ ရှေးက ပညာပါရမီဒါနစသည် ရှိခဲ့ကြလို့ပေ့ါ။

ဘုရားရှင်က ဓမ္မိကသဘင်သည်ကို အောက်ပါအတိုင်း ဟောကြားထားတာကို ဓမ္မပဒ၊ ယမကဝဂ္ဂ၊ ဓမ္မိကသဘင်သည် ဝတ္ထုမှာတွေ့ရမယ်-

"ပြုအပ်သောကောင်းမှုရှိသောသူသည် ဤလောက၌ ကုသိုလ် ငါပြုပြီးပြီဟုဝမ်းမြောက်ရ၏၊ တမလွန်လောက၌လည်း ချမ်းသာကိုခံစားရတော့မည် ဟုအောက်မေ့ကာ ဝမ်းမြောက်ရသည်၊ ထိုသူသည် ပစ္စုပ္ပန်၊ တမလွန်ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုပုဂ္ဂိုလ်သည် မိမိ၏စင်ကြယ်သောသုစရိုက်အမှုကိုမြင်ရာမြင်တိုင်း ဝမ်းမြောက်ရ၏တဲ့"

လောကမှာ ဒါန သီလကုသိုလ်ရှိတဲ့သူဟာ ပစ္စုပ္ပန်ဘဝမှာလည်းချမ်းသာစွာနေရပြီး ချမ်းသာစွာပညာသင်ရတယ်၊ နောင်ဘဝနောင်ဘဝအတွက်လည်း ရိက္ခာထုပ်ဖြစ်တယ်။

ပြီးတော့ မင်္ဂလာသာရဒီပနီမှာ-

"ကောင်းမှုရှိသောသူအား ရတနာ၏တည်ရာမဟုတ်သော်လည်း ရတနာအပေါင်းတို့ရောက်လာကုန်၏"

"ကောင်းမှုမရှိသောသူဖြစ်မူကား ရတနာ၏တည်ရာအရပ်၌ ရတနာသည်တည်လျက်ရှိသော်လည်း ထိုရတနာကို ရယူသုံးစွဲခြင်းငှာမတတ်နိုင်ဘူးတဲ့"

ပြုခဲ့ဖူးသောကောင်းမှုမရှိသောသူသည် သူတစ်ပါးတို့က ပေးပါသော်လည်း ကျက်သရေကိုယူခြင်းငှာမတတ်နိုင်၊ ထိုကျက်သရေသည် ပြုဖူးသောကောင်းမှုရှိသူတို့ထံ၌သာလျှင်ရောက်ရာ၏၊ ထို့ကြောင့် ရှေးကပြုဖူးသောကောင်းမှုရှိရမယ်တဲ့။

အဲဒါနဲ့ပတ်သက်လို့ ဘုရားရှင်ရဲ့ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးနှင့်ပုဏ္ဏားတစ်ယောက်အကြောင်းကို ပြောပြချင်တယ်-

ဘုရားရှင်ရဲ့ ကျောင်းဒါယကာအနာထပိဏ်သူဌေးကြီးဟာ ရှေးရှေးဘဝကပြုခဲ့ဖူးသောကောင်းမှုအထူးရှိခဲ့လို့-

- နတ်လူတို့၏အလုံးစုံအလိုကိုပေးနိုင်တယ်
- မိမိတောင့်တသောအကျိုးကိုပြည့်စေတတ်တယ်
- ကောင်းသောအရောင်အဆင်းနှင့်ပြည့်စုံတယ်
- ကောင်းသောအသံနှင့်ပြည့်စုံတယ်
- ကိုယ်လက်အင်္ဂါအဖြာဖြာတို့ ညီညာပြေပြစ်ခြင်းရှိတယ်
- မမြင့်လွန်း၊ မနိမ့်လွန်း၊ မကြုံလွန်း၊ မဆူလွန်း၊ မမည်းလွန်း၊ မဖြူလွန်းသောအားဖြင့် အပြစ်ခြောက်ပါးမှကင်းစင်တယ်
- အကြီးအကဲဖြစ်စေတတ်တယ်
- အခြံအရံများပြားတယ်
- လူစည်းစိမ် နတ်စည်းစိမ်ကိုရစေတတ်တယ်

- နိဗ္ဗာန်ချမ်းသာကိုလည်းရစေတတ်တယ်
- သာဝက၊ ပစ္စေကဗုဒ္ဓါစသည်တို့ဖြစ်နိုင်တယ်
- ဘုရားလောင်းဆုပန်မယ်ဆိုရင်ဖြစ်နိုင်တယ်

အဲဒီလို လိုတရတိုင်းဖြစ်စေနိုင်တဲ့ အနာထပိဏ်သူဌေးမှာ ကျက်သရေရှိတယ်ဆိုပြီး ကျက်သရေလက္ခဏာကို တတ်ကျွမ်းနားလည်တဲ့ပုဏ္ဏားတစ်ယောက်ဟာ လာရောက်ပြီး ကျက်သရေကိုကြည့်တယ်။

ကျက်သရေဟာ ရွှေချိုင့်၌ထားသောကြက်၏အမောက်မှာတည်ကြောင်းသိတော့ ကြက်ကိုအလှူခံတယ်၊ သူဌေးကလည်း ပေးလှူလိုက်တာပါပဲ၊ ပေးလှူလိုက်တာနှင့်တစ်ပြိုင်နက်တည်း ကျက်သရေဟာ ပတ္တမြားမှာ ရွှေ့ပြောင်းသွားတယ်တဲ့။

ပုဏ္ဏားက ပတ္တမြားကိုဆက်လက်အလှူခံပြန်တယ်၊ သူဌေးကလည်း ဆက်လက်လှူတာပါဘဲ၊ ကျက်သရေဟာ တောင်ဝှေးကိုပြောင်းရွှေ့သွားပြန်သတဲ့။

ပုဏ္ဏားက တောင်ဝှေးကိုဆက်လက်အလှူခံတော့ သူဌေးကလည်း နှမြောတွန့်တိုခြင်းမရှိ၊ ဆက်လက်လှူပြန်သတဲ့။

ကျက်သရေဟာ သူဌေးကတော် ပုညလက္ခဏာဒေဝီရဲ့ ဦးခေါင်းထက်ပြောင်းရွှေ့သွားသတဲ့။

ပုဏ္ဏားမှာ ရှေးကပြုဖူးသောကောင်းမှုမရှိ၍ သူဌေးထံက ကျက်သရေကို အလှူခံယူလို့မရဘူးတဲ့သမီး။

အဲဒီတော့ သမီးလည်းဖြစ်လေရာဘဝချမ်းသာစွာနှင့် ပညာသင်နိုင်ဖို့ ဉာဏ်ပညာထက်ထက်မြက်မြက် သက်သက်သာ သာသင်ကြားတတ်မြောက်နိုင်ဖို့အတွက် ရှေးကပြုခဲ့ဖူးတဲ့ကောင်းမှုအထူးရှိရမှာဖြစ်သလို ဒီဘဝရော၊ နောက်ဘဝရောကောင်းအောင်၊ ပညာတတ်ဖြစ်အောင်ကုသိုလ်ကောင်းမှုပြုရမယ်၊လို့လ ဝီရိယထားပြီး ကြိုးစားအားထုတ်ရမယ်။

ယခု ပညာသည်ဘဝမှာ သမီးပညာတတ်အောင် မသင်ခဲ့ဖူး၊ မပြုလုပ်ခဲ့ဖူးဆိုရင် သမီးကြီးလာတဲ့အခါမှာ ပညာတတ်မဖြစ်တော့ဘူး၊ ပညာမတတ်ရင် ဆင်းရဲပင်ပန်းစွာလုပ်ကိုင်စားသောက်ရတော့မယ်။

ငယ်ငယ်က ကြိုးစားပညာသင်ခဲ့လို့ ပညာတတ်ဘွဲ့ရဖြစ်ပြီး ကြီးလာတော့ ရာထူးရာခံတွေဖြစ်လာကြတာဟာ လောကသဘာဝအမြင်ပဲသမီး။

ဒါကြောင့် ငယ်ငယ်ကပညာသင်ခဲ့ခြင်း၊ ဒါန၊ သီလဆောက်တည်ခြင်းတို့ဟာ သမီးဘဝအတွက် နောင်ကြီးလာတော့ ရှေးကပြုခဲ့ဖူးတဲ့ကုသိုလ် ဥစ္စာပညာအထူးတွေဖြစ်တော့တာပေါ့။

လာလတ့်သောဘဝများတွင် မင်္ဂလာကျက်သရေရှိရန် ယခုကပင် ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ကြိုးစားပြုလုပ်မှသင့်တော်မည် ဟုဆရာတော်ကြီးများအဆက်ဆက်က မိန့်ကြားလာခဲ့ပါတယ်။

မကောင်းမှုဒုစရိုက်မှလွတ်ကင်းသော ဥပုသ်စောင့်သုံးမှု ဘာဝနာတရားစီးဖြန်းမှု၊ ဘုရား၊ တရား၊ သံဃာတို့အား ရှိခိုးကိုးကွယ်မှု၊ အရိုအသေပြုမှုအစရှိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို နောက်နောက်ဘဝများအတွက် ယခုဘဝတွင် ကြိုတင်၍ပြုရမည်၊ ထိုသို့ပြုပါက နောက်နောင်ဘဝတို့၌ ကောင်းသောဘုံ၊ ကောင်းသောဘဝတို့ရရှိခံစားကြရမည် ဟု မင်္ဂလာကျမ်း၌ဆိုထားသည်ကိုထောက်ဆ၍ သမီးဘဝ ယခုဘဝ မကြောင့်မကြ မတောင့်မတပြည့်စုံစွာနှင့်ပညာသင်ခွင့်ရသလို နောင်ဘဝတွေမှာလည်းရအောင် ယခုငယ်ငယ်ပညာသည်ဘဝကတည်းက ကုသိုလ်ကောင်းမှုပြုမှု ကြိုးစားအားထုတ်မှုတို့ကို မပြတ်ပြုလုပ်ရမယ်။

ကုသိုလ်ကောင်းမှုအစုစုနှင့် အကျင့်သီလဆောက်တည်မှုနှင့်ပြည့်စုံတဲ့ကျောင်းသား/သူများကို မိဘတို့ကချစ်မြတ်နိုးသလို ဆရာ၊ ဆရာမတွေကလည်းချစ်မြတ်နိုးပြီး တန်ဖိုးထားကြတယ်ဆိုတာသမီးအသိပါ။

လိမ္မာရေးခြားရှိတယ်ဆိုတာက အကျင့်စာရိတ္တကောင်းတာပါ၊ အကျင့်စာရိတ္တကောင်းတယ်ဆိုတာက သီလစောင့်ထိန်းလို့ပါ၊ ကြိုးစားအားထုတ်မှုဆိုတာ ဝီရိယရှိလို့ပါ၊ ဇွဲလုံ့လပြင်းပြသူပါ၊ ဒီလိုကျောင်းသား/သူတွေကိုတော့ အားလုံးကလေးစားတန်ဖိုးထားတတ်ကြတာကို သမီးတို့လက်တွေ့မျက်မြင်ပါပဲ။

အဲဒါကြောင့် သမီးပညာသည်ဘဝမှာ ကောင်းမှုသီလနှင့်ဖွဲ့လုံ့လဝီရိယအမြဲမျှတအောင် ဆောင်ရွက်အားထုတ်ရပါမယ်။

ပုဗ္ဗေဘဝ၊ ရှေးတိတက၊ ဗုဒ္ဓမြတ်စွာ၊ ရဟန္တာနှင့်၊ သံဃာ
လုံးစုံ၊ကျေးဇူးဂုဏ်ကို၊ အာရုံပြုလတ်၊ ဆည်းပူးအပ်သည့်၊
ကောင်းမြတ်လေဘိ၊ ကုသိုလ်ရှိသူ၊ အကြွင်သူသည်၊
သက်မူရှည်ခြင်း၊ အဆင်းလှစွာ၊ ချမ်းသာပေါ်များ၊
ခွန်အားကြီးစွာ၊ တတ်လှပညာ၊ မင်္ဂလာမျိုး၊ ဆင့်ဆင့်
တိုးလျက်၊ ဖြိုးကြွက်သရေ၊ ပန်းလိုဝေ၍၊ တစ်နေ့တခြား၊
ဘုန်းညွှတ်သွားသည်၊ ရှေးဖျားဘဝရေစက်တည်း။

ဒီနေရာမှာ မှတ်သားစရာကောင်းလှတဲ့သက်တော်ရှည်ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ဩဝါဒလေးကို သမီးမှတ်သားထားစမ်းပါ။

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည်ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ဩဝါဒကထာမှာ

သတ္တဝါတို့၌ ပစ္စုပ္ပန်ကံ၊ အတိတ်ကံဟူ၍ ကံနှစ်မျိုးရှိ၏၊ ကံဆိုသည်မှာ အဲလုပ်ပင်ဖြစ်၏၊ ကံတည်းဟူသောအလုပ်နှစ်မျိုးတွင် ဘီ-အေ၊ အမ်-အေဘွဲ့ကိုရရှိပြီးသောသူ၌ ယင်းဘွဲ့ကိုရရှိသော် သူငယ်တန်းကစ၍ ပညာသင်ယူခဲ့ခြင်းသည် အတိတ်ကံဖြစ်သည်၊ (အတိတ်ကံအလုပ်ဖြစ်သည်)၊ ရရှိသောဘွဲ့အားလျော်

သောအလုပ်ကိုဆက်လက်လုပ်ကိုင်ခြင်းသည် ပစ္စုပ္ပန်ကံဖြစ်သည် (ပစ္စုပ္ပန်အလုပ်ဖြစ်သည်)

ဤကဲ့သို့ ပစ္စုပ္ပန်ကံတည်းဟူသောအလုပ်ကိုဆက်ကာ ဆက်ကာ နေ့စဉ်လစဉ်နှင့်အမျှ ပြုလုပ်ဆောင်ရွက်သွားပါမှ စားဝတ်နေရေးချောင်လည်ကာ ချမ်းသာစွာအသက်မွေးနိုင်ပေမည်၊ ယင်းသို့လျှင် ပစ္စက္ခမျက်မှောက်ဘဝ၌ပင်လျှင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊(ဝါ)အတိတ်အလုပ်၊ ပစ္စုပ္ပန်အလုပ်ရှိသည်ကိုသတိပြု၍ အတိတ်ကပြုခဲ့သောကံ(အလုပ်)ကိုသာ အားကိုးမျှော်လင့်၍မနေကြဘဲ နေ့ရက်ရှိသမျှ (ပစ္စုပ္ပန်ကံ) (ပစ္စုပ္ပန်အလုပ်)ဖြင့် ဆက်ကာဆက်ကာပြုလုပ်အားပေးမှသာလျှင် မိမိတို့အလိုရှိအပ်သောကောင်းကျိုးချမ်းသာအကျိုးကျေးဇူးကို ရရှိကြပေမည်။

သူတစ်ပါးကိုအားမကိုးကြဘဲ နတ်များကိုး၊ ဝိဇ္ဇာများကိုးချမ်းသာအောင်ပြုလုပ်ပေးနိုင်သည်ဆိုသော လူလိမ်ဆရာများကိုအားမကိုးကြဘဲ၊ မရရှိသေးသောပညာ ဉစ္စာပစ္စည်းများကိုရရှိစေရန် ရရှိပြီးသောပညာ ဉစ္စာပစ္စည်းများကိုတိုးပွားစေရန် မိမိကိုယ်ကိုသာလျှင်မိမိအားကိုးအားထားပြု၍ မိမိနှင့်သက်ဆိုင်ရာကံတည်းဟူသောအလုပ်ကိုသာလျှင် ဉာဏ်၊ ဝီရိယတို့နှင့်ယှဉ်ကာအားထုတ်ပြုလုပ်ကြရမည်။

## ယုတ်ညံ့သောအသက်မွေးမှု

လူသည် တကယ်တမ်းလွယ်ကူစွာအသက်မွေးမြူလိုပါက အရှက်မရှိရ၊ ကျိုးကန်းလိုလည်းလုရဲရ၏၊ သူတစ်ပါး၏သိက္ခာကိုလည်း ချရဲရ၏၊ သာရာဘက်သို့လည်းပြေးကပ်ရဲရ၏၊ ညစ်ပတ်သောစိတ်လည်းရှိရ၏၊ ဤသို့ပြုလျှင် လောက၌အသက်မွေးရလွယ်လေ၏။

ဤသို့သောအသက်မွေးမှုကို ယုတ်ညံ့သောအသက်မွေးမှုဟုခေါ်ဆိုရပါသည်။

(ဦးရွှေအောင်-အတွေးအမြင်စာစုများ)

## စိတ်ကိုတည်ငြိမ်အောင်, ကောင်းအောင်ထားပါ

လောကမှာလုပ်ငန်းတစ်ခုခုကိုလုပ်တော့မည်ဆိုလျှင် စိတ်အာရုံစူးစိုက်မှုဟာအရေးကြီးပါတယ်၊ စိတ်အာရုံစူးစိုက်မှုရှိမှ လုပ်ငန်းဟူသမျှအောင်မြင်နိုင်ပါတယ်၊ ဥစ္စာရှိတာပဲဖြစ်ဖြစ်၊ အတတ်ပညာရှာတာပဲဖြစ်ဖြစ်၊ စူးစိုက်အာရုံစိုက်ပြီးလုပ်လျှင် အောင်မြင်တတ်ပါတယ်၊ မစူးစိုက်အာရုံမစိုက်လျှင် မအောင်မြင်ပါဘူး။

ဒါကြောင့် ပညာသည်သမီးဘဝဟာ မိမိစိတ်ကိုပညာသင်ကြားရေးမှာသာ အာရုံစူးစိုက်ထားပါ။

ပြီးတော့ ပညာသည်ဘဝမှာ မိမိဘဝကိုကောင်းစွာထိန်းသိမ်းစောင့်ရှောက်တတ်ဖို့လိုအပ်ပါတယ်။

ပညာသည်ဘဝမှာ အပေါင်းအသင်းများမယ်၊ အရက်သောက်မယ်၊ အပျော်အပါးလိုက်စားမယ်၊ စိတ်လေမယ်၊ ကျောင်းတက်မယ်ဆိုပြီး ရုပ်ရှင်ကြည့်၊ ဟိုလျှောက်သွား၊ ဒီလျှောက်သွား ပျက်စီးနေမယ်ဆိုရင် ပညာမတတ်ဂျပိုးသူခိုးလူတေလေးဖြစ်သွားမှာဘဲ။

ဒါကြောင့် မိမိကိုယ်ကိုကောင်းအောင်တည်ဆောက်နေထိုင်ဖို့ သိပ်အရေးကြီးပါတယ်၊ မိမိကိုယ်ကိုကောင်းအောင် တည်ခြင်းဆိုတာက-

"သတ်မိသူသက်၊ ခိုးဝှက်မုသား၊ အိမ်ရာများနှင့်၊ ချောစားနှုတ်ကြမ်း၊ ပြိန်းသွမ်းပြောဆို၊ သူပိုင်ကိုပင်၊
လိုချင်သမျှ၊ သူ့ခန္ဓာသက်၊ ပျက်ပြားစေချင်၊ အမြင်
အမှား ၊သည်ဆယ်ပါးသို့၊ လာကြဘယ်ခါ၊ မရှိပါ
အောင်၊ ကောင်းစွာညိတ်ညိတ်၊ မိမိစိတ်ကို၊ ယွင်းဖိတ်
မမည်း၊ ဆောက်တည်ခြင်းတည်"

ဟုဆိုထားသည့်အတိုင်း လူတို့ရှောင်ကြဉ်ရမည့် ဒုစရိုက်ဆယ်ပါးကိုပယ်ရှားခြင်း၊ သုစရိုက်တရားကိုပွားများကျင့်ကြံခြင်းကို ဆိုလိုပါတယ်၊ ပြီးတော့ ကိုယ်အမူအရာအစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ ကိုယ်အမူအရာကြမ်း၊

အဆုံးအမကြမ်း၊ နှုတ်ကြမ်းဆိုတဲ့အကြမ်း(၆)ပါးလည်းကင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရပါမယ်။

- အသွားအလာအနေအထိုင်အပြုအမူ
- ဝတ်ပုံစားပုံဟန်မူရာ
- ရိုင်းစိုင်းကြမ်းကြုတ်သောကိုယ်အမူအရာပုံတို့ပတ်ကြမ်းစကားသွမ်းများကိုပြောဆိုလေ့ရှိခြင်း၊ ငွေး၊ ဝေက်ဟုခေါ်ဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း။
- သူတစ်ပါးသတင်းကိုပြောတတ်ခြင်း၊ အစရှိသော ရိုင်းစိုင်းကြမ်းကြုတ်သောနှုတ်အမူအရာ
- စိတ်အလွန်တိုခြင်း၊ သူတစ်ပါးအားမကောင်းကြံခြင်း

အစရှိသော ရိုင်းစိုင်းကြမ်းကြုတ်သောစိတ်အမူအရာများကို ဖယ်ရှားပြီး မိမိရဲ့ကိုယ်စိတ်ကိုယဉ်ကျေးသိမ်မွေ့စွာထားရပါမယ်၊ ဘုရားရှင်က သမ္မာတရားလေးပါးဟောထားတယ်၊ အဲဒါဟာ မိမိကိုယ်ကိုကောင်းစွာဆောက်တည်ထားဖို့ အခြေခံကျင့်စဉ်တရားဘဲ။

- မဖြစ်သေးသောကုသိုလ်ပညာတရားတို့ကိုဖြစ်အောင်အားထုတ်ခြင်း
- ဖြစ်ပြီးသောကုသိုလ်တရားတို့ကိုပွားများအားထုတ်ခြင်း
- မဖြစ်သေးသောအကုသိုလ်ကိုမဖြစ်အောင်အားထုတ်ခြင်း

- ဖြစ်ပြီးသောအကုသိုလ်များကိုပယ်ခြင်းငှာအားထုတ်ခြင်း

အဲဒီတရားလေးပါးဟာ လူယဉ်ကျေးမှု လိမ္မာမှုရှိသူတိုင်းဟာ အရွယ်သုံးပါးမှာကျင့်သုံးရမဲ့ကျင့်စဉ်တရားတွေဘဲဖြစ်တယ်၊ သမီးတို့ဘ၀ သိတတ်တဲ့အရွယ်ကစပြီး-

- သီလကင်းမဲ့သော မိမိစိတ် မိမိကိုယ်ကိုသီလ၌တည်ရပါမယ်
- သဒ္ဓါတရားကင်းမဲ့သောမိမိစိတ် မိမိကိုယ်ကို သဒ္ဓါတရားကောင်းနှင့်ပြည့်စုံအောင်ထားရပါမယ်
- မနာလိုဝန်တိုမှုကိုစွန့်မြဲ၊ မလှူဒါန်းလိုသောမိမိစိတ်မိမိကိုယ်ကိုစွန့်ကြဲပေးကမ်းလှူဒါန်းမှုစိတ်နှင့်ပြည့်စုံအောင်ထားရပါမယ်

အဲဒါတွေဟာ မိမိစိတ်ကိုကောင်းစွာထားခြင်းများဖြစ်ပါတယ်၊ ဆုံးမစာတွေကလည်း ကောင်းစွာထားအပ်သောစိတ်သည် ခပ်သိမ်းသောစည်းစိမ်ကိုပေးခြင်းငှာ တတ်နိုင်၏။

- များသောအားဖြင့် ထားအပ်သောစိတ်သည် ခပ်သိမ်းသောဆင်းရဲကိုပေး၏
- အကြွင်ပျက်စီးခြင်းကို ခိုးသူသည်မပြုနိုင်ကုန်၊ ရန်သူတို့လည်းမပြုနိုင်ကုန်၊ ထိုပျက်စီးခြင်းတို့သည် သတ္တဝါ

တို့၏အတွင်း၌ များသောအားဖြင့်ထားအပ်သောစိတ်ထားအလျှင်ပြုလုပ်နိုင်၏။

- အကြွင်စည်းစိမ်ကို အမိအဖအစရှိကုန်သောသူတို့သည် ပေးခြင်းငှာမတတ်နိုင်ကုန်၊ သတ္တဝါတို့၏အတွင်း၌ဖြစ်သော ကောင်းစွာထားအပ်သောစိတ်ကသာလျှင်ပေးစွမ်းနိုင်၏။

လို့ဆုံးမစာတွေ၊ ဘုရားပေးဓမ္မပဒစိတ္တဝဂ်မှာဟောထား၊ ဆိုထားတာကိုတွေ့ရတယ်၊ ဒါကြောင့် မိမိရဲ့စိတ်ကို မှားသောအယူ၊ မှားသောအကြံ၊ မှားသောစကား၊ မှားသောအလုပ်၊ မှားသောအသက်မွေးမှု၊ မှားသောသတိ၊ မှားသောသမာဓိမဖြစ်အောင်ကြိုးစားပြီးတည်ဆောက်ရမယ်။

အဲဒီလို စိတ်ကိုကောင်းစွာတည်ဆောက်ထားနိုင်ပါမှ သမီးဘဝပညာရေးဟာ တစ်နှစ်တစ်တန်းမှန်မှန်တက်သွားနိုင်မယ်၊ အောင်မြင်နိုင်မယ်။

စိတ်မတည်ငြိမ်၊ စိတ်ပျံ့လွင့်ပြီး မကြိုးစားလျှင်တော့ ဘယ်လိုနည်းနဲ့မှမအောင်မြင်နိုင်ဘူး။

မကောင်းစိတ်စွဲ၊ ပယ်ခွာရှိစမြဲ စိတ်ကောင်းစေ
ကိုယ်စိတ်တွင်းပြင်၊ ငြိမ်သက်လျှင်၊ မြတ်ခြင်းမင်္ဂလာပေ
ကုသိုလ်စိတ်ပန်း၊ အမိဌာန်၊ အမှန်ထားထိုက်ပေ

ဆိုတဲ့ ကျင့်ဝတ်နှင့်အညီ ကြိုးစားအားထုတ်ပါသမီး။

ဒီနေရာမှာ မိမိလိုလားချက်ပန်းတိုင်ရောက်အောင် မိမိရဲ့စိတ်ကိုတည်ကြည်စွာထားပြီး ဆောင်ရွက်သွားလို့တက္ကသိုလ်ပြည်မှာ ထီးနန်းရပြီး မင်းဖြစ်သွားတဲ့ဇာတ်နိပါတ်တစ်ခုကို ဖေဖေပြောပြမယ်သမီး-

ရှေးက ဗာရဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတယ်၊ အဲဒီမင်းမှာ သားကတစ်ထောင်ရှိတယ်၊ ဘုရားလောင်းဟာ အငယ်ဆုံးသောမင်းသားလေးဖြစ်တယ်။

တစ်နေ့မှာ မင်းသားငယ်ဟာ နန်းတော်သို့ နေ့စဉ်ဆွမ်းစားကြသော ပစ္စေကဗုဒ္ဓါကိုဝင်ဖူးတွေ့ပြီး-

"တပည့်တော်ဟာ ဤပြည်၌ မင်းဖြစ်မည်လော၊ မဖြစ်မည်လော"

လို့မေးလျှောက်တယ်၊ ပစ္စေကဗုဒ္ဓါကလည်း အနာဂတံသဉာဏ်ဖြင့်ကြည့်ပြီး-

"သင်ကား ဤပြည်မှာမင်းဖြစ်မှာမဟုတ်ဘူး၊ ဒါပေမယ့်သင်ဟာတက္ကသိုလ်ပြည်သို့ ယနေ့သွားနိုင်က သွားပါ။ ခရီးကန္တာရကြားမှာဖြားယောင်းတတ်တဲ့ဘီလူးမတို့ကိုမကြည့်ဘဲ သတိမြဲစွာထားပြီး မိမိကိုယ်ကိုကောင်းစွာတည်ဆောက်သွားနိုင်လျှင်တော့ ခုနှစ်ရက်မြောက်နေမှာ တက္ကသိုလ်ပြည်မှာမင်းဖြစ်လိမ့်မယ်"

လို့မိန့်ကြားတယ်။

ဒါနဲ့ မင်းသားငယ်လည်း နောက်ပါတပည့်ငါးဦးနှင့်အတူ တက္ကသိုလ်ပြည်သို့ ရှေ့ရှုထွက်လာခဲ့တယ်၊ မင်းသားငယ်က နောက်ပါများကို ကန္တာရခရီးမှာဖြားယောင်းတတ်တဲ့ ဘီလူးမတွေ ရှိတယ်၊ မသာယာဖို့ သတိထားဖို့ကိုယ်စိတ်ကိုယ်နိုင်အောင် ထိန်းကြဖို့ ကြိုတင်သတိပေးမှာကြားပြီး ထွက်လာခဲ့တယ်။

ထွက်လာလို့ ယူဇနာငါးဆယ်ခရီးကိုလည်းရောက်ရော ဘီလူးမတွေက ကန္တာရအတွင်းမှာ လှလှပပဇရပ်တွေဖန်ဆင်းတယ်၊ ပြီးတော့ မိမိတို့ကိုယ်မိမိလည်း နတ်သမီးတမျှလှပတဲ့ ရုပ်အဆင်းတွေဖန်ဆင်းပြီး မင်းသားငယ်တို့အုပ်စုကို ဖြားယောင်း သွေးဆောင်တယ်။

အဲဒီလိုဖြားယောင်းတော့ မင်းသားဟာ ဆီပြည့်သော ခွက်ကိုကိုင်သွားတဲ့သူကဲ့သို့ စိတ်ကိုတည်ငြိမ်စွာထားကာ ဘီလူးမ တို့ရဲ့မာယာအလှကိုမကြည့်ဘဲ ရှောင်လွှဲထွက်တယ်။

ပါလာတဲ့တပည့်ငါးယောက်တို့က အတန်တန်မှာထား လျက်နှင့် အာရုံငါးပါးနှင့်ဖြားယောင်းမှုကိုမခံနိုင်ကြဘဲ တစ်ဦးက ရူပါရုံနှင့်ဖြားယောင်းမှုနောက်ပါပြီး ဘီလူးမတွေစားခံရတယ်။

တစ်ယောက်က အသံအာရုံဖြားယောင်းမှုကို ဒဏ်မခံနိုင် ဘဲ ပါသွားပြီးဘီလူးမတွေစားခံရတယ်။

တစ်ယောက်က အနံ့အာရုံဖြားယောင်းမှုကိုမခံနိုင်ဘဲ ပါသွားပြီးဘီလူးမတွေစားခံရတယ်။

တစ်ယောက်ကတော့ အတွေ့အထိအာရုံဖြားယောင်းမှုကိုမခံနိုင်ဘဲ ပါသွားပြီးဘီလူးမတွေစားခံရတယ်။

ဘီလူးမတွေဟာ မင်းသားငယ်ရဲ့တပည့်ငါးယောက်ကို ဖြားယောင်းပြီး သတ်ဖြတ်စားသောက်ပြီးလို့ အားမရကြသေးဘူး၊ မင်းသားငယ်နောက်ဆက်လိုက်ကြပြီး ဆက်လက်ဖြားယောင်းကြတယ်။

ဒါပေမယ့် မင်းသားငယ်က မိမိစိတ်ကို ကောင်းစွာထိန်းပြီး ဆက်သွားတော့ တက္ကသိုလ်မြို့ တံခါးအနားသို့ရောက်လာတယ်။

မင်းသားငယ်က မြို့ဝင်တံခါးဝအနီးဇရပ်တစ်ခုမှာ ခဏနားနေတယ်၊ ဘီလူးမကတော့ နတ်သမီးတစ်မျှ အလွန်တစ်ရာလှပတဲ့အမျိုးသမီးယောင်ဖန်ဆင်းပြီး ဇရပ်လှေကားထိပ်အနီးမှာ ရပ်နေတယ်၊ မင်းသားငယ်ရဲ့အရှိန်အဝါကြောင့် ဇရပ်အတွင်းသို့ မဝင်ရဲဘူး။

အဲဒီအချိန်မှာပဲ တက္ကသိုလ်ပြည်ရှင်မင်းကြီးက ဥယျာဉ်သို့သွားရင်း အဲဒီဇရပ်နားသို့ရောက်လာတယ်။

အလွန်တရာချောမောလှပတဲ့အမျိုးသမီးကိုမြင်တော့ မင်းကြီးကမြတ်နိုးသွားတယ်၊ ဘီလူးမကို မင်းချင်းတွေက သွားမေးတော့ ဘီလူးမက မင်းသားရဲ့မယားလို့ပြောတယ်၊ မင်းသား

ငယ်ကိုမေးတော့ မင်းသားငယ်က သူ့မယားမဟုတ်ဘူး၊ ဘီလူးမ လို့ပြောတယ်။

ဒါပေမယ့် မင်းချင်းတွေက ဘီလူးမဆိုတာကိုမယုံဘူး၊ သင့်မယားမဟုတ်ရင် မင်းကြီးက တော်ကောက်မယ်လို့ပြောတော့ မင်းသားငယ်က သူ့မယားမဟုတ်ကြောင်း၊ ဘီလူးမဖြစ်ကြောင်း တော်မကောက်သင့်ကြောင်းပြောပြတယ်။

မင်းကြီးထံလျှောက်တော့ မင်းကြီးကလည်း ဒီလောက် လှပတဲ့အမျိုးသမီးဟာ ဘီလူးမဆိုတာမဖြစ်နိုင်ဘူး၊ သူ့မယား မဟုတ်ရင် ငါကိုယ်တော်မြတ် တော်ကောက်၊ မိဖုရားမြှောက်မယ် ဆိုပြီး ခေါ်ဆောင်သွားကာ မိဖုရားအရာမှာထားတယ်။

ညဉ့်အခါအိပ်တော့ ဘီလူးမက ပရိယာယ်မာယာဖြင့် နန်းတော်တစ်ခုလုံးအစိုးရခြင်းအာဏာကို မင်းထံမှာအရတောင်း တယ်၊ မင်းကလည်း ချောမောလှပတဲ့မိန်းမအာရုံမှာနစ်မျောနေ တော့ မိဖုရားတောင်းတာပဲဆိုပြီးပေးတယ်။

မင်းကြီးနှင့်တကွ နန်းတွင်းတစ်ခုလုံးအိပ်ပျော်တော့ ဘီလူးမဟာ အပေါင်းအသင်းတွေသွားခေါ်လာပြီး နန်းတော် တွင်းရှိသတ္တဝါအားလုံးကိုပင် မချန်စားသောက်ပစ်တယ်။

နောက်တစ်နေ့မိုးလင်းလို့ မှူးမတ်တွေနန်းတော်ထဲသို့ ညီလာခံဝင်တော့ မင်းအပါအဝင်အားလုံးအရိုးစုသာတွေ့ရတော့

မင်းကြီးမိဖုရားပြုသောမိန်းမသည် ဇရပ်မှာနေသောလူငယ်ပြော သလို ဘီလူးမဖြစ်ပေလိမ့်မယ်လို့ သဘောပေါက်သိရှိကြတယ်။

အဲဒီအခါကျမှ မှူးမတ်ရဲမက်တွေဟာ နန်းတော်တစ်ခု လုံးကိုဆေးကြောသုတ်သင်ပြီး ဇရပ်၌နေသောမင်းသားထံသို့ သွားမေးကြပြီး အကျိုးအကြောင်းပြောပြကြကာ မေးမြန်းကြ၊ ဆွေးနွေးကြ၊ မင်းသားကို တက္ကသိုလ်ပြည်ရဲ့မင်းအဖြစ် တင်မြှောက်ကြတယ်။

ဤတေလပတ္တဇာတ်တော်အရ ပြောရရင် အစစအရာ ရာမှာအောင်မြင်မှုပန်းတိုင်တစ်ခုခုကိုရည်မှန်းပြီး ချီတက်သွား လာလုပ်ကိုင်နေတဲ့သူဟာ ရည်မှန်းချက်မရောက်မချင်း စိတ်သမာ ဓိကိုတည်ကြည်ခိုင်မြဲစွာထားတတ်ဖို့လိုတယ်ဆိုတာ ဖော်ပြနေ တယ်သမီး။

ပညာသင်နေကြတဲ့သမီးတို့တတွေဟာလည်း ပညာသင် ကြားနေတဲ့အချိန်မှာ ရည်ရွယ်ချက်ပန်းတိုင်မရမချင်း စာမေးပွဲ တွေမှာအတတ်တွေမအောင်မချင်း၊ အပျော်အပါးတွေမပါအောင် မိမိကိုယ်ကိုထိန်းနိုင်ရမယ်၊ စာထဲမှာ စိတ်စွဲပြီးကြိုးစားအားထုတ် ရမယ်၊ ကျောင်းပြေးတာ၊ ရုပ်ရှင်ကြည့်တာတို့အပေါင်းအသင်း တွေနဲ့လောင်းကစားတို့ဆိုတဲ့ ပညာသင်ပျက်စီးကြောင်းတရား တွေကို ရှောင်ရှားနိုင်သောစိတ်ဓာတ်သမာဓိကိုယ်ကျင့်သိက္ခာ ရှိရမယ်သမီး။

## အကြားအမြင်များအောင်လုပ်ပါ

လောကမှာ ကြီးပွားချမ်းသာဖို့၊ ပညာတတ်ဖို့အတွက် အကြားအမြင်ဗဟုသုတများမှုဟာလည်း အရေးကြီးတယ်သမီး။

ပညာသင်ကြားနေတဲ့ ပညာသည်သမီးတို့ဘဝအရွယ်မှာ ကျောင်းပညာသင်ခန်းစာအပြင် ဘေးကဗဟုသုတတွေများစွာ ရဖို့လိုအပ်ပါတယ်၊ ဗဟုသုတတွေ များစွာရလေလေ ကိုယ်ရဲ့ ပညာရေးအဆင့် အတန်းမြင့်လေလေ စိတ်ဓာတ်ခွန်အားမြင့် လေလေပါဘဲ။

ဒီနေရာမှာ အကြားအမြင်ဆိုတဲ့ ဝေါဟာရကို သမီးနည်း နည်းသိထားဖို့လိုအပ်ပါတယ်။

အကြားဆိုတာက သူတစ်ပါးပြောခဲ့ရေးခဲ့၍သိရသော အကြောင်းအရာများစာအုပ်စာပေမှသိရသောပုံပြင်၊ ရာဇဝင်များ ဟာအကြားဖြစ်ပါတယ်။

အမြင်ဆိုတာကတော့ ကိုယ်တိုင်သွားရောက်လေ့လာလို့ မြင်တွေ့နေရလို့သိရတဲ့အခြင်းအရာသဘောတရားတွေကို ဆိုပါ တယ်။

လောကီအကြားအမြင်များတယ်ဆိုသူဟာ ပညာရေး၊ ကြီးပွားရေး၊ စီးပွားရေး၊ ဓမ္မရေးတို့မှာကြီးပွားတယ်၊ တိုးတက် တယ်၊ ချမ်းသာတယ်လို့ဆိုပါတယ်။

လောကုတ္တရာအကြားအမြင်များသူကတော့ မဂ်ဖိုလ် နိဗ္ဗာန်ရောက်သည်အထိ အကျိုးကြီးတယ်လို့ဆိုပါတယ်။

အကြားအမြင်မှာလည်း-

အဖက်၊ အရွတ်၊ အစီအကုံးအနှုန်းအဖွဲ့ဆိုတဲ့ နှုတ်ပညာ၊ အတိုင်းအတာတတ်သိခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်း ဟူသောလက်မှုပညာ ဤပညာနှစ်ရပ်နှင့်ပတ်သက်လို့ အကြားအမြင်များသူဟာ ပစ္စုပ္ပန်ဘဝချမ်းသာရေးကိုမှချခံစားရတယ်လို့ ဆိုပါတယ်။

ဘုရားရှင်ကလည်း အင်္ဂုတ္တိုရ်(စတုက္က)ဥရုဝေဠသုတ်မှာ-

- များသောအကြားအမြင်ရှိသူ
- အကြားအမြင်ကိုရွက်ဆောင်သူ
- အကြားအမြင်ကိုစုဆောင်းပြီးသူ

တို့ကို ပညာရှိလို့ခေါ်ကြောင်းဟောထားတယ်။

လက်တွေ့မြန်မာရာဇဝင်မှာ အင်းဝမြို့ ပထမမင်းခေါင်ကြီးလက်ထက် ဘိုးရာဇာလို့ခေါ်တဲ့ ဝန်ဇင်းမင်းရာဇာဟာ ဗဟုသုတများသည့်အတွက် လယ်သမားဘဝမှ ပညာရှိအမတ်ကြီးဖြစ်ခဲ့ရတယ်။

လောကနီတိဆရာက-

"အကြားအမြင်သည် အသိအလိမ္မာပညာ၏တိုးပွားပွင့်လင်းကြောင်းတည်းလို့ ဆိုထားခဲ့တယ်"

ဘုရားရှင်ကတော့ သတ္တအင်္ဂုတ္တိုရ်ဒုတိယဝဂ်နဂရော သမာသုတ်မှာ-

"များသောအကြားအမြင်ရှိသောသူသည် အကုသိုလ်ကို ပယ်၏၊ ကုသိုလ်ကိုပွားစေ၏၊ အပြစ်ရှိသောတရားကိုပယ်၏၊ အပြစ်မရှိသောတရားကိုပွားစေ၏၊ ကိုယ်ကိုစင်ကြယ်စွာစောင့် ရှောက်၏" လို့ ဟောတော်မူခဲ့တယ်။

ဗဟုသုတ (များသောအကြားအမြင်)ဆိုတာကတော့-

- တိုင်းပြည်ဒေသရပ်ရွာနိုင်ငံတကာဗဟုသုတ
- ဘာသာစကားအမျိုးမျိုးပြောစွမ်းနိုင်ခြင်းဗဟုသုတ
- စာပေကျမ်းဂန်အမျိုးမျိုးတတ်မြောက်ခြင်း၊ ဗဟုသုတ

ရှိပြီး ဉာဏ်ရှိတယ်၊ အဲဒီလို ဗဟုသုတကိုရှာရာမှာလည်း-

**ယုတ်လတ်ကယ်မြတ်ပညာ၊ တတ်မျိုးစုံအောင်ပ၊**
**ဂုဏ်ရောင်ကိုမတိမ်မြုပ်စေနဲ့၊ အားထုတ်လို့ရှာ၊**
**တဲ့တည်ကြည်မှတ်ထိန်းလို့၊ ခပ်သိမ်းသိပညာ**
**လျော်ခါမှဉာဏ်သုံး၊ ကာလံဒေသံနှင့်**
**ဝေဖန်ခါသင့်-မသင့်၊ မင်းအပေါ်နှင့်ဦး။**

ဤစာချိုးအတိုင်း-

- သေးသိမ်ငယ်နှောင်းတဲ့အတတ်ပညာဗဟုသုတမျိုး
- အလယ်အလတ်ဖြစ်သောအတတ်ပညာဗဟုသုတမျိုး
- ကြီးမြတ်သောအတတ်ပညာဗဟုသုတမျိုး

အလုံးစုံသောပညာဗဟုသုတကိုရှာယူပြီး လိုအပ်တဲ့နေရာမှာ လိုအပ်သလိုအသုံးချရမယ်၊ မလိုအပ်ဘဲနှင့်မသုံးပါနှင့်တဲ့၊ စည်ကြီးများလိုတီးမှမြည်ပါ၊ မတီးဘဲမမြည်ပါနဲ့၊ မတီးဘဲမြည်ပါက အပေါဖြစ်သွားတတ်တယ်။

အကြားအမြင်နည်းသောသူကျတော့လည်း သမုဒ္ဒရာကို မမြင်ဘူးတဲ့၊ ဖားသူငယ်ဟာ မိမိနေရတဲ့ရေတွင်းကိုပဲ သမုဒ္ဒရာ ထင်နေသလို အကြားအမြင်ပညာဗဟုသုတနည်းပါးသူဟာလည်း မိမိရဲ့အနည်းငယ်တတ်ထားတဲ့ ဗဟုသုတအသိပညာကို အများကြီးလို့ထင်ပြီး မာနထောင်လွှားတတ်တယ်။

မင်္ဂလာတရားတော်မှာတော့ အကြားအမြင်များခြင်းဆိုတာကို အောက်ပါအတိုင်းဖွင့်ဆိုပြထားတယ်-

- တရားကျမ်းဂန်သင်အံ့ကြည့်မှတ် လွှန်နှံ့စပ်သော အတတ်ကောင်းပညာကောင်းနှင့်ပြည့်စုံခြင်း။
- သာသနာတွင်းပြင် လူတို့သင်၍ သိမြင်ကျမ်းဂန်၊ ဂန္ထရ၊ ရဋ္ဌတိုင်းပြည်၊ကမ္ဘာလည်၍၊ တည်တည်ရောက်ပေါက် မှတ်လောက်သရွေ့၊ အကြောင်းစုံစေ့၊ မမေ့မကျန်၊ တီးပွန်းပွန်းသည်၊ ဒေသန္တရ၊ လူမှုကိစ္စ၊ ဗဟုသုတနှင့် ပြည့်စုံသောသူ။

"အကြားအမြင် များမြောင်စင်၊ ကြည်လင်အားထုတ်ပါ" ဆိုတဲ့အတိုင်း သမီးရဲ့ပညာသည်ဘဝတစ်လျှောက်မှာ ကြီးပွား

တိုးတက်ဖို့ အရွယ်သုံးပါးမှာချမ်းသာဖို့အတွက် ဗဟုသုတအသိပညာတို့ကို အမြဲမပြတ်ရှာဖွေလေ့လာမှတ်သားနေရမယ်။

ဗဟုသုတအကြားအမြင်များလေလေ၊ သမီးတို့ဘဝ တိုးတက်လေလေဖြစ်မှာသေချာပါတယ်။

ပညာရှာပမာသူတောင်းစားတဲ့၊ အတတ်ပညာဆိုတာမတတ်အပ်တဲ့အတတ်ပညာဆိုတာမရှိဘူး၊ မလုပ်အပ်၊ မကျင့်အပ်တဲ့အတတ်ပညာသာရှိတယ်၊ ပညာရှာပမာသူတောင်းစားဆိုတာကတော့ သူတောင်းစားဆိုတာ ရတာမှန်သမျှ အကုန်တောင်းတယ်၊ ယူတယ်၊ ပြီးတော့ သူအသုံးချလိုတာကိုသာ အသုံးချလေ့ရှိတယ်။

အဲဒီလိုပဲ ပညာရှိတဲ့လူဟာ တွေ့သမျှ မြင်သမျှ အတတ်ပညာတွေကိုအကုန်သင်ယူရတယ်၊ ပြီးမှ ကိုယ်လိုတာကို ထုတ်သုံးရတယ်။

ငယ်စဉ်ကတည်းက မရှက်မကြောက်ပညာရှာခဲ့လို့ ငယ်စဉ်ကစာပေရှူးဆိုပြီးအပစ်ခံရတဲ့ စာဆိုညိုဆိုတဲ့ ပညာရှိဘိုးရာဇာအကြောင်းကို သမီးသိအောင်ပြောပြမယ်-

မြန်မာသက္ကရာဇ် ၇၂၉-ခုနှစ်မှာ မင်းကြီးစွာစော်ကဲဟာ အင်းဝမှာနန်းစံတယ်၊ နေပြည်တော်ရဲ့တောင်ဘက် ၇၂-မိုင်အကွာမှာ မိတ္ထီလာကန်ရှိတယ်၊ မိတ္ထီလာကန်ရဲ့အောက်အရပ်မှာ ဝန်ဇင်းရွာဆိုတာရှိတယ်။

အဲဒီရွာမှာရှိတဲ့ လူငယ်တစ်ဦးဟာ ပညာဗဟုသုတလိုလားသူဖြစ်တယ်၊ ငယ်စဉ်ကတည်းက ပေ၊ ပုရပိုက်တွေကို ရှာဖွေလေ့လာဖတ်တယ်၊ မှတ်တယ်၊ ဒါကြောင့် သူ့ကိုစာတိုင်ညိုစာပေ ရူးရယ်လို့ ရွာသူရွာသားတွေက ဝိုင်းဝန်းလှောင်ပြောင် သတ်မှတ်ခံရတယ်။

စာဆိုင်ညိုဟာ ဝန်ဇင်းရွာသူကြီးသမီးနှင့်ချစ်ကြိုက်ပြီး ခိုးယူပေါင်းသင်းခဲ့တယ်၊ ရွာသူကြီးက ဤသူငယ်ဟာ ပေပုရပိုက်၌သာမွေ့လျော်နေသော စာရူးလေးသာဖြစ်တယ်၊ ပင်ပင်ပန်းပန်း လုပ်ကိုင်စားမဲ့ကောင်မဟုတ်ဘူး၊ ငါမနှစ်သက်၊ သမီးကကြိုက်နေလေတော့ မခွဲလိုဘူး၊ ဒီလယ်ဒီနွားကိုယူပြီး ငါမမြင်ရာနေရာမှာ သွားနေပြီး လုပ်စားကြဆိုကာအိမ်ပေါ်ကနှင်ချထားလိုက်တယ်။

ညိုကလည်း သူကြီးအမိန့်အတိုင်း သူကြီးနှင့်လွတ်ကင်းရာအရပ်မှာနေပြီး လယ်ထွန်ယာခုတ်အလုပ်ကို ကြိုးစားလုပ်ကိုင်တယ်၊ အားလပ်ချိန်မှာတော့ စာကိုလေ့လာဖတ်ခြင်း၊ မှတ်ခြင်းများကိုသာပြုလုပ်တယ်။

တစ်နေ့ကျတော့ မိတ္ထီလာကန်ကျိုးပေါက်သဖြင့် မင်းကြီးစွာစော်ကဲဟာ ဗိုလ်ပါအလုံးအရင်းနှင့်ဆည်ဖို့ပြုပြင်ရန် မိတ္ထီလာကန်ကိုချီတက်ခဲ့တယ်၊ မိတ္ထီလာကန်ကိုမြေဖို့ပြုပြင်ရင်း ကန်ပေါင်ရိုးပေါ်တွင် မိန်းမအရုပ်နှင့်နတ်ကွန်းတစ်ခုကိုတွေ့တော့ မင်းကြီးက ထိုနတ်ကွန်းအကြောင်းကို မေးတော်မူတယ်။

မည်သူမျှမတင်လျှောက်နိုင်ကြဘူး၊ အဲဒါနဲ့ မင်းကြီးက ဤရပ်ရွာမှာ အမှတ်အသားအကြားအမြင်နှင့်ပြည့်စုံသူရှိ-မရှိ စုံစမ်းမေးမြန်းတော့ ဝန်ဇင်းရွာသူကြီးသမက်သည် အမှတ်အသားများပါတယ်လို့လျှောက်ထားကြတယ်။

အဲဒီအခါမှာ မင်းကြီးစွာစော်ကဲဟာ ဝန်ဇင်းရွာသူကြီးထံ သမက်ကိုတောင်းတယ်။

ဝန်ဇင်းရွာသူကြီးကလည်း သမီးကိုခေါ်ပြီး ညည်းခင်ပွန်းသည်မတော်တဆ မင်းပေါက်စိုးကြာ ကြံစည်ပြောဆိုမိမည်ဖြစ်မယ်၊ ယခု မင်းဧကရာဇ်ကခေါ်တော်မူတယ်လို့ ကြောက်လန့်တကြားကြိမ်းမောင်းဆူပွက်ပြောကြားသတဲ့။

ညို၏မယားကလည်း စိုးရိမ်သောကရှိလှသဖြင့် ဆံပင်ဖားလျားနှင့် ခင်ပွန်းသည်လယ်ထွန်ရာသို့လိုက်သွားပြီး အကျိုးအကြောင်းပြောပြသတဲ့။

အဲဒီအခါမှာ ညိုက ဘယ်လိုမှမပြောဘဲ ကန်သင်းဆုံရှိသပြေပင်ပေါ်တက်ပြီး သပြေပန်းများကိုချိုးယူခဲ့ပြီး လယ်ထွန်ရာ၌ခိုင်းစေသောနွားနှစ်ကောင်ချို၌စည်း၍-

"အမောင်သားနှစ်ယောက်ကို အဖမခိုင်းတော့ပြီ"

ဟုဆိုကာ ထမ်းပိုးကချွတ်ပြီးလွှတ်လိုက်သတဲ့။

မယားကတော့ ကြောက်ရွံ့လျက် အကျိုးအကြောင်းကို

ထပ်မံမေးတယ်၊ "ရှင်မ မစိုးရိမ်လင့်၊ ငါ၏ ပညာအကျိုးခံစားရတော့မယ်" လို့ ရှင်လန်းပြောဆိုပြီး မင်းထံအခစားဝင်တယ်။

မင်းကြီးက ညီကိုကန်ပေါင်ရိုးပေါ်က နတ်ကွန်းအကြောင်းကိုတန်းမေးသတဲ့၊ အဲဒီအခါမှာ ညီကသွက်လက်စွာပင်-

"အရှင်မင်းကြီး. . . အရှင်ရဲ့ဘေးလောင်းတော် အနော်ရထာမင်းကြီးဟာ မိတ္ထီလာကန်ကို ဆည်ဖို့စဉ် စော်ဘွားတစ်ဦးက သမီးကညာတစ်ဦးလာရောက်ဆက်သပါတယ်ဘုရား၊ မင်းကြီးကလည်း ရုပ်ရည်ချောမောတင့်တယ်သော သမီးကညာကိုချစ်မြတ်နိုးသဖြင့် မိဖုရားငယ်အရာထားကာ ခြေတော်ရင်း၌မပြတ်ခစားစေပါတယ်၊ ထိုသို့ခစားနေစဉ်အတွင်း မိဖုရားငယ်တွင် ရောဂါကပ်ရောက်၍ လတ်တလောသေဆုံးသွားရာ မင်းကြီးက မိဖုရားငယ်ကိုစွဲလမ်းသဖြင့် အလောင်းကိုမစွန့်ရက်၊ မစွန့်နိုင်ဖြစ်ပြီးနေ့စဉ် အလောင်းကိုသာရှုစားနေတယ်၊ အဲဒီအခါမှာ မှူးမတ်တို့က မိဖုရားငယ်နှင့်အဆင်းအင်္ဂါတူမျှအောင်ရွှေစင်ရုပ်ကိုသွန်းလုပ်ပြီးနောက် မင်းကြီးကိုဆက်သကာ မိဖုရားအစား ဤရွှေစင်ရုပ်ကိုရှုစားပါ၊ ခန္ဓာကိုယ်သည် ပုပ်ပွဖူးရောက်ဖောက်ပြန်တတ်သောသဘောရှိ၍ သင်္ဂြိုဟ်ပါလော့လို့လျှောက်ထားကြသောကြောင့် မိဖုရားအလောင်းကို သင်္ဂြိုဟ်ကြပါတယ်ဘုရား။

အနော်ရထာမင်းကြီးသည် ပုဂံပြည်တော်သို့ပြန်မည်ပြုသောအခါ ရွှေရုပ်ထုကိုတစ်ပါတည်းယူရန်စီမံလျှင် မှူးမတ်တို့က

မင်းဧကရာဇ်၏မင်္ဂလာရှိသောရွှေနန်းတော်သည် ဤရုပ်ထုနှင့် မသင့်တော်ပါ ဟုလျှောက်တင်ကြပါတယ်ဘုရား။

အနော်ရထာမင်းကြီးကလည်း ကန်ပေါင်ရိုးပေါ်တွင် ရွှေရုပ်ထုကို တန်ဆောင်းပြုသဒ်နှင့် ကောင်းစွာထားရစ်ခဲ့လို သော်လည်း နောင်အခါတွင် ရွှေကိုမက်သောသူတို့ကဖျက်ဆီးခံရ မည်ကိုစိုးရိမ်သောကြောင့် တစ်ပါးသူတို့မဖျက်ဆီးနိုင်အောင် ရွှေရုပ်ထုကို ကျောက်သေတ္တာအတွင်းထည့်သွင်းကာ ကန်ပေါင် ရိုးအတွင်း၌ မြှုပ်ထားခဲ့ပါသည်ဘုရား။

ရွှေရုပ်နှင့်တူအောင် သစ်သားရုပ်ကိုထုပြီးကန်ရိုးပေါ်၌ တန်ဆောင်းနှင့်ကောင်းမွန်စွာထားခဲ့ပါသည်ဘုရား၊ နောင်ကာလ ရှည်ကြာသောအခါ ကန်ပေါင်ရိုးသို့လာသူတို့က သစ်သားရုပ်ထု ကို နတ်ရုပ်ဟုထင်ကာ စားဦးသောက်ဦးဆက်သကြရာမှ နတ်ရုပ် နတ်ကွန်းဖြစ်လာရပါသည်ဘုရား”

ဟု ဖြစ်စဉ်သမိုင်းကိုအပြည့်အစုံလျှောက်ထားတယ်။

မင်းကြီးကလည်း ငညိုပြောပြခဲ့သည့်အတိုင်း ဟုတ်-မဟုတ် ကန်ပေါင်ရိုးကိုတူးကြည့်စေရာ ရွှေသားရုပ်ထုကိုရသတဲ့။

ဤသူကား အမှတ်အသားကောင်းမွန်စေ့စပ်စုံလှ၏၊ အတင်အလျှောက်လည်း ရဲရင့်လှပေ၏၊ ယဉ်ကျေးလှပေ၏၊ ပြည်ကြီးဝန်ကိုရွက်ဆောင်သောမင်းဧကရာဇ်တို့မည်သည်ကား

တိုင်းတာနိုင်ငံစည်ပင်ပြန့်ပွားအောင် နှလုံးကောင်း ၊လက်ရုံးကောင်းမြတ်နိုးအပ်လှသည် ဟုဆိုပြီး ငညိုကိုနန်းတော်သို့ခေါ်ဆောင်ကာ အမှုတော်ကိုထမ်းရွက်စေခဲ့တယ်။

နောင်သော် ငညိုဟာ ဝန်ဇင်းမင်းရာဇာပညာရှိဘွဲ့ရာဇာရယ်လို့ မြန်မာ့သမိုင်းမှာထင်ရှားခဲ့တယ်။

အဲဒါ ဘာပြောသလဲဆိုတော့ ပညာရှာတဲ့နေရာမှာ အရှက်အကြောက်မရှိ၊ ရတဲ့အချိန်မှာရသလိုရှာဖွေဆည်းပူးရမယ်၊ လေ့လာရမယ်၊ မှတ်သားရမယ်။

အကြားအမြင်များတဲ့သူ၊ ဗဟုသုတပြည့်စုံတဲ့သူဟာ လောကမှာအသိပညာကြွယ်ဝပြီး ပညာရှင်ဖြစ်တာပဲသမီး။

အသိပညာဗဟုသုတရှာရာမှာလည်း ရှင်မဟာရဋ္ဌသာရက ယခုလိုလမ်းညွှန်ပြခဲ့တယ်သမီး-

**သု,စိ,ပု,တာ၊ ဝိ,လိ,သိ,ဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးသစ်ထွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုးနု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လုံ့လပြင်းစွာ၊ သူထက်ငါ ဟု၊ နှုတ်မှာရွရွ ကြိုးပမ်းကြလျှင်၊ သိပ္ပကျေးဇူး၊ အထူးသိမြင်၊ ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်စော်ဘဲ၊ တီမှာလွဲအံ့။**

**အရဲကြိုးကုတ်၊ ကြက်ရဲခုတ်သို့၊ အားထုတ်ခုံမင်၊ မသင် မအံ၊ မကြံမမေး၊ ဆွေးနွေးရောနှော၊ ပြောဟောမဲ့ထွေ၊**

ပေချပ်ရေဖြင့်၊ ကုန်စေဆန်သာယင်လှပါလည်း၊ ဘယ်မှာဂုဏ်ရှင်၊ ကျော်ဇောထင်ချိမ့်။

စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုဇွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ လှသွားပမာ၊ ကျောက်လာစာသို့၊ လိုရာရအောင်၊ ကြံအောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊ နှုတ်ဝယ်ရွရွ၊ ထားချေမှတည့်၊ တစ်စပေါ်လျှင်၊ ချည်စင်သို့၊ သဘင်ပွဲမှောက်၊ ဆိုရေးရောက်က၊ လန့်ကြောက်မရှိ၊ သတိမြဲခိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ရွှံ့မှာမဲ့လျှင်၊ ဆိုခင်းနည်းနာ၊ အဖြာဖြာကို၊ မကြာနှုတ်လျှောက်၊ ခန့်ချင်ထောက်လော့၊ အံ့လောက်ဖွယ်သာ၊ ဂါထာပါဠိသား၊ စကားရိုက်လည်း၊ စဉ်ရှည်ရှေးတိ၊ စကားကြီးက၊ စသည်တို့ကို၊ ဝိဂြိုဟ်စနက်၊ ဓာတ်ရပစ္စည်းထိုနည်းပမာ၊ ဂါထာဆန်ကိုကား၊ ကရိုဏ်းဌာန်စစ်၊ ဖွင့်လှစ်ငြိကာ အဋ္ဌကထာပါဠိ၊ အောက်ဝယ်ညှိ၍၊ ကဝိလက္ခဏာ၊ အဖြာဖြာကို သေချာဆည်းဆ၊ ဆိုဝံ့ကလျှင်၊ ဘဝဤတွင်၊ ခမျက်မြင်လည်း၊ မထင်ဘက်မှာရှိဘိရာအံ့။

ဟု လမ်းညွှန်ပြခဲ့တယ်။

ဆရာတော်ရဲ့ အဆိုအမိန့်အရ ပညာရှာတဲ့သူဟာ အောက်ပါအချက်တွေကိုလိုက်နာပြီးကျင့်ရမယ်လို့ဆိုပါတယ်-

| | | |
|---|---|---|
| သု | - သုဏောယျ | -နာကြားရမယ် |
| စိ | - စိန္တေယျ | - ကြံစည်ရမယ် |

ပု - ပုစ္ဆေယျ - မေးမြန်းရမယ်

ဘာ - ဘာသေယျ - ပြောဆိုရမယ်

ဝိ - ဝိစာရေယျ - စူးစမ်းဆင်ခြင်ရမယ်

လိ - လိက္ခေယျ - ရေးမှတ်ရမယ်

သိ - သိက္ခေယျ - လေ့ကျင့်ရမယ်

ဓာ - ဓာရေယျ - နှုတ်ငုံဆောင်ရမယ်

ဤအချက်(၈)ချက်နှင့်အညီ ပညာသင်ကြားလျှင် ပညာမတတ်သူဆိုတာမရှိနိုင်ဘူး၊ ပညာတတ်၍မထင်ပေါ်ဘဲမနေဘူး။

## အတတ်ပညာမျိုးစုံတတ်မြောက်အောင်သင်ယူပါ

"ကဝိတစ်ဆူဖြစ်လိုမူ၊ ဗဟုသိပ္ပရှာမှီးကြ"

"ပညာရှိမူ၊ ထိုသသူ၊ နတ်လူဌာန၊ ကျော်လေစွ "

"သိပ္ပပညာ၊ မတတ်ရှာ၊ မဟာဒုက္ခ၊ ရကြီးရ"

သမီးတို့ ပညာသည်အရွယ်ဘဝမှာ အတတ်ပညာသင်ယူမှုဟာ အဓိကပဲသမီး၊ အထက်ပါ သံပေါက်ကဗျာအတိုင်းပဲ၊ ပညာရှိဖြစ်လိုကတော့ အတတ်ပညာမျိုးစုံတတ်အောင် သင်ထားဖို့လိုတယ်။

ပညာရှိကတော့ လူအများလေးစားကိုးကွယ်ခံရပြီး ကြီးပွားချမ်းသာတဲ့ရောက်ဖို့ အထူးပြောစရာမလိုတော့ပါဘူး၊

လောကနီတိဆရာကလည်း-

-အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ

-အတတ်ပညာကိုခိုးသူတို့မယူနိုင်

-ဤလောက၌အတတ်ပညာသည် အဆွေခင်ပွန်းဖြစ်၏

-တမလွန်လောက၌ ချမ်းသာကိုဆောင်၏

လို့ ဆိုထားပါတယ်၊ ပြီးတော့ လောကနီတိဆရာကလည်း-

"လောကမှာ ပထမအရွယ်၌ အတတ်ပညာကိုမရခဲ့သည်ရှိသော် ဒုတိယအရွယ်မှာ ဥစ္စာကိုမရခဲ့သည်ရှိသော် တတိယအရွယ်မှာ တရားကိုမရခဲ့သည်ရှိသော် စတုတ္ထအရွယ်ရောက်မှ ဘာအသုံးကျတော့မလဲ"

လို့ဆိုထားပြန်တယ်။

ဒါကြောင့် သမီးတို့လို ပထမအရွယ် ပညာသည်ဘဝမှာ လူတို့တတ်အပ်တဲ့အတတ်ပညာ၊ ယခုသမီးတို့ခေတ်မှာ ဘွဲ့ရတယ်ဆိုတဲ့ ဆေးပညာအင်ဂျင်နီယာပညာရှိ၊ ဂီတာဘွဲ့ပညာ၊ သိပ္ပံပညာတို့ကို တတ်အောင်-ရအောင် သင်ကြားရမယ်။

ရှေးခေတ်ရှေးအခါကတော့ အတတ်ပညာနှင့်ပတ်သက်လို့ မသင်အပ်သောမတတ်ကောင်းသောအတတ်(၄)မျိုးရှိတယ်၊ အဲဒီအတတ်တွေကတော့-

- သေရည်ကိုချက်ရောင်းစားသောအတတ်

- ခါးလက်နက်ထုတ်လုပ်သောအတတ်
- ဝက်ကိုသတ်ရောင်းစားသောအတတ်
- သားမျိုးစုံကိုသတ်ရောင်းစားသောအတတ်

အဲဒီအတတ်(၄)မျိုးဟာ အကုသိုလ်ကံနှင့်ဆက်ဆံနေသောအတတ်ဖြစ်လို့ မသင်ကောင်း၊ မတတ်ကောင်းဘူးလို့ ဆိုထားတယ်၊ သင်ကောင်းတဲ့လက်မှုအတတ်ကျတော့ ဘုရားမတင်နတ်မဝင်၊ လူတွင်ပန်းဆယ်မျိုးဆိုတဲ့အတတ်ပဲ၊ အဲဒီတွေက-

၁။ ပန်းပဲ - စူး၊ ဆောက်၊ ဒါးလုပ်အတတ်
၂။ ပန်းထိမ် - ရွှေ၊ ငွေအတတ်
၃။ ပန်းတည်း - ကြေးသွန်း၊ ကြေးခတ်အတတ်
၄။ ပန်းတော့ - အင်္ဂတေအတတ်
၅။ ပန်းတမော့ - ကျောက်ဆစ်အတတ်
၆။ ပန်းရံ - အုတ်စီအတတ်
၇။ ပန်းပွတ် - ပွတ်ခုံအတတ်
၈။ ပန်းပု - အပြောက်ထုအတတ်
၉။ ပန်းချီ - ဆေးရေးအတတ်
၁၀။ ပန်းယွန်း - ယွန်းအတတ်

အဲဒီအတတ်တွေတတ်ထားတဲ့သူဟာ လောကမှာ စားဝတ်နေရေးပြေလည်ပြီး ချမ်းသာစွာနေထိုင်ရတယ်။

မှန်လည်းမှန်ပါတယ်၊ လောကမှာ ဒီအတတ်ပညာတွေဟာ နိစ္စဓူဝလုပ်နေရလေတော့ ဒီအတတ်ပညာတတ်ထားသူတွေဟာ လိမ်လိမ်မာမာနဲ့လုပ်ပြီး လိမ်လိမ်မာမာနှင့်စားကြနေကြဝတ်ကြမယ်ဆိုရင် မကြီးပွားစရာအကြောင်းမရှိဘူး။

ပြီးတော့ ရှေးခေတ်၊ ဝိဇ္ဇာသိပ္ပံအတတ်က(၁၈)ရပ်တဲ့၊ အဲဒီအတတ်ပညာတွေကို သင်ကြားတတ်မြောက်ထားရမယ်လို့ လောကနီတိကဆိုထားတယ်၊ အဲဒီအတတ်တွေကို (အဋ္ဌာရသ) တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာလို့ခေါ်ကြတယ်။

၁။ အကြားအမြင်အတတ် (ဗေဒင်မေးပုံအတတ်)
၂။ ဓမ္မသတ်အတတ် (ဥပဒေအတတ်)
၃။ ဂဏန်းအတတ် (စာရင်းကိုင်အတတ်)
၄။ တံစည်စူးစောက်အတတ် (လက်သမားအတတ်)
၅။ နီတိကျမ်းအတတ်
၆။ ယတြာစသော ဗျာကရိုဏ်းအတတ်
၇။ စောင်းညှင်း၊ ကဗျာလင်္ကာအတတ်
၈။ လက်ဆစ်ချိုးရေတွက်တတ်သောစက်ပြင်အတတ်
၉။ ဒူးလေး၊ လင်လေးအတတ် (လက်နက်အတတ်)
၁၀။ စကားတောင်းအတတ်
၁၁။ ဆေးအတတ်( ဆရာဝန်အတတ်)

၁၂။ ရယ်ရွှင်မှုအတတ်

၁၃။ ဗေဒင်အတတ်

၁၄။ လှည့်ပတ်တတ်သောအတတ်

၁၅။ ဆန်းကျမ်းအတတ်

၁၆။ သံတမန်အတတ်

၁၇။ မန္တန်အတတ်

၁၈။ သဒ္ဒါကျမ်းအတတ်

ဒီအတတ်ပညာတွေထဲမှာ ယခုခေတ်နှင့်ကြည့်ရင်တော့ တစ်ချို့အတတ်ပညာတွေဟာ ကျောင်းကြီးတက္ကသိုလ်ကြီးတွေက သင်ကြားမပေးသော်လည်း မိရိုးဖလာအရ အချို့တတ်မြောက်ပြီး၊ အသက်မွေးဝမ်းကြောင်းပြုနေတာကိုတွေ့ရမယ်။

ဥပမာ-ဟာသအတတ် လူရွှင်တော်အနုပညာရှင်တွေ တတ်မြောက်ပြီး စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကြောင်း ပြုနေကြတာ၊ အနုပညာရှင်ဆိုပြီးထင်ရှားနေတာ။

ဒီလိုအတတ်ပညာသင်ယူမှုနှင့်ပတ်သက်လို့ရှေးခေတ်ရှေးအခါက ပညာရှင်ကြီးတွေရဲ့အဆိုအမိန့်ကဗျာလင်္ကာတွေကို သမီးနားထောင်ကြည့်စမ်း၊ လောကနီတိဆရာက-

**တသင်းမှတ်ကြ၊ လူထိုမျှတို့၊ သိပ္ပကိုမူ၊ နည်းသည်ဟူ၍မဒေအာက်မေ့နှင့်၊ တွေ့ရာမှတ်သား၊ မိုးပေါက်**

မျိုးသော်၊ အင်းနားချောင်းကန်၊ ပြည့်သောကန်တည်း၊
မှတ်ရန်အခု၊ နှုတ်မှု၊ လက်မှု၊ အတတ်စုကို၊ ငယ်နု
သောအား၊ မမေ့ပြားနှင့်၊ ရင်ဖျားကုန်ဝင်၊ တတ်
မြော်မြင်က၊ တခုမျှလျက်၊ အသက်မွေးကြောင်း
ဖြစ်တံ့ ရှောင်၏

ဒါကတော့ လောကမှာ အတတ်ပညာတစ်ခုခုတတ်ထား
ရင် အသက်မွေးဝမ်းကြောင်းပြုလို့ရတယ်လို့ ဆိုထားတာပါ။

ဆွံ့အနေသော ဆွံ့သည်ပင် ဆိတ်ချေးပစ်တဲ့အတတ်
ပညာတတ်သည့်အတွက် အခွန်တစ်သိန်းထွက်သောရွာကိုစားရ
တဲ့ဇာတ်နိပါတ်ရှိတယ်၊ အဲဒီတော့ နှုတ်မှု၊ လက်မှုတစ်ခုခုတတ်
ပြီး ဝီရိယဇွဲစွမ်းအားဖြင့် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘာမဆို
ရနိုင်အောင်မြင်နိုင်ပါတယ်၊ ဆက်နားထောင်ကြည့်ပါဦး-

လောကသာရပျို့မှာ ရှင်မဟာရဋ္ဌသာရက-
သူတော်တကာ၊ တတ်စရာသား၊ အဋ္ဌာရသ၊
သိပ္ပအပြား၊ အတတ်များကို၊ မှတ်သားသတိ၊
ပညာရှိတို့၊ တတ်သိအပ်စွ၊ ထိုသိပ္ပံကို၊ နှံ့မျှလုံခြုံ
မတတ်ကုံလည်း၊ တစုံတခု၊ တတ်အောင်ပြု၍၊
လူမှုကုန်အောင်၊ စီးပွားဆောင်လော၊ ညဥ့်မှောင်မသိ၊
ကြက်မျက်စိသို့၊ မိမိကိုယ်သို့၊ အတတ်ချို့မူ၊ သူတို့ဖြစ်

တယ်၊ ဆင်းရဲမြင်အံ့၊ ထင်ထင်မျက်မြော်၊ မကော်

ရော်သည်၊ အိုသော်သူ မရယ်စေနှင့်မင်း။

အတတ်ပညာချို့တဲ့လာလို့ ဥစ္စာစီးပွားရှာမရဘဝဖြစ်ခဲ့ရန်ဆိုတဲ့ဘဝလှူရယ်စရာဖြစ်မယ်လို့ ဆိုပါတယ်။

ပုဏ္ဏောဝါဒအဆုံးမစာမှာက-

လူရေးလူရာ၊ လူခြင်းရာကား၊ အဋ္ဌာရသ၊ သိပ္ပအများ၊

ဆယ့်ရှစ်ပါးတွင်၊ တအင်အင်ကို၊ အကြွင်သသူ၊

မတတ်သူကား၊ ထိုသူအားလျှင်၊ စီးပွားမရောက်၊

ချမ်းသာပျောက်၍၊ သူနောက်ကသာ၊ ရှိဖို့ရာလိမ့်၊

ချမ်းသာရ မည်ခဲ၏တည်း။

သားရွှေဥဆုံးမစာမှာ-

စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပ၊ တတ်စွမ်းကမူ၊ ဓနဥစ္စာ၊

ရတနာကို၊ ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏၊

မှတ်လွယ်စေ့စေ့၊ သို့ဖြစ်၍လျှင်၊ လောက်လေ့ပညာ၊

တတ်လိမ္မာအောင်၊ ဆရာကောင်းထံ၊ နည်းနာခံ၍၊

သင်အံလေ့လာ၊ ကြိုးစားရာသည်၊ရတနာမျက်ရှူ၊

သားရွှေဥ။

နရက္ခဒီပနီကျမ်းမှာ-

ဇာတိကူတွင်၊ ပညတ်စဉ်လာ၊ သင်အပ်စွာသား၊ အဋ္ဌာ

ရသ၊ သေနင်္ဂနှင့်၊ ရာဇနီတိ၊ အစရှိသည့်၊ ကဝိလက္ခဏာ၊

အဖြာဖြာကို၊ ဆံလွှာခြမ်းမျှ၊ မမြင်ရအောင်၊ သိပ္ပခေါင်အား၊ တတ်မြောင်များမှ၊ ယောက်ျားဇာတာ၊ ဓမ္မတာကို၊ ပညာမိုးမောက်၊ တစ်ခေါ်လောက်သား၊၊ ပြိုင်ထောက်အတူ၊ တံခွန်ထူသို့၊ ဇမ္ဗူမြေပေါ်၊ ပတ်လွှံကျော်လိမ့်၊ ပြိုင်ပေါ်မရ၊ ပဏ္ဍိတတို့၊ ငယ်ကလေ့လာ၊ ဆည်းပူးရာသည်၊ ပညာရှိသူလက်သုံးတည်း။

ကိုးခန်းပျို့ဆရာတော်ရှင်မဟာသီလဝံသက-

ပထမအရွယ်၊ ငယ်သော်ကတည်း၊ သိပ္ပခေါင်းအား၊ တတ်မြောက်များမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်၊ ဆိုသင့်ဆိုထိုက်၊ ဆိုလိုက်ဆိုလျော၊ ဆိုပြောဟောလည်း၊ သဘောထိထိ၊ ဆိုရိုးမိလျက်၊ တိတိမြေပြင်၊ သိန္ဓောနှင်သို့၊ ရလျှင်ပုံထုံး၊ နှလုံးနှင်နှုတ်ထံသုတ်ဝင်နည်း၊ တကြုံတည်လျှင်၊ လိပ်လည်းပွဲ့လျှင်၊ မြော်တင်းနောက်ရှေ့၊ စေ့မြေ့သမ္ဘာန်၊ ဟုတ်မှန်ကျိုးကြောင်း၊ ဘောင်းသားစီလျဉ်၊ စဉ်သာသဒ္ဒါ၊ သာသည်စကား၊ နာဖွယ်များ၏။

-ရည်သွားယုတ်စိမ့်၊ အာတိုင်းနှိမ့်လည်း၊ မနိမ့်ကိုယ်ပင်၊ ကျေးဇူးအင်ကြောင့်၊ ညွှန့်တွင်စွန့်ပစ်၊ မဏိစစ်သို့၊ မညစ်မညူး၊ ဂုဏ်ရောင်မြူးအံ့။

-အထူးပင်လျှာ၊ မလှပါလည်း၊ ရသာချိုမြ၊ ပနသသို့၊
တကွရောပြွမ်း၊ အချင်းစမ်းက၊ ချီးမွမ်းမြောက်စား၊
သူသနား၏။

-ရုပ်အားလျှောက်ပတ်၊ ဂုဏ်ညီညွတ်မှု၊ ဆင်မြတ်
နံ့လျှော်၊ ပန်းနှင့်လျော်ဟု၊ ပေါင်းဘော်ကြချင်၊ ကျွမ်းဝင်
ကြလို၊ ကြည်ညိုကြလင့်၊ ဘုန်းတံပွင့်လျက်၊ ချီးမြောင့်
လက်ဝါး၊ ဦးထိပ်ထား၏။

-ခစားမင်းထံ၊ မှုခံစစ်မြေ၊ ကြည်း၊ ရေဘုန်သွယ်၊ ကြွေး
ဆပ်မြီးချေ၊ လုပ်ကလယ်ယာ၊ ဥစ္စာပြုစု၊ သားပုမြေကင်း၊
ဖြည့်တင်းသိမ်မွေ့၊ အိမ်ထောင်ရေးလည်း၊ စဉ်ရှေး
ဥပဒေ၊ အထွေထွေလျှင်၊ ကြွက်သေနှင့်သာ၊ ရင်းစေ
ကာလျက်၊ မကြာတင်းလင်း၊ လေးလတွင်းဝယ်၊
နှစ်သိန်းကြွယ်ဘို့၊ နည်းသွယ်ပိုက်ထား၊ ကြံစိတ်ပြား
သော်၊ စီးပွားချမ်းသာကြီးကျယ်ရာသည်၊ အိုခါ
မစိုးရိမ်တည်း။

ပြီးတော့ ပထမအရွယ် ပညာသည်ဘဝမှာ သမီးတို့
တတွေပညာသင်ဖို့လိုအပ်ကြောင်းကိုလည်း ရှေးပညာရှိတို့က
ပျို့ကဗျာလင်္ကာတွေဖြင့်ဆုံးမသွားကြတယ်၊ သမီးနားထောင်
ကြည့်ပါ၊ ဖေဖေဆိုပြမယ်၊ စတုဓမ္မသာရပျို့ဆရာက-

-သကျရူပံ၊ ကြံ့ကြံ့သမျှ၊ တောင့်တရာရာ၊ တတ်ကောင်း
စွာလျက်၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါး
လွင်မူ၊ အကြွင်သူအား၊ စကားချေတင်၊ သဘင်မပြဲ့၊
ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညိုးမျက်နှာနှင့်၊ ရွံ့ရှာလန့်ထိတ်၊
အသံဆိတ်၍၊ တိတ်တိတ်မနေ၊ ဆိုပါချေလည်း၊ မပြေ
မပြစ်၊ အထစ်ထစ်လျှင်၊ ကျစ်လစ်မရှိ၊ အငြိငြိတည်း၊
ဟုတ်လိနိုးနိုး၊ဆင်ကန်းတိုးသို့၊ အကျိုးအကြောင်း၊
ကောင်းကောင်းမမှန်၊ သမ္မာန်ပါလျှောက်၊ ရှေ့နောက်
မညီ၊ အစီအလျဉ်၊ အဆင်မသင့်၊ တဖျင့်တပါး၊
ရယ်ဖွယ်များခဲ့။
-ဘိုးဘွားမိဘ၊ သူကြီးမ,၍ မလျမညိုး၊ မစိုးမရိမ်၊ နတ်
စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်၊ ခုနှစ်ဆင့်ဘက်၊ နေလင့်
ကစား၊ ပြဿာဒ်ဖျားဝယ်၊နားသည့်ကျိုးမျှ၊ ပမာကျလိမ့်၊
အင်္ဂပစ္စင်၊ သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလှိုင်
ခြင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း၊ လူပေါက်ပန်းဟု၊
သွမ်းမှန်သိထွေ၊ ကဲ့ရဲ့လေအံ့။
-လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး၊ မကျင့်သီးသော်၊
ချည်းနှီးဥစ္စာ၊ လိုခါမရ၊ ကြောင့်ကြစိုးရိမ်၊ ဖန်ကြိမ်များ
စွာ၊ အိုဧသောခါလည်း၊ မဟာဒုက္ခ၊ တွင်းဆုံးကျသည်၊
နောင်တနှလုံးမငြိမ်းတည်း။

ပုတ္တောဝါဒမှာ ငယ်ငယ်ကပညာသင်သင့်ကြောင်းကို ဆိုဆုံးမထားပုံကို နားထောင်ကြည့်ပါ-

-ငယ်ငယ်သော်ကာ၊ များသိပ္ပကို၊ တစမသင်၊ လေးဖင်
၍သာ၊ အိမ်မှာလည်းပျော်၊ နေချေသော်မူ၊ လူမယူရ၊
လူအလူတန်း၊ လူနှမ်းလူဒူး၊ သည်ထက်ထူး၍၊ ဖူးဖူး
မော်မော်၊ သောက်ရစ်ပျော်လိမ့်၊ ကရော်ကမာပြု၊
ဖြစ်တတ်သည်ကား၊ ယွင်းမမှားတည်း၊ မျက်ဝါးထင်
ထင်၊ သိုပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ ဖယ်ရှား
စိတ်က၊ မြင်ချင်စွတည့်၊ တ-နမသိ၊ ဖြုတ်ချေဘိက၊
ငါးသားလှသည်၊ ဒုက္ခခပဲ၊ ဧကန်မြဲအံ့၊ ဆင်းရဲနွမ်းရှာ
လိမ့်မည်တည်း။

-ငှါးသားမောင်ပု၊ ငယ်ရွယ်နုက၊ ဗဟုသိပ္ပ၊ ဟူသမျှကို၊
တတ်လှလျှင်အောင်၊ မောင်ငယ်ပို့ထွား၊ ကျောင်းသို့
သွား၍၊ ရှင်အားရရှ၊ စာပေကျလှ၊ လှလှလက်ရေး၊
ငါရင်နွေးသည်၊ သားသွေးရင်နု၊ သင်ချေဦး။

-ငယ်သွေးငယ်ရွယ်၊ ငယ်နုနယ်က၊ မောင်ငယ်ပညာ၊
ရှိကောင်းသာလျှင်၊ မောင်သာကြိုးစား၊ ကျောင်းကန်
သွား၍၊ ရှင်အားရရှ၊ စာပေကျမှ၊ လှလှထွေးထွေး၊
စာရေးတတ်မူ၊ လုံ့လပြုလော့၊ ဗဟုသုတ၊ များသိပ္ပကို၊
မောင်လှသင်ပါချေဦးလော့။

သားရွှေဥဆုံးမစာမှာလည်း ဆုံးမထားသည်မှာ-

-စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပ၊ တတ်စွမ်းကမူ၊ ဓနဥစ္စာ၊ ရတနာ
ကို၊ ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏၊ တင့်တယ်
လျောက်ပတ်၊ သက်မွေးမြတ်၏၊ မှတ်လွယ်စေ့စေ့၊
သို့ဖြစ်၍လျှင်၊ လောက်လွေ့ပညာ၊ တတ်လိမ္မာအောင်၊
ဆရာကောင်းထံ၊ နည်းနာခံ၍၊ သင်အံ့လေ့လာ၊
ကြိုးစားရာသည်၊ ရတနာမှတ်ရှု၊ သားရွှေဥ။

ဓမ္မနီတိဆရာက တိုက်တွန်းဆုံးမထားသည်မှာ-

ပညာကို၊ ဘယ်လူဆိုးတို့၊ ယူခိုးလို့ပါမယ်၊ အတတ်
ကယ်အလိမ္မာနှင့်၊ ဥစ္စာဘယ်တူကြလိမ့်၊ လောကလူ
ဝယ်၊ သိကြားမြင်လုံလောက်က၊ မျက်မှောက်ကယ်
သည်ကိုယ်ဝယ်၊ ရလွယ်၏ခင်ပွန်း၊ တမလွန်နောင်ခါ
ကောင်း၊ မြတ်ချမ်းသာပိုမိုမြင့်၊ ကဲဆင့်တောက်ထွန်း။

-သိပညာဖြစ်ပွားအောင်၊ ချစ်သားတို့သင်ကြပါ
မိဘဆရာတို့၊ ဖန်ခါခါ တပည့်သားကို
ထောင်နားဆန်မငြင်းအောင်၊ သွင်းကြပေရာ
-လှေလှော်လှေခတ်နှင့်၊ အတတ်ကယ်မဲ့သူမှာ
ဝန်ထမ်းသာဖြစ်မြဲ

ပညာရှင်ဖြစ်ပေက၊ လူ့ပြည်မှာပူဇော်လို့
ဇမ္ဗူပေါ်ဂုဏ်ထင်ပလိမ့်မယ်
မိုးလထက်ကဲ။

ရှေးခေတ်ရှေးအခါကတည်းက ယခုခေတ်အထိ မြန်မာလူဘောင်၊ မြန်မာယဉ်ကျေးမှုမှာ ပထမအရွယ်ပညာသည်ဘဝမှာ အတတ်ပညာသင်ယူတတ်မြောက်ဖို့ဟာ အဓိကအဖြစ် သတ်မှတ်ထားတယ်ဆိုတာ သမီးသိပြီးပေ့ါ။

မိဘတို့ကျင့်ဝတ်မှာလည်း **မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေတဲ့** နံပါတ်သုံးအချက်ဟာ သားသမီးတို့ကို အတတ်ပညာသင်ပေးဖို့တာဝန်ဘဲလေ။

ဒီတာဝန်အရ ယနေ့မြန်မာလူ့ဘောင်မှာ မြန်မာတွေဟာ သားသမီးတွေကို ပထမအရွယ်မှာ ပညာသင်ကြားဖို့ဦးစားပေးဆောင်ရွက်ပေးနေတယ်ဆိုတာ သမီးသိလောက်ပါပြီ။

မည်မျှပင် ရုပ်အဆင်းမလှ၊ ဥစ္စာမရှိစေကာမူ ပညာတတ်ဖြစ်လာပါက လောကတွင်လူရာဝင်ဖြစ်လာရတယ်။

ရုပ်အဆင်းမလှ၊ ဥစ္စာမရှိသော်လည်း ပညာတော်၍ဆင်တော်ကောက်ခံရတဲ့ ဘီမသနေဆိုတဲ့ လေးအတတ်ပညာရှင်အကြောင်းကို သမီးကိုပြောပြမယ်-

ရှေးအခါက ဗာရဏသီပြည်မှာ ဗြဟ္မဒတ်မင်းမင်းပြုတယ်၊ အဲဒီပြည်ရဲ့ နိဂုံးတောရွာတစ်ရွာမှာ ပုဏ္ဏားလုလင်တစ်ဦး

ဟာ တက္ကသိုလ်ပြည်သွားပြီး ဗေဒင်သုံးပုံနှင့်တကွ တစ်ဆယ့်ရှစ်ရပ်သောအတတ်များကို သွားရောက်သင်ယူခဲ့ရတယ်။

သူဟာ လေးမြားအတတ်မှာ ထူးချွန်လှသည့်အတွက် စူဠဓနုဂ္ဂဟလို့ အမည်ပေးသတ်မှတ်ခံရတယ်။

စူဠဓနုဂ္ဂဟဟာ အရပ်ကလည်း အလွန်ပု၊ ခါးကလည်း ကုန်းလေတော့ မင်းထံမှာလေးသမားအဖြစ် အမှုထမ်းဖို့ကမံလွယ်ဘူးလို့ထင်နေတယ်။

ဒါနဲ့ သူဟာ အရပ်အမောင်းကောင်းပြီး ရုပ်ရည်ခံ့ညားတဲ့ယောက်ျားတစ်ယောက်ကို မင်းထံမှခစားစေပြီး၊ မိမိကမူ ထိုသူအား မင်းကပေးသောအမှုတို့ကို နောက်ကွယ်မှနေ၍ ကျေပွန်စွာ ထမ်းဆောင်ပေးမယ်ဆိုပြီး ကြံစည်တယ်။

စူဠဓနုဂ္ဂဟဟာ တက္ကသိုလ်မှပညာသင်ပြီးဆုံးတဲ့အခါ မဟိံသကတိုင်းသို့သွားပြီး ခံ့ညားသောယောက်ျားကို ရှာတယ်၊ ရက်ကန်းသည် ဘိမသေနကိုတွေ့တယ်၊ စူဠဓနုဂ္ဂဟက ဘိမသေနကို-

"အဆွေ. . . သင်သည် အရပ်အမောင်းနှင့်လည်းကောင်း၊ အဆင်းနှင့်လည်းကောင်းပြည့်စုံသူဖြစ်တယ်၊ ဘာဖြစ်လို့ရက်ကန်းရက်ပြီး အသက်မွေးမလဲ၊ မင်းထံခစားပါ၊ ငါဟာ ဇမ္ဗူဒိပ်မှာယှဉ်ဘက်မရှိသောလေးသမားဖြစ်တယ်၊ ဒါပေမယ့်

ငါကအရပ်အင်္ဂါချို့တဲ့၍မင်းထံခစား၍မရဖြစ်နေတယ်၊ သင်က မင်းထံခစား၍ လေးသမားအရာတောင်းပါ၊ သင်ဆောင်ရွက်ရမဲ့ အမှုကိစ္စအားလုံးကို ကျွန်ုပ်နောက်ကနေဆောင်ရွက်ပေးပါမည်၊ ကျွန်ုပ်နှစ်ယောက်မင်းပေးသောရိက္ခာဖြင့် ချမ်းသာစွာနေကြစို့ လို့ပြောကြတယ်"

ဘိမသေနကလည်း ကောင်းပြီဆိုပြီးသဘောတူကာ တာရက္ခသီသို့နှစ်ယောက်အတူထွက်ခဲ့ကြတယ်၊ နန်းတော်ရောက် တော့ စူဠဓနုဂ္ဂဟက ဘိမသေနကို ရှေ့ကထားပြီး မိမိကမူ ဘိမသေနနဲ့အလုပ်အကျွေးအဖြစ်နေပြီး မင်းထံဝင်ခွင့်တောင်းကြ တယ်။

မင်းက ဝင်ခွင့်ပြုတော့ မင်းထံမိမိသည် ဇမ္ဗူဒိပ်မှာတူပြိုင် ဘက်မရှိသော လေးသမားဖြစ်ကြောင်း၊ မင်းကြီးထံခစားလို ကြောင်း လျှောက်ထားတယ်၊ မင်းကြီးကလည်း သဘောကျပြီး ဘိမသေနကို လေးသည်တော်နေရာပေးတယ်။

အဲဒီအချိန်မှစပြီး ဘိမသေနဟာ မင်းထံမပြတ်ခစားရ တယ်၊ ဘိမသေနဆောင်ရွက်ရမဲ့ကိစ္စအဝဝတို့ကိုလည်း စူဠ ဓနုဂ္ဂဟကပဲ နောက်ကွယ်ကနေပြီး ဆောင်ရွက်ပေးရတယ်။

တစ်ခါသော် တောလမ်းတစ်ခု၌ ကျားအိုတစ်ကောင် သောင်းကျန်း၍ ခရီးသွားများမကြာခဏကျားစားခံရတယ်၊ အဲဒီ

အကြောင်းကို မင်းကြီးသိတော့ ဘိမသေနကိုခေါ်ပြီး ကျားကို နှိမ်နှင်းစေတယ်။

ဘိမသေနက မင်းကြီးကို အရှင်မင်းကြီး ကျားရဲကိုမဖမ်းနိုင်လျှင် ကျွန်ုပ်အဘယ်မှာ လေးသမားလုပ်ပါမည်နည်းလို့ လျှောက်ထားတယ်၊ မင်းကြီးကလည်းအားရ၍ ရိက္ခာပေးကာ ဘိမသေနကိုကျားနှိမ်နှင်းရန် စေလွှတ်တယ်၊ ဘိမသေနကလည်း အိမ်ပြန်ပြီး စူဠဓနုဂ္ဂဟကိုအကျိုးအကြောင်းပြောပြတယ်။

စူဠဓနုဂ္ဂဟာ အဆွေသွားပါ၊ ကျွန်ုပ်ကျားဖမ်းနည်းပရိယာယ်ကိုပြောပါမယ်ဆိုပြီး အဆွေဘိမသေန သင်သည် လေးသမားများစွာကိုစုရုံးခေါ်သွားပါ၊ ဇနပုဒ်ရောက်လျှင် ရွာသားများကိုလည်း စုရုံးခေါ်သွားပါ၊ ထို့နောက် ကျားရှိရာသို့သွားပြီး ကျားကိုထွက်လာအောင်ပြုပါ၊ ကျားထွက်လာလျှင် နီးရာခြုံပုတ်ထဲဝင်နေပါ၊ လေးသမားတို့က ကျားကိုပစ်ပါမည်၊ ဇနပုဒ်သားတို့က ကျားကို ဝိုင်းဝန်းပုတ်ခတ်သတ်ပါလိမ့်မယ်၊ ကျားသေလျှင် သင်က နွယ်တစ်ချောင်းယူပြီး ပုန်းရာနေရာကထွက်လာခဲ့ပါ၊ ကျားသေရှိရာသွားပြီး အဘယ်သူသည် ကျားကိုသတ်လိုက်ပါသလဲ၊ ငါသည် ကျားကိုအရှင်ဖမ်းပြီး မင်းထံဆက်မလို့ နွယ်ကိုဖြတ်နေခိုက် ကျားကို မည်သူကသေအောင်သတ်လိုက်ရပါသလဲဆိုပြီး ကြိမ်းမောင်းပါ၊ အဲဒီအခါမှာ လေးသမားဇနပုဒ်တို့သည် အရှင်

ကျားသေရသည်ကို မင်းကြီးအားမလျှောက်ပါနဲ့ဆိုပြီး သင့်ကို တောင်းပန်ပြီး ဥစ္စာကိုပေးပါလိမ့်မယ်၊ သင်ဟာ ကျားသေကိုယူပြီး မင်းထံဝင်လျှင် မင်းကလည်း သင့်ကိုကျားရဲနှိမ်နင်းသူဆိုပြီး ဥစ္စာ များစွာပေးပါလိမ့်မယ်လို့ ပရိယာယ်အခြေအနေကိုပြောပြတယ်။

ဘိမသေနလည်း စူဠဓနုဂ္ဂဟပြောသည့်အတိုင်း ကျားကို ဖမ်းယူတယ်၊ ပြီးတော့ ကျားသေကိုယူပြီး မင်းထံဝင်ကာ အရှင် မင်းကြီး ကျွန်ုပ်ဟာကျားသေကိုအပ်ပါတယ်၊ တောလမ်းခရီးကို ဘေးမရှိအောင်ပြုပြီးပါပြီလို့လျှောက်တယ်၊ မင်းကြီးက အားရ ကျေနပ်ပြီး ဆုတော်ငွေများ ထပ်မံပေးသနားတယ်။

တစ်နေ့မှာလည်း တောလမ်းခရီးမှာ ကျွဲရိုင်းတစ်ကောင် သောင်းကျန်းပြန်တယ်၊ ဘိမသေနကိုပဲ မင်းကနှိမ်နင်းခိုင်းတယ်၊ ဘိမသေနကလည်း စူဠဓနုဂ္ဂဟပြောပြသောနည်းအတိုင်း ကျွဲရိုင်း ကိုနှိမ်နင်းရာ အောင်မြင်ပြန်၍ မင်းကြီးက ဆုလာဘ်များစွာ ချီးမြှင့်ခံရပြန်တယ်။

ဘိမသေနဟာ စည်းစိမ်များစွာရလာပြီး စည်းစိမ်၌ ယစ်မူးလာတယ်၊ မာန်မာနထောင်လွှားလာတယ်၊ စူဠဓနုဂ္ဂဟ စကားကို နားမထောင်တော့ဘူး၊ သင်သာ ယောက်ျားလော၊ ငါ လည်းယောက်ျားပဲ၊ ငါဟာ သင့်ကိုမှီပြီး အသက်မွေးသည် မဟုတ်ဆိုပြီး ငါမာန်တံခွန်ထူကာ ငါ့သဘောကောလုပ်လာခဲ့ တယ်။

တစ်ခါမှာ ပြည့်နီးချင်းမင်းတစ်ပါးက ဗာရာဏသီစစ်ပြုရန် စစ်ချီလာတယ်၊ ပြည်ကိုပေးမလော၊ စစ်ထိုးမလားဆိုပြီး ရာဇသံ ပေးလာတယ်၊ ဗာရာဏသီမင်းက ဘိမသေနကိုစစ်ထိုးစေတယ်။

ဘိမသေနဟာ အလုံးစုံသောချပ်ဝတ်တန်ဆာဝတ်ဆင် ပြီး မင်း၏အသွင်ကိုယူကာ ဆင်ကျောကုန်းမှာနေတယ်၊ စူဠဓနုဂ္ဂ ဟကလည်း ဘိမသေနနောက်က ချပ်ဝတ်တန်ဆာဝတ်ပြီး ထိုင် လိုက်ပါလာတယ်။

ဆင်ကာ စစ်သည်ဗိုလ်ပါခြံရံပြီး မြို့တံခါးဖွင့်ကာ စစ်မြေ ပြင်သို့ရောက်သွားတယ်၊ ဘိမသေနသည် စစ်ထိုးသောစည်သံကို ကြားရသည်နှင့်တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ခါနေတယ်၊ စစ်ထိုး သည်ကိုမြင်ရသောအခါ သေဘေးကိုကြောက်လှန့်၍ ဆင်ပေါ် မှာပင်ကျင်ကြီးကျင်ငယ်တို့ထွက်ကျတယ်။

စူဠဓနုဂ္ဂဟသည် ဘိမသေနအဖြစ်ကိုမြင်ရလျှင် သင် သည် ယခင်က ငါ့ကို သင်သာယောကျ်ားမဟုတ်၊ ငါသည်လည်း ယောကျ်ားပင်ဟုဆိုခဲ့သည်၊ ယောကျ်ားဆိုသောသူသည် ယခု ဆင်ထက်၍ ကျင်ကြီးကျင်ငယ်ယိုထွက်ဘိ၏၊ အဘယ်ပုံစစ်ထိုး မည်နည်းဟုပြောတယ်။

စူဠဓနုဂ္ဂဟသည် ဘိမသေနကိုဆင်ကျောကုန်းမှချပြီး အိမ်ပြန်စေသည်၊ မိမိကိုယ်တိုင်ဆင်စီးပြီး ရန်သူဗိုလ်ပါကို တိုက်

ခိုက်သည်၊ ရန်သူ မင်းအရှင်ဖမ်း၍ ပြဟ္မဒတ်မင်းကိုဆက်သသည်။

ဟာရဏသီမင်းသည် အားရကျေနပ်လှ၍ စူဠဓနုဂ္ဂဟကို ကြီးစွာသောစည်းစိမ်ကိုပေးကာ ချီးမြှောက်လေသည်၊ ထိုအချိန်မှစ၍ စူဠဓနုဂ္ဂဟသည် ဇမ္ဗူဒိပ်၌ထင်ရှားကျော်ကြားလာခဲ့တယ်။

ဤဇာတ်တော်လာကိုကြည့်လျှင် ပညာတတ်မှုသည် ရုပ်ဆင်းအင်္ဂါစည်းစိမ်ဥစ္စာနှင့်မဆိုင်၊ ပညာတတ်က ပညာ၏အကျိုးကျေးဇူးသည် မုချခံစားရမည်ဆိုသည်ကို သမီးသဘောပေါက်လောက်ပါပြီ။

## လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းကိုနားလည်ထားပါ၊ သတိထားပါ

သမီး ကမ္ဘာ့စကားပုံမှာ ရောမကိုရောက်လျှင် ရောမလိုကျင့်ရမယ်၊ အဲဒီလိုပဲ သမီးကျောင်းမှာနေရင် ကျောင်းစည်းကမ်းတွေကိုသိထားရမယ်၊ သိထားပြီးလိုက်နာကျင့်သုံးရမယ်။

လမ်းမှာနေ၊ လမ်းစည်းကမ်း

အိမ်မှာနေ၊ အိမ်စည်းကမ်း

ရွာမှာနေ၊ ရွာစည်းကမ်း

မြို့မှာနေ၊ မြို့စည်းကမ်း

အစရှိသဖြင့် သူနေရာနှင့်သူ သတ်မှတ်ထားတဲ့စည်းကမ်းတွေရှိတယ်၊ ယခု မြို့မှာဆိုရင် မျဉ်းကျားမကူးတာတို့ မီးနီဖြတ်မကူး

ရတာတို့ မြက်ခင်းပေါ်မနင်းရတာတို့တွေဟာ သူ့ဆိုင်ရာဆိုင်ရာ စည်းကမ်းတွေပဲသမီး။

သမီးတို့တတွေဟာ ဒီလိုစည်းကမ်းကာလနားသတ်မှတ်ချက်တွေကို ယခုလိုပညာသည်ငယ်စဉ်ကတည်းကသိထားဖို့ နားလည်းထားဖို့လိုအပ်ပါတယ်၊ နားလည်ပြီးတော့ လေးစားလိုက်နာဖို့ ကျင့်ကြံဖို့လိုအပ်ပါတယ်၊ ဒီလိုလိုက်နာပါမှ မြို့ကြီးသူမြို့ကြီးသား ပီသမယ်၊ ယဉ်ကျေးသူအဆင့်အတန်းရှိသူဖြစ်ပါမယ်။

လူ့စည်းကမ်း၊ လမ်းစည်းကမ်း၊ ရွာစည်းကမ်း၊ မြို့စည်းကမ်းကို မသိဘူး၊ မလိုက်နာဘူးဆိုရင် သမီးဟာအဆင့်ရှိတဲ့သူမဟုတ်တော့ဘူး၊ သာမန်ကလေကချေလူတန်းစားဖြစ်သွားမှာပဲ။

အလားတူပဲ ကျောင်းစည်းကမ်းကိုမလိုက်နာဘူးဆိုရင် ကျောင်းသားကောင်းတစ်ယောက်မဖြစ်တော့ပါဘူး၊ ကျောင်းသားကောင်းတစ်ယောက်မဖြစ်ရင်တော့ ပညာတတ်တစ်ယောက်ဖြစ်ဖို့ဆိုတာမလွယ်တော့ပါဘူးသမီး၊ အဲဒါကြောင့် သမီးဟာ ပညာတတ်လူလိမ္မာဖြစ်ချင်ရင်တော့ ဆိုင်ရာကျင့်ဝတ်စည်းကမ်းတွေကို သိရှိနားလည်အောင် မှတ်သားလေ့လာသင်ကြားထားဖို့လိုအပ်ပါတယ်။

ငယ်ငယ်ကတည်းက စည်းကမ်းမရှိသူဟာ ကြီးရင်ကြီးပွားဖို့အကြောင်းမရှိဘူး၊ အဲဒါကြောင့် ဆိုင်ရာလူ့ကျင့်ဝတ် လုပ်

နည်းတွေကိုသိပြီး အဲဒါကိုရှိသေစွာလိုက်နာတတ်သူဖြစ်ဖို့ လိုအပ်ပါတယ်။

ဆိုင်ရာကျင့်ဝတ်ဆိုရာမှာလည်း ရှင်သာမဏေမှာ ရှင်ကျင့်ဝတ်၊ ရဟန်းမှာရဟန်းကျင့်ဝတ်၊ ဝိနည်းသိက္ခာပုဒ်တွေရှိသလို လူမှာလည်းလူတွေထိန်းသိမ်းစောင့်ရှောက်ရမည့် လူကျင့်ဝတ်တွေရှိတယ်သမီး၊ လူကျင့်ဝတ်ဆိုတာကတော့ ဖေဖေတို့မြန်မာလူမျိုးတွေမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆင်းသက်လာတဲ့ယဉ်ကျေးမှုကျင့်ဝတ်တွေရှိတယ်၊ အဲဒါတွေ ဘာတွေလဲဆိုတော့-

- သူ့အသက်မသတ်ခြင်း
- သူ့ဥစ္စာမခိုးခြင်း
- သူ့သားအိမ်ယာမပြစ်မှားခြင်း
- လိမ်ညာမပြောခြင်း
- အရက်သေစာမူးယစ်ဆေးဝါးမသုံးစွဲခြင်း

ဆိုတဲ့ လောကလူကျင့်ဝတ်တွေ၊ ပြီးတော့-

- ချောပစ်ကုန်းတိုက်စကားမပြောခြင်း။
- ကြမ်းတမ်းစကားမပြောခြင်း
- သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်လိုခြင်း
- သူတစ်ပါးပျက်စီးအောင်ကြံစည်ခြင်း
- မှားသောအယူ အတွေးအခေါ် ယူခြင်း၊ တွေးခေါ်ခြင်း

ဆိုတဲ့ လူ့မှုကျင့်ဝတ်တွေကို လေးစားလိုက်နာရမယ်။

မိမိတို့ဆိုင်ရာ လူ့ကျင့်ဝတ်တို့ကို လိုက်နာကျင့်သုံးခြင်း ဟာလဲ ကုသိုလ်တရားတွေ တိုးပွားရင့်ကျက်စေတဲ့ မင်္ဂလာတရား တစ်ပါးဖြစ်တယ်သမီး၊

လူဖြစ်လာရင်လူတွေ စောင့်တိန်းရမဲ့ လူ့ကျင့်ဝတ် လူ့ သီလဆိုတာကို ကိုယ်ချင်းစာတရားနှင့်ဆင်ခြင်ထိန်းသိမ်းတတ် ရပါမယ်သမီး

ကိုယ်ကျင့်သီလဆိုတာ သူတစ်ပါးထံ တောင်းခံ၍မရပါ ဘူး၊ ကိုယ်တိုင်ကျင့်ယူမှသာရသော အရာဝတ္ထုများဖြစ်ကြတယ်၊ မိမိတို့ရဲ့ဂုဏ်ရည်သိက္ခာကို မြှင့်တင်ပေးနိုင်သောအရာဖြစ်၍ ကိုယ်ချင်းစာဆင်ခြင်ထားပြီး သီလကျင့်စဉ်တရားကို ဆင်ခြင်နိုင် အောင်ကြိုးစားရမယ်သမီး၊

ငါ့အသက်ကို သူသတ်လျှင် ငါမနှစ်သက်သလို သူ့ အသက်ကို ငါသတ်လဲ သူနှစ်သက်မှာမဟုတ်ဘူး၊

ငါ့ဥစ္စာကိုသူခိုးလျှင် ငါမနှစ်သက်သလို သူ့ဥစ္စာကိုငါခိုး ယူလျှင် သူနှစ်သက်မှာမဟုတ်၊

ဒီသည်ဖြင့် ကိုယ်ကျင့်သီလများကို ကိုယ်ချင်းစာတရား ထားပြီး ပွားများဆင်ခြင်ထိန်းသိမ်းလျှင် ဂုဏ်သိက္ခာမြင့်မားပြီး ကိုယ်ကျင့်တရားကောင်းသူအဖြစ် လူသာမုခေါ် နတ်သာမုခေါ် ဘဝရောက်ရမှာပါ၊

အဲဒီလို ကိုယ်ကျင့်တရားထိန်းတဲ့နေရာ ဆင်ခြင်တဲ့နေရာမှာလဲ-

၁။ ကိုယ်တိုင်လဲ မလွန်ကျူးရဘူး

၂။ သူတစ်ပါးကိုလဲ လွန်ကျူးအောင်မတိုက်တွန်းရဘူး

၃။ သူတစ်ပါးလွန်ကျူးသည်ကိုလဲ ချီးမွမ်းမှုမပြုရဘူး

၄။ သူတစ်ပါးလွန်ကျူးသည်ကို စိတ်ကူးကျေနပ်မှုမပြုရဘူး

အဲဒီအခြံအရံလေးမျိုးကိုလဲ သမီးသိထားရမယ်။

အဲဒီလိုလူ့ကျင့်ဝတ်သိက္ခာတွေကို လိုက်နာခဲ့တဲ့ သမီးဟာ ဘယ်နေရာရောက်ရောက် မိမိဘဝမှာလဲ ဝမ်းမြောက်ကြည်လင်ခြင်း စိတ်ချမ်းသာမှုကို ခံစားရတယ်။

ပြီးတော့ အဲဒီလိုအကျင့်သီလနှင့်ပြည့်စုံတဲ့သူတွေဟာ မမေ့မလျော့ခြင်းကြောင့် စည်းစိမ်ဥစ္စာတွေတိုးတက်မယ်-

- ကိုယ်ကျင့်သီလကောင်းသူဟု သတင်းကောင်းထွက်မယ်

- ကိုယ်တိုင်အနေအထိုင်ကောင်းတာကြောင့် ဘယ်ပွဲဘယ်ပရိသတ်ထဲတိုးတိုး ညှိုးငယ်ခြင်းမရှိ အမြဲမျက်နှာပွင့်လန်းမယ်

- ကိုယ်ကျင့်တရားရှိသူဖြစ်တာကြောင့် ဘယ်အရွယ်မှာပဲသေသေ မတွေဝေဘဲသေရတယ်

- သေပြီးရင် နတ်ပြည်ရောက်ရမယ်

ဒါကြောင့် သမီးဟာကိုယ်ကျင့်တရား ကိုယ့်သိက္ခာကို ငယ်ငယ်ကထဲက ထိန်းသိမ်းစောင့်ရှောက်နိုင်ရမယ်၊ အဲဒီလို ကိုယ်ကျင့်သိက္ခာကို ခါးဝတ်ထမီပုဆိုးကဲ့သို့ မိမိကိုယ်ကို ခိုင်မြဲမယ်ဆိုရင်-

ဘဝတစ်သက်လုံး တက်နေပမာ အရာရာမျက်နှာပန်းလှမယ်၊ အဲဒီလိုကိုယ်ကျင့်သိက္ခာမြင့်မားသူကို အခြားသူများက လေးစားခြင်းခံရမယ်၊

အဲဒီကိုယ်ကျင့်သိက္ခာထိန်းသိမ်းမှုဟာ ဒီဘဝအတွက်သာမက နောင်ဘဝသံသရာအဆက်ဆက်မှာလဲ ကောင်းမှာပဲ၊ နောက်ဆုံးနိဗ္ဗာန်ရောက်သည်အထိ ကောင်းမယ်သမီး၊

လူတွေကျင့်ရမယ့် လူ့မှုကျင့်ဝတ်ပျက်ပြားရင် စည်းစိမ်ဉစ္စာရတနာတွေ ပျက်စီးမယ် ဆုတ်ယုတ်မယ်၊ ကိုယ်ကျင့်တရားကင်းမဲ့ခြင်းကြောင့် အများအမြင်မှာ မကောင်းသတင်းထွက်ပေါ်ရမယ်၊ ကိုယ်ကျင့်တရားမကောင်းမှုကြောင့် လက်ရှိပစ္စုပ္ပန်ဘဝမှာလဲ မင်းဘေးမင်းဒဏ်ခံရတတ်ပါတယ်၊ သေသောအချိန်မှာလဲ အပါယ်လေးဘုံသို့ရောက်မှာ သေချာပါတယ်။

အပါယ်လေးပါးမှလွတ်၍ အကယ်၍လူဖြစ်လာသော်မှ ပြုခဲ့တဲ့အကုသိုလ်ကံများကြောင့် လူချင်းမတူသူချင်းမမျှ လူ့ဘဝ

၌ဆင်းရဲခြင်းအမျိုးမျိုးနှင့်သာ အကြိမ်ကြိမ်တွေ့ရခြင်း စသော ပြစ်ဒဏ်တွေက အလွန်ကြောက်ဖွယ်ကောင်းလှပါတယ်သမီး၊

ဒါကြောင့် ကိုယ်ကျင့်သိက္ခာကို သမီးငယ်ငယ်ကထဲက လုံခြုံအောင်ထိန်းသိမ်းနိုင်ဘို့ ကြိုးစားရမယ်သမီး၊

သမီးဒီနေရာမှာ လူဝိနည်း၊ လူ့စည်းကမ်းကို လိုက်နာ ကျင့်သုံးလို့ တက္ကသိုလ်ဆရာကြီးရဲ့သမီးကိုရယူနိုင်တဲ့ တပည့် တစ်ယောက်အကြောင်းကို ဖေဖေပြောပြမယ်-

ဟာရဏသီပြည်မှာ ဟာရဏသီမင်းမင်းပြုချိန်ဖြစ်တယ်၊ ပုဏ္ဏားလုလင်တစ်ယောက်ဟာ ဟာရဏသီပြည်၌ရှိသော ဒိသာ ပါမောက္ခဆရာထံ၌ ငါးရာကုန်သောလုလင်တို့ရဲ့အကြီးအမှူး ဖြစ်ပြီး အတတ်ပညာကိုသင်ယူတယ်။

ဆရာကြီးမှာအရွယ်ရောက်သောသမီးတစ်ဦးရှိတယ်၊ ဒိသာပါမောက္ခဆရာကြီးဟာ မိမိကို တပည့်တို့၏လူ့ဝိနည်း လူ့ စည်းကမ်းသီလသိက္ခာဘယ်လောက်ထိန်းသိမ်းစောင့်ရှောက်ကြ သလဲ လူ့ဝိနည်း လူ့စည်းကမ်းထိန်းသိမ်းသနင့်သမီးကို ပေးစား လိုတယ်။

တစ်နေ့မှာ ဆရာကြီးတပည့်များအားလုံးကိုခေါ်ပြီး-

"တပည့်တို့. . . ငါ့မှာအရွယ်ရောက်ပြီးဖြစ်သောသမီး တစ်ယောက်ရှိတယ်၊ ငါရဲ့သမီးကိုထိမ်းမြားပေးလိုတယ်၊ မိဘဆွေ

မျိုးတွေမသိဘဲ အဖိုးတန်အဝတ်တန်ဆာတွေကိုခိုးယူခဲ့ကြပါ၊ မိဘတွေမျိုးတွေကိုပြောမယူလာခဲ့ရဘူး၊ အများဆုံးခိုးယူလာနိုင်တဲ့သူနှင့်ငါ့သမီးကိုပေးစားလိုတယ်”လို့ပြောပြတယ်။

လုလင်တို့ဟာ မိမိတို့အရပ်ဒေသအသီးသီးသို့ပြန်သွားကြပြီး မိဘဆွေမျိုးများမသိအောင် အဝတ်တန်ဆာအမျိုးမျိုးတို့ကိုသူ့ထက်ငါခိုးယူလာပြီး ဆရာထံအပ်ကြတယ်။

ဆရာကြီးကလည်း သယ်လာသောပစ္စည်းစာရင်းများကိုစာရင်းပြုစုပြီးထားတယ်၊ ကျောင်းသားကြီးပုဏ္ဏားလုလင်ကတော့ဘာပစ္စည်းမှဆောင်ယူမလာဘဲ ဆရာထံသို့ပြန်ရောက်လာတယ်။

အဲဒီတော့ ဆရာက အမောင်. . . “သင်ကား အဘယ်ကြောင့် တစ်စုံတစ်ရာသောအဝတ်တန်ဆာပစ္စည်းကိုမယူဆောင်ခဲ့ပါသလဲ ” လို့မေးတယ်။

ပုဏ္ဏားလုလင်က မဆောင်ယူခဲ့ကြောင်းဖြေတယ်၊ဘာကြောင့်မယူခဲ့ပါသလဲလို့မေးတော့ ဆရာ ဆရာကတစ်စုံတစ်ယောက်သောသူမြင်၍ ယူဆောင်လာသောပစ္စည်းကိုမယူလိုဟုပြောခဲ့ပါသည်၊ ကျွန်ုပ်သည် မကောင်းမှုကိုပြုခြင်း၌ဆိတ်ကွယ်ရာကိုမမြင်ပါ၊ သို့အတွက် မဆောင်ယူခဲ့ပါဆရာ၊ လောကမှာမကောင်းမှုပြုသောသူအား ဆိတ်ကွယ်ရာအရပ်မည်သည်မရှိပါ၊ တော၌ဖြစ်ကုန်သောနတ်တို့မြင်ကုန်ပါ၏၊ ထိုမကောင်းမှုပြုခြင်း

သည် သူမိုက်သည် ငါ့ဆိတ်ကွယ်ရာ၌ပြုအပ်၏၊အောက်မေ့၏၊ ကျွန်ုပ်သည်ဆိတ်ကွယ်ရာအရပ်ကိုမမြင်ပါ၊ အကြင်အရပ်၌ သတ္တဝါတို့ထံမှဆိတ်ကွယ်ခြင်းကို ကျွန်ုပ်ပါမမြင်ပါ၊ သတ္တဝါတို့မှ ဆိတ်သောအရပ်မည်သည်မရှိပါ၊ ကျွန်ုပ်ပြုအပ်သောမကောင်းမှု သည် မဆိတ်ကွယ်သည်သာဖြစ်ပါသည်လို့ဆိုတယ်။

ဆရာကြီးဟာ ပုဏ္ဏားလုလင်ရဲ့စကားကိုကြားတော့ ပုဏ္ဏားလုလင်ကိုအလွန်ကြည်ညိုသွားတယ်၊ အဲဒါနဲ့ဆရာက အားလုံးသောတပည့်တို့ရှေ့မှာဘဲ "အမောင်. . . ငါ့အိမ်မှာဥစ္စာ ပစ္စည်းမရှိသည်မဟုတ်၊ ငါသည် အကျင့်သီလနှင့်ပြည့်စုံသောသူ အား ငါ့သမီးနှင့်ပေးစားလိုသည်ဖြစ်၍ လုလင်တို့ကိုစုံစမ်းလို၍ ဤသို့စီမံပြုလုပ်ရခြင်းဖြစ်ပါတယ်၊ ငါရဲ့သမီးဟာ ဤပုဏ္ဏား လုလင်နှင့်သာ သင့်တော်ပါတယ်" လို့ပြောတယ်။

အဲဒီနောက် သမီးကိုတန်ဆာဆင်ပြီး ပုဏ္ဏားလုလင်နှင့် လက်ထပ်ထိမ်းမြားပေးလိုက်တယ်။

ကျန်လုလင်တို့ကိုမူ မိမိတို့သယ်ယူလာသောပစ္စည်းတို့ကို စာရင်းနှင့်တကွပြန်ပေးအပ်ပြီး အိမ်အသီးသီးသို့ပြန်ပို့ပေးစေ တယ်။

ဤဇာတ်တော်မှာ သမီးတို့ ဘာသင်ခန်းစာရပါသလဲ၊ လူ့သိက္ခာ၊ လူ့ဝိနည်းကိုကျင့်တဲ့ပုဂ္ဂိုလ်ဟာ လူ့လောကမှာ ဂုဏ် သတင်းပျံ့မွှေးပြီး ကောင်းကျိုးချမ်းသာလည်းခံစားရတယ်။

မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိလို့ပြောသွားတယ်၊ မှန်တယ်သမီး၊ မိမိကမကောင်းမှုပြုတဲ့အခါမှာ ဘေးလူမသိတာ တောင် ကိုယ်စောင့်နတ်ကသိတယ်၊ ပတ်ဝန်းကျင်နတ်တွေက သိတယ်၊ ဒါကြောင့် သမီးတို့အား ကိုယ်ကျင့်သီလသိက္ခာ လူ့ကျင့် ဝတ်တွေကို လေးစားလိုက်နာကြရမယ်။

## ချိုသော၊ ကောင်းသောစကားရှိရမယ်

သမီး လူ့လောက လူရယ်လို့ဖြစ်လာရင် ပတ်ဝန်းကျင် နှင့်ဆက်ဆံစကားပြောရတယ်၊ ပထမ မိမိမိသားစု၊ မိခင် ဖခင် ညီအစ်ကိုမောင်နှမတွေနှင့်ဆက်ဆံရတယ်၊ စကားပြောရတယ်။

ပြီးတော့ ပတ်ဝန်းကျင်၊ အိမ်နီးနားချင်းမှာရှိတဲ့လူတွေနှင့် ဆက်ဆံစကားပြောရတယ်၊ ယခု သမီးတို့ပညာသည်ဘဝကျ တော့ ကျောင်းသား၊ ကျောင်းသူအချင်းချင်း၊ ဆရာ၊ ဆရာမတွေ နှင့်ဆက်ဆံရတယ်၊ စကားပြောရတယ်။

အဲဒီလို ဆက်ဆံစကားပြောရာမှာ နှုတ်ချိုသျှိုတစ်ပါးဆို တဲ့ နှုတ်ချိုတဲ့သူဟာ ပီယဆေးတစ်ပါးပဲ၊ ပြောသမျှအောင်မြင် တက်တယ်သမီး။

နှုတ်ချိုခြင်း၊ စကားအရာယဉ်ကျေးလိမ္မာခြင်း၊ သိမ်မွေ့ ခြင်းရှိတာကို လူတိုင်းကြိုက်နှစ်သက်ကြတယ်၊ စကားကြမ်းတာ ဟော့ရမ်းတာကို ဘယ်သူကမျှမကြိုက်ကြဘူး၊

အဲဒီလိုစကားပြောမှုနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင်က အင်္ဂုတ္တိုရ်ပဥ္စကနိပါတ်သုဘာသိတသုတ်မှာ စကားငါးရပ်ကိုဟော ပြောပြခဲ့တယ်၊ အဲဒါတွေက ဘာလဲဆိုတော့-

- သင့်တင့်သောကာလမှာ ပြောဆိုရမယ်
- မှန်ကန်သောစကားကိုပြောဆိုရမယ်
- သိမ်မွေ့သောစကားကိုပြောဆိုရမယ်
- အကျိုးရှိသောစကားကိုပြောဆိုရမယ်
- မကောင်းသောစကားကိုမပြောဆိုရဘူးတဲ့။

သုတ္တနိပါတ် တတိယဝဂ်သုဘာသိတသုတ်မှာတော့ စကားကိုအကြောင်းသုံးပါးနှင့်ညီအောင် ပြောဆိုရမယ်လို့ လမ်းညွှန်ထားတယ်၊ အကြောင်းသုံးပါးကတော့-

- မကောင်းသောစကားလည်းမဖြစ်စေရဘူး
- ရာဂအစရှိသောအပြစ်မှလည်းကင်းရမယ်
- ပညာရှိတို့ကဲ့ရဲ့ခြင်းမှလွတ်တဲ့စကားဖြစ်ရမယ်

ပြီးတော့ အဋ္ဌကနိပါတ်အင်္ဂုတ္တိုရ်သဗ္ဗဟုလသုတ်မှာက စကားအရာအင်္ဂါလေးတန်နှင့်အညီပြောရမယ်။

- ကုန်းတိုက်ခြင်းမှကင်းသောစကားဖြစ်ရမယ်
- အပြိန်းအဖျင်းကင်းသောစကားဖြစ်ရမယ်
- ကြမ်းတမ်းမှုကင်းသောစကားဖြစ်ရမယ်

- မဟုတ်မမှန်နှင့်ဆန့်ကျင်သောစကားဖြစ်ရမယ်

ပြီးတော့ စကားကိုပြောတဲ့နေရာမှာပြောတဲ့စကားတွေ ဟာ-

- တရားနှင့်ပတ်သက်သောစကားတွေဖြစ်ရမယ်
- တရားမှကင်းသောစကားမဖြစ်စေရဘူး
- ချစ်ဖွယ်သောစကားကိုသာပြောဆိုရမယ်
- ဟုတ်မှန်ဖြောင့်မတ်သောစကားသာပြောဆိုရမယ်

အဲဒီမှာ ကောင်းစွာဆိုအပ်သောစကားဆိုတာကတော့-

"အကြင်စကားသည် သူတစ်ပါးတို့ကို မပူပန်စေ၊ မညှင်းဆဲတတ်၊ ထိုစကားကိုသာလျှင် ပြောဆိုရာ၏" ဟူ၍ဟောဖော်ထားတာကိုတွေ့ရတယ်"

ပြီးတော့ ဘုရားရှင်ဟောကြားထားတာက-

"စကားခြောက်ခွန်း လူ၌ထွန် လေးခွန်းကိုပယ် နှစ်ခွန်းတယ်" တဲ့။

အဲဒီစကားခြောက်ခွန်းဆိုတာကတော့-

၁။ ဟုတ်လည်းမဟုတ်ဘူး၊ သူတစ်ပါးလည်းမနာလိုဘူး၊ အကျိုးလည်းမရှိဘူးဆိုသောစကား

၂။ ဟုတ်၏၊ သူတစ်ပါးကမနာလို၊ အကျိုးလည်းရှိသော စကား

၃။ မဟုတ်၊ အကျိုးမရှိ၊ သူတစ်ပါးကနာလိုသောစကား
၄။ ဟုတ်၏၊ နာလို၏ အကျိုးကားမရှိသောစကား
၅။ ဟုတ်၏၊ အကျိုးရှိ၏၊ မနာလိုသောစကား
၆။ ဟုတ်၏၊ အကျိုးရှိ၏၊ နာလိုသောစကား

အဲဒီစကားမှာ (၅)(၆)စကားကိုသာပြောဆိုရသတဲ့၊ ကျန်စကား(၄)နည်းကိုပယ်ရသတဲ့သမီး။

အဲဒီမှာလည်းပဲ အကျိုးရှိတဲ့ ကောင်းတဲ့စကားဆိုရာမှာလည်း ဝစီဒုစရိုက်လေးပါးမှာကင်းဖို့ စကားသာကောင်းတဲ့စကားဖြစ်တယ်လို့ ဘုရားရှင်က ဟောကြားထားခဲ့တယ်၊ ဝစီဒုစရိုက်စကား(၄)ခွန်းဆိုတာက-

ပထမကတော့-လိမ်ညာပြောဆိုခြင်း

(အဲဒီလိုလိမ်ညာပြောတဲ့သူဟာ ဆိုးကျိုးအပြစ်လေးပါးရတတ်သတဲ့)

၁။ သေရင် ငရဲသို့ကျရောက်စေတတ်တယ်
၂။ တိရစ္ဆာန်အမျိုးမျိုး၌ဖြစ်စေတတ်တယ်
၃။ ပြိတ္တာအမျိုးမျိုးဘုံ၌ဖြစ်စေတတ်တယ်
၄။ လူဖြစ်လာလည်း မဟုတ်တမ်းဟရားစွပ်စွဲပြောဆိုခံရတတ်သတဲ့။

မုသားစကားနှင့်ပတ်သက်လို့ ဝိသုဒ္ဓါရုံဆရာတော်က-

"မုသားစကား၊ ဆိုမိငြားမူ၊ စကားမပြေ၊ သွားမညီတည်း၊
ပုပ်ညီပါးစပ်၊ ချောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊
ပုံယွင်းဖောက်၏၊ မလျှောက်အာဏာ၊ နှုတ်လျှာ
ကြမ်းသော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊
ရှောင်ကြဉ်ဖြစ်ကျိုးတည်း "

ဟု ရေးဖွဲ့ခဲ့တယ်။

ဒုတိယကတော့-ကုံန်းတိုက်စကားပြောကြားခြင်း

အဲဒီလိုပြောတဲ့သူဟာ ဆိုးကျိုးအပြစ်လေးပါးခံစားရတယ်-

၁။ သေရင်ငရဲကျရောက်တတ်တယ်

၂။ တိရစ္ဆာန်အမျိုးမျိုးဖြစ်ရတတ်တယ်

၃။ ပြိတ္တာအမျိုးမျိုးဘုံရောက်ရတတ်တယ်

၄။ လူပြန်ဖြစ်က မိတ်ဆွေများနှင့်ကွဲပြားစေတတ်တယ်

တတိယကတော့- မနှစ်သက်ဖွယ်ကြမ်းတမ်းတဲ့စကား

အဲဒီလူဟာလည်း အထက်ကအတိုင်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝဖြစ်တတ်ပြီး လူဖြစ်လာပါက မနှစ်သက်ဖွယ်သောအသံကိုဖြစ်စေတတ်တဲ့ဆိုးကျိုးကိုခံစားရတတ်သတဲ့။

စတုတ္ထကတော့ အပြိန်းအဖျင်းစကားပြောဆိုခြင်းတဲ့၊ အဲဒီစကားပြောသူဟာလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်စေတတ်ပြီး

လူဖြစ်လာပါက သူတကာမယုံကြည်တတ်တဲ့စကားမျိုးပြောဆိုသူ ဖြစ်တတ်သတဲ့။

ပြီးတော့ ဓမ္မပဒမှာ ဘုရားရှင်ဟောကြားထားတာက-

"လှပတင့်တယ်၊ အဆင်းအနံ့အသွယ်သွယ်နှင့်ပြည့်စုံသောပန်းကဲ့သို့ကိုယ်တိုင်လိုက်နာကျင့်ကြံလျက် ကောင်းစွာဟောပြောအပ်သောစကားသည် အကျိုးများ၏"

စတုကနိပါတ်သံသလာဘိဇာတ်မှာတော့-

"ချစ်ဖွယ်သောစကားကိုဆိုတတ်သောသူမည်သည် သူတစ်ပါးတို့ထက်လွန်စွာလာဘ်ရတတ်၏တဲ့"

နီတိကျမ်းမှာကတော့-

"ပူသောမီးသည် မြေစိုင်ခဲကိုကြေအောင်မချေနိုင်သော်လည်း အေးသောရေသည်ချေနိုင်၏၊ ထို့အတူပင် ကြမ်းကြုတ်ခက်ထန်သောသူကို ပညာရှိပုဂ္ဂိုလ်သည်ချစ်ခင်အေးမြသာယာသောစကားဖြင့်သာနူးညံ့သိမ်မွေ့ခြင်းကိုဖြစ်စေနိုင်၏"

ဝဂ္ဂီသသံယုတ်မှာတော့-

"သူတော်ကောင်းတို့သည် နူနယ်သိမ်မွေ့၊ ချမ်းမြေ့သာယာနာပျော်ဖွယ်သောစကားကို အမြတ်ဆုံးဟုမိန့်ဆိုကြသည်"

- အကြင်စကားသည် တရားနှင့်ညီညွတ်၏၊ ထိုစကားကိုသာပြောဆိုရာ၏။
- တရားနှင့်မညီညွတ်သောစကားကိုမပြောဆိုရာ။

- အကြောင်းစကားသည်ချစ်နှစ်သက်ဖွယ်ရှိ၏၊ ထိုစကားကို ပြောဆိုရာ၏။
- သူတစ်ပါးမုန်းဖွယ်ကောင်းသောစကားကိုမပြောဆိုရာ
- အကြောင်းစကားသည်မှန်ကန်၏၊ ထိုစကားကိုပြောဆို ရာ၏။
- မမှန်ကန်ကောက်ကျစ်သောစကားကိုမပြောဆိုရာ။

တစ်ဦးနှင့်တစ်ဦး ပျော့ပျော့ပျောင်းပျောင်းပြေပြေပြစ်ပြစ် နှင့်ပြောဆိုခြင်းကို လူမျိုးမရွေး၊ ဘာသာမရွေးနှစ်သက်ကြတယ်။

အကြမ်းမှုကိုအနုနှင့်သာအောင်မြင်ရာဆိုတဲ့အတိုင်း တစ်ဖက်သူကဒေါသစောင်းမာန်ခက်ထန်စွာနှင့်ပြောနေပါက တစ်ဖက်သူက အမူအရာပျော့ပျော့ပျောင်းပျောင်းလာတတ်ပါ တယ်။

ယဉ်ကျေးသိမ်မွေ့လှသောစကားကို လူတိုင်းကြားလိုကြ ပါတယ်၊ ရိုင်းစိုင်းသောစကားကို လူခပ်သိမ်းမနှစ်မြို့ကြပါဘူး။

ရာဇဝင်ပုံပြင်နိပါတ်တွေမှာ ပညာရှင်များဟာ စကား အရာအင်္ဂါလေးတန်၊ ငါးတန်ခြောက်တန်ဆယ်တန်စသည်ဖြင့်-
- သာယာချောင်စွာပြောဆိုနိုင်ခြင်း
- တစ်ဖက်အား နားဝင်ချိုအောင် နှစ်ခြိုက်အောင် မိမိလိုသို့ညွတ်အောင်ပြောဆိုနိုင်ခြင်း။

- ဗဟုသုတပညာမှတ်သားစရာစကားတို့ဖြင့်ပြောဆိုနိုင်ခြင်း၊
- ပုံနိပါတ်တို့ဖြင့်အဓိပ္ပာယ်ပေါ်လွင်အောင်ပြောဆိုနိုင်ခြင်း

စသည်တို့ကြောင့် အထက်တန်းသို့တက်ရောက်ကြရတယ်ဆိုတာတွေ့ရပါမယ်။

ဒါကြောင့် ပညာရှိတွေက စကားပြောတဲ့အခါမှာ-

- လျှာလည်တိုင်းမြူးကွန့်၍ စကားအဖူးအညွန့်တွေမထွက်စေနဲ့။
- လက်တွင်းသို့ရောက်ပြီးသောရတနာကိုဘယ်ခါမျှမစွန့်ရ။
- စိတ်ထဲကကြံစည်သည့်အမူအရာကို မျက်နှာမှာလာမပေါ်စေရ။
- မိမိကိုယ်ကို ဣန္ဒြေကွန်ခြာနှင့်ဖုံးအုပ်မပွယ်စေနှင့်။
- မိမိကိုမြင်လျှင် အထင်မှားချင်မှားကြပါစေ၊ သို့သော်

-ခြသေ့်လိုလည်းမဟောက်နဲ့
-ယုန်လိုလည်းမကြောက်နဲ့
-မြစ်လိုလည်းမကောက်နဲ့
-တောင်လိုလည်းမမောက်နဲ့
-တွင်းလိုလည်းမစောက်နဲ့

- နှုတ်ချိုသျှိုပြစ်ပါး
- နှုတ်ချိုပြည်စိုးလင်းပေါ်မိုး
- အလျှောက်ကောင်းကော့အထောင်းသက်သာ
- မုန်းစေလိုခံတွင်းလက်လေးသစ်
- ချစ်ခင်စေလိုလည်း ခံတွင်းလက်လေးသစ်
- ဆိတ်ဆိတ်နေထောင်တန်
- စကားများအမှားပါ
- အပြောနှင့်အဟောညီပါစေ
- စကား စကားပြောပါများ၊ စကားထဲကဇာတိပြ
- တရား တရားဟောပါများ တရားထဲက ပါဠိရ
- စကားဆိုသော်မကြွမ်းနှင့်
- တရားဆိုသော်မဆန်းနှင့်
- စကားကြွမ်းလျှင်မုန်းတတ်သည်
- တရားဆန်းလျှင် ရှုံးတတ်သည်
- စကားဆို တောင်လိုမမောက်နှင့်
- တံတားအိုမျှောင်ခိုမလျှောက်နှင့်
- စကားဆိုတောင်လိုမောက်ကလွန်တတ်သည်
- တံတားအိုမျှောင်ခိုလျှောက်ကကျွံတတ်သည်

အဲဒါတွေဟာ သမီးစကားပြောတဲ့နေရာမှာ ဆင်ခြင်လိုက်နာရမဲ့အကြောင်းအရာစကားပုံတွေဖြစ်တယ်။

- အကျိုးရှိသောစကားကိုပြောဆိုနေခြင်းထက် ဆိတ်ဆိတ်နေခြင်းကမြတ်တယ်။
- သူတော်မဟုတ် သူယုတ်မာနှင့်ပေါင်းသင်းရခြင်းထက် အဖော်မရှာ တစ်ယောက်တည်းနေရတာကမြတ်တယ်။
- လှပတင့်တယ်သောသူတစ်ပါးသားမယားကိုကြည့်ရခြင်းထက် မမြင်မျက်လုံးကန်းနေခြင်းကမြတ်တယ်။
- မကောင်းသဖြင့်ရှာကြံ၍ရသောပစ္စည်းဥစ္စာဖြင့် အသက်မွေးခြင်းထက် ငတ်မွတ်ပြီးသေရခြင်းကမြတ်တယ်။

ဒါကြောင့် သူတော်ကောင်းတွေ နဲ့ပေါင်းသင်းဆက်ဆံရခြင်းသည် အေးမြပြီးမြတ်လှတယ်လို့ လောကနီတိဆရာက ပြောထားတာပေါ့။

"လောကမှာ စန္ဒကူးသည် ကိုယ်စိတ်နှစ်ဖြာချမ်းသာအေးမြပါ၏၊ ထိုစန္ဒကူးထက် လသည်ပို၍အေးမြပါ၏။ ထိုစန္ဒကူးလ အေးမြခြင်းထက် လုံးစုံရှေ့နောက်အစဉ်လျှောက်၍ ကောင်းစွာဆိုအပ်သောသူတော်ကောင်းတို့၏စကားသည် နိဗ္ဗာန်ရောက်ရန်အကြောင်းဖြစ်၍ ပို၍ပို၍အေးမြလှပါပေ၏တဲ့"

"တေးသံ၊ ဂီတသံ၊ ကဗျာသံတို့သည် သာယာသောအသံများဖြစ်ကြ၏၊ အသံများထက် အသာယာဆုံးအသံဟာ

ပညာရှိတို့၏ကျေးဇူးပြုစေတတ်သောသာယာချောင်သည့် မှန်ကန်သောစကားအသံသာဖြစ်ပေ၏”

အဲဒါကြောင့် သမီးပညာသည်ဘဝမှာ မိဘ၊ မိတ်ဆွေ ဆရာသမားတို့နှင့်ပေါင်းသင်းဆက်ဆံပြောဆိုရာမှာ မိမိပြောဆိုတဲ့စကားဟာ-

- ကျေးဇူးများပါစေ
- သာသာယာယာပြေပြေပြစ်ပြစ်ရှိပါစေ
- မှန်ကန်အကျိုးရှိသောစကားဖြစ်ပါစေ

လို့မှာကြားလိုတယ်။

- ချမ်းမြေ့စကားဆိုငြားတဲ့သူမှာ
- ခပ်သိမ်းမှုပြေလို
- လူပြေမှာမိတ်ခင်ပွန်း
- ကျမ်းဖွဲ့များစွာ
- ဝါစာဖရုသ်နှင့်
- ကြမ်းကြုတ်ကယ်ပြုသူမှာ
- ဆွေတကာရှိဘူး
- သည်အရာလမ်းနေစကြာသို့
- ပုံပမာဆောင်ယူကြ၊ များအသိကြဦး။

**ဒီနေရာမှာ သမီးကို စကားအရာမှာချိုသာလို့ ဥစ္စာဆုံး** ရပုံ၊ စကားအရာချိုသာလို့ ဥစ္စာပြန်ရပုံအကြောင်းစုံပါပြီ၊ အတုယူ

မှတ်သားစရာကောင်းတဲ့ နန္ဒိဝိလာသနွားလားအကြောင်းကို ပြောပြမယ်-

ရှေးလွန်လေပြီးသောအခါက ဂန္ဓရတိုင်းတက္ကသိုလ်ပြည်ရှိ ပုဏ္ဏားတစ်ယောက်မှာ နန္ဒိဝိလာသလို့အမည်ပေးထားသောနွားငယ်တစ်ကောင်ရှိတယ်။

ပုဏ္ဏားကြီးဟာ သူ့နွားကိုအလွန်ချစ်မြတ်နိုးကာ သားတစ်ယောက်လိုသဘောထားပြီး ယာဂုထမင်းတို့ကိုတိုက်ကျွေးပြီးမွေးထားတယ်။

အဲဒီနွားလေးဟာ တဖြည်းဖြည်းနှင့်အရွယ်ရောက်လာတယ်၊ နွားလေးက-

"ဤပုဏ္ဏားသည် ငါ့ကို ကျွေးမွေးပြုစုတယ်၊ ဇမ္ဗူဒိပ်မှာ ငါနှင့်တကွသောနွားသည်မရှိ၊ ငါသည် မိမိရဲ့အားကိုးအားထားပြု၍ ပုဏ္ဏားကိုမွေးကျေးဇူးဆပ်ရသော် ကောင်းပေမည်"ဟုစဉ်းစားတယ်။

တစ်နေ့တော့ နန္ဒိဝိလာသနွားလားက-

"ပုဏ္ဏား. . . ဂေါဝိန္ဒကသူဌေးထံသွားပြီး ငါ့ရဲ့နွားသည် တစ်စီးနှင့်တစ်စီးဆက်၍တွဲချည်ထားသောလှည်းတစ်ရာကို ဆွဲနိုင်တယ်ဆိုပြီး အသပြာတစ်ထောင်ဖြင့် အလောင်းအစားပြုပါလို့ ပြောတယ်"

ပုဏ္ဏားသည် နန္ဒိဝိလာသနွားလားပြောသည့်အတိုင်း ဂေါဝိန္ဒသူဌေးထံသွားပြီး အလောင်းအစားပြုလုပ်တယ်။

ဂေါဝိန္ဒသူဌေးဟာ လှည်းတစ်ရာကိုကြိုးနှင့်ဖွဲ့ချည်ပြီး လှည်းအသီးသီးပေါ်မှာ သဲကျောက်စရစ်အပြည့်တင်ထားပေးတယ်။

ပုဏ္ဏားကတော့ သူ၏နန္ဒိဝိလာသနွားလားကို ရေချိုးနံ့သာ လက်ငါးချောင်းကိုပေးတယ်၊ ပန်းကုံးစွပ်ပြီး ရှေးဆုံးလှည်းမှာတပ်ဆင်တယ်၊ ပုဏ္ဏားကတော့ လှည်းဦးထိပ်မှာထိုင်ပြီး နှင်တံကိုမြှောက်ကာ-

"ဟဲ့--နွားကောက်-နွားညစ် . . . သွားလော့၊ ဝန်ကိုဆောင်လော့" ဟုဆိုပြီး မောင်းနှင်တယ်။

အဲဒီလိုပုဏ္ဏားကပြောဆိုတော့ နွားလားက ငါမကောက်ကျစ်ဘဲနှင့် ငါ့ကိုကောက်ကျစ်သည်ဟုဆိုဘိတကားဟု ခြေစုံရပ်ပြီး ဝန်ကိုမရုန်းဘဲနေတယ်။

အဲဒီအခါမှာ ပုဏ္ဏားဟာရှုံးပြီး အသပြာတစ်ထောင်လျော်ကြေးပေးရတယ်၊ ပုဏ္ဏားကြီးဟာ မနှစ်သက်ဖွယ်သောစကားကို ပြောဆိုခဲ့သောကြောင့် အသပြာတစ်ထောင်ရှုံးရသည့်အပြင် စိတ်ဆင်းရဲကိုယ်ဆင်းရဲပါ ခံစားသွားရတယ်။

ပုဏ္ဏားကြီးဟာ စိတ်ပျက်ပျက်နှင့်လဲလျောင်းအိပ်နေတယ်၊ အဲဒီအခါမှာ နွားလားက ပုဏ္ဏားကြီးကိုဘာပြုလို့အိပ်နေပါသလဲလို့မေးရာ ပုဏ္ဏားကလည်း အသပြာတစ်ထောင်ရှုံးတာ ဘယ်မှာအိပ်နေနိုင်မလဲလို့ပြောတယ်။

အဲဒီအခါမှာ နွားလားဟာ ပုဏ္ဏား ငါသင့်အိမ်မှာနေစဉ် တစ်စုံတစ်ခုသောအိုးကိုခွဲဖူးပါသလော၊ တစ်စုံတစ်ခုသောအရာကို နင်းနယ်ဖျက်ဆီးပါသလော ၊ နေရာမဟုတ်သည်၌ ကျင်ကြီးကျင်ငယ်စွန့်ဖူးပါသလော လို့မေးတယ်။

ပုဏ္ဏားကလည်းမခွဲဘူး၊ မနင်းနယ်ဘူး၊ မစွန့်ဘူးပါဘူးလို့ပြောတယ်၊ အဲဒီအခါမှာ နွားလားက ပုဏ္ဏားသို့အတွက် သင်သည်ငါ့အားအဘယ်ကြောင့် နွားကောက်နွားကျစ်ဟုဆိုပါသလဲလို့မေးတယ်၊ အသပြာတစ်ထောင်ရှုံးခြင်းဟာ ငါ့မှာအပြစ်မရှိ၊ သင့်အပြစ်သာဖြစ်တယ်လို့ပြောတယ်။

နန္ဒိဝိလာသနွားလားအကြံပေးသည့်အတိုင်း ပုဏ္ဏားဟာ ဂေါဝိန္ဒသူဌေးထံသွားပြီး ထပ်မံမောင်းပြန်တယ်၊ ယခင်ကအတိုင်းဘဲ လှည်းတစ်ရာကို ဖွဲ့ချည်ကျောက်စရစ်သဲအပြည့်တင်ပြီး ပုဏ္ဏားကြီးက လှည်းထိပ်ကထိုင်ပြီး နွားလား၏ကျောကိုပွတ်သပ်ကာ နွားကောင်းနွားမွန်သွားပါလော့၊ နွားကောင်းနွားမွန် ဝန်ကိုရုန်းပါလော့လို့ ချစ်ဖွယ်သာယာဖွယ်စကားဖြင့် ပြောဆိုမောင်းနှင်သတဲ့။

ထိုသို့ပြောဆိုမောင်းနှင်တော့ နွားလားဟာ တဟုန်တည်း ဆွဲကာ နောက်ဆုံးလှည်းသည် ရှေးဆုံးလှည်း၏နေရာသို့ရောက် သွားတယ်၊ ဂေါဝိန္ဒသူဌေးလည်း အလောင်းအစားရှုံးပြီး အသ ပြာနှစ်ထောင်ပြန်လျော်ရတယ်၊ ပွဲကြည့်သူပရိသတ်အားလုံးက လည်း နွားလားကိုဥစ္စာများစွာပေးကြရာ ပုဏ္ဏားလည်း ဥစ္စာများစွာ ရသွားတယ်။

ဒီဇာတ်လမ်းလေးကိုကြည့်ရင် လောကမှာ လူမဆိုထား နှင့်၊ တိရစ္ဆာန်တောင်မှ နှစ်သက်ဖွယ်စကားကိုပြောဆိုမှကြိုက် နှစ်သက်တယ်ဆိုတာ တွေ့ရမယ်။

ဒါကြောင့် လူလောက လူဘဝသံသရာမှာကျင်လည်ရမဲ့ သမီးဟာ လူတကာနှင့်ပေါင်းသင်းဆက်ဆံရေးမှာ စကားအရာ ချိုသာဖို့လိုတယ်၊ ယဉ်ကျေးဘို့လိုတယ်၊ သိမ်မွေ့ဖို့လိုတယ်ဆိုတာ အစဉ်ထာဝရမှတ်သားပြီးနေထိုင်ကျင့်သုံးသွားပါလို့ မှာချင်တယ်။

## လောကဓံကိုကြံ့ကြံ့ခံနိုင်အောင်ကြိုးစားပါ

လောကဆိုတာဟာ ဖြစ်တတ်-ပျက်တတ်သောသဘော ကြောင့် လောကလို့ဆိုတယ် သမီး၊ ဤဖြစ်တတ်-ပျက်တတ်သော လောကမှာလူလာဖြစ်ရတဲ့သမီးတို့တတွေဟာလည်း ဘဝဇာတိ စလာပြီဆိုကတည်းက ဖြစ်မှု-ပျက်မှုဘဝထဲမှာနေရပြီး တစ်ဖက်

ကလည်း ကုသိုလ်ကံ-အကုသိုလ်ကံအရ လောကဓံတရား(၈)ပါး ကိုမွေးဖွားသည်မှစ၍ သေသည်အထိတွေ့ကြုံခံစားရမှာဖြစ်တယ်၊ အဲဒီလောကဓံတရားတွေကြောင့်လည်း သမီးတို့ ဖေဖေတို့ဘဝ တွေမှာ မွေးဖွားသည်မှ သေသည်အထိ-

- ကိုယ်၏ချမ်းသာခြင်း
- ကိုယ်၏ဆင်းရဲခြင်း
- စိတ်၏ချမ်းသာခြင်း
- စိတ်၏ဆင်းရဲခြင်း

ဆိုတာတွေကို အမြဲထာဝရတွေ့ကြုံဆုံနေရတာပေါ့။

အဲဒီလောကဓံ(၈)ပါးဆိုတာကတော့-

- ဥစ္စာပစ္စည်းလာဘ်ရတဲ့အခါ
- ဥစ္စာပစ္စည်းလာဘ်မရတဲ့အခါ
- စည်းစိမ်ချမ်းသာအခြွေအရံအကျော်အစောရှိတဲ့အခါ
- စည်းစိမ်ချမ်းသာအခြွေအရံအကျော်အစော မရှိတဲ့အခါ
- အကုသိုလ်ထောက်ပံ့မှုနှင့်တွေ့သည်ဖြစ်၍ သူတစ်ပါး တို့ အကဲ့ရဲ့ခံရသောအခါ
- ကုသိုလ်ကောင်းမှုထောက်ပံ့သဖြင့် မြင့်မြတ်သည် ဖြစ်၍ သူတစ်ပါးတို့အချီးမွမ်းခံရသည့်အခါ

- ချမ်းသာကိုခံစားရသည့်အခါ
- ဆင်းရဲကိုခံစားရသည့်အခါ

အဲဒါတွေဟာ လောကဓမ္မတာတရားတွေပဲ၊ ဒီတရားတွေကတော့ သမီးတို့လူ့ဘဝစတင်သည်မှ သေသည်အထိ တွေ့ကြုံခံစားမှာဖြစ်ပါတယ်။

ယခု သမီးပထမအရွယ် လူဖြစ်စဘဝကိုကြည့်ပါ။ သမီးဟာအကယ်၍ အတိတ်ဘဝက ဒါနနည်း၊ သီလနည်းခဲ့ရင် အောက်တန်းစားမိဘမှမွေးဖွားလာပြီး နေစရာမရှိ၊ စားစရာမရှိ လက်လှုပ်မှ ပါးစပ်လှုပ်နိုင်မဲ့မိဘအသိုင်းအဝိုင်းမှာမွေးဖွားလာမယ်ဆိုရင် သမီးဘဝမှာချမ်းသာခြင်းဆိုတာရှိနိုင်မှာမဟုတ်ဘူး၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့်ဘဝကိုရင်ဆိုင်ပြီး ကြီးပြင်းလာရမှာသေချာပါတယ်။

သမီးဘဝမှာ အတိတ်ဘဝက ဒါနသီလပြည့်စုံခဲ့လို့ ဥစ္စာပစ္စည်းပြည့်စုံချမ်းသာတဲ့ မိဘအသိုင်းအဝိုင်းထဲမှာမွေးဖွားလာရင်တော့ သမီးဘဝမှာ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုနှင့်ဘဝကိုတွေ့ကြုံခံစားပြီး ကြီးပြင်းလာရမှာပါ။

လက်တွေ့သမီးဘဝနှင့်မော်မော်ဘဝ၊ သန်းသန်းဘဝတို့ကြည့်လေ၊ မော်မော်မိဘတွေကျတော့ နေ့လုပ်နေ့စားရတဲ့ဘဝဆိုတော့ မော်မော်ခမျာသိတတ်တဲ့အရွယ်ကစပြီး မိဘနှင့်အတူ

နေပူစပ်ခါးမရှောင် ဈေးရောင်းဈေးဝယ်လိုက်လုပ်ရတယ်၊ သူမဘဝ ချို့တဲ့နုံချာစွာနှင့် ကျောင်းတက်ပညာသင်ရရှာတယ်၊ တစ်ခါတစ်ရံ ကျောင်းကိစ္စငွေမထည့်နိုင်လို့ မော်မော်မျက်ရည်ကျရတာကို သမီးတို့ကပဲ ဝိုင်းဝန်းကူညီကြရတယ်မဟုတ်လား။

သမီးကျတော့ ဝန်ထမ်းသမီးဆိုတော့ ချမ်းသာတာလည်းမဟုတ်၊ ဆင်းရဲတာလည်းမဟုတ်၊ ဘဝကိုအလယ်အလတ်ကနေပြီး နေရထိုင်ရာဝတ်ရတယ်၊ ပညာသင်ရတယ်။

သန်းသန်းကျတော့ မိဘက အစစအရာရာပြည့်စုံတော့ လက်မွေးမီးမလောင်၊ ခြေမွေးမီးမလောင် ဆိုသည့်အတိုင်း အကောင်းဆုံးတိုက်မှာနေ၊ အကောင်းဆုံးအဝတ်ကိုဝတ်၊ အကောင်းဆုံးအစားကိုစား၊ အကောင်းဆုံးကျူရှင်ကိုတက်ပြီး ပညာသင်ယူနိုင်တယ်မဟုတ်လား။

မော်မော်ကျတော့ ဈေးရောင်းတစ်ဖက်၊ ကျောင်းတစ်ဖက်နှင့်ပညာသင်ရတော့ ပညာရေးမှာလည်း မထူးချွန်ဘူး၊ အချီးမွမ်းမခံရဘူး၊ သန်းသန်းကျတော့ ပညာရေးမှာလည်း အေးအေးဆေးဆေးစိတ်ချမ်းသာသာသင်ရတော့ အမြဲအဆင့်(၁)(၂) ရနေတော့ ချီးမွမ်းဂုဏ်ပြုခံရတယ်။

ဤကဲ့သို့သော လောကဓံအတွေ့အကြုံတွေကို သမီးဘဝပထမအရွယ် ပညာသည်ဘဝမှာတွေ့ကြုံရမှာပဲ။

တစ်ချို့လည်း မွေးဖွားစဉ်ကချမ်းသာပေမယ့် လူဖြစ်လာမှ မိဘတွေစီးပွားပျက်လို့ဆင်းရဲတာတွေရှိတယ်၊ တစ်ချို့ကျတော့လည်း မွေးလာစဉ်ကဆင်းရဲပြီး နောက်ကျတော့ မိဘတွေအဆင်ပြေလာကြပြီး ချမ်းသာမှုတွေလည်းရှိကြတယ်။

ဘယ်လိုဘဝမျိုးထဲပဲရောက်ရောက် သမီးဟာလောကလူသားဖြစ်လာရင် လူသားဘဝမှာ အရွယ်သုံးပါးလုံးမှာ တွေ့ကြုံရမဲ့လောကဓံတရားရှစ်ပါးကိုစိတ်ဓာတ်ကြံ့ခိုင်စွာနှင့်ရင်ဆိုင်နိုင်ဖို့လိုပါတယ်။

ဤသို့ရင်ဆိုင်နိုင်ဖို့အတွက် သမီးဟာ ဒါနတရား၊ သီလတရားတို့ကို မမေ့မလျော့ဘဲဆောင်ရွက်ဖို့နှင့် ကျေးဇူးရှင်များ၏ကျေးဇူးတရားကိုမမေ့ဖို့လိုအပ်ပါတယ်။

သမီးမှာ သီလဆိုတဲ့ကိုယ်ကျင့်တရားကောင်းခဲ့ရင် သမီးဘဝ ပထမအရွယ်မှာရင်ဆိုင်ရတဲ့ လောကဓံတရားတွေကို သမီးကျော်ဖြတ်နိုင်မှာပါ။

ခြွေရံသင်းပင်းဆိုတာက ကိုယ်ကခြွေမှသူကရံမှာပါ၊ ဒါကြောင့် သမီးဟာ ပေးကမ်းစွန့်ကြဲမှုဆိုတဲ့ ဒါနတရားကိုလည်း မမေ့မလျော့ပဲ တတ်နိုင်သမျှလှူဒါန်းပါ။

တစ်ဖန် သေခြင်းတရားဆိုတာက အရွယ်မရွေး ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ သေတတ်သော

သဘောရှိ၍ သမီးဟာ ပထမအရွယ်မှာပဲ တမလွန်ဘဝကောင်း စားရေးအတွက် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို မမေ့မလျော့ဘဲ တတ်နိုင်သမျှပြုလုပ်ရမယ်၊ ဘယ်လိုပြုရမလဲဆိုလျှင်တော့-

- မိမိအိမ်ရှေ့အလှူခံလာရင် တတ်နိုင်သရွေ့လောင်းလှူပါ၊ ကန်တော့ပါသေးရဲ့လို့မလုပ်ပါနဲ့။
- မိမိအိမ်မှာ ဆွမ်းခံသံဃာရှိက ရိုရိုသေသေလောင်းလှူပေးပါ။
- မိဘများနှင့်အတူ အခါအားလျော်စွာ ဥပုသ်သီတင်းစောင့်သုံးပါ။
- နေ့စဉ် ဘုရားရှိခိုးမှု၊ ပရိတ်ရွတ်မှုကိုပြုပါ

အဲဒီကျင့်ဝတ်တွေသာ သမီးလိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် သမီး ပထမအရွယ်ပညာသည်ဘဝမှာ ပစ္စုပ္ပန် တမလွန်ဘဝအတွက် စိတ်ချရသောသမီးတစ်ဦးဖြစ်ပါပြီ။

နောက်ဆုံးနိဂုံးချုပ်မှာလိုတာကတော့ ပထမအရွယ်ပညာသည်ဘဝမှာ မိမိဘဝ အသိပညာအလိမ္မာတွေရအောင် သင်ကြားပြသပေးကြတဲ့ဆရာ-ဆရာမတွေ သမီးကိုပညာတတ်လူတစ်လုံး သူတစ်လုံးဖြစ်လာအောင်၊ ပညာသင်နိုင်အောင် ထောက်ပံ့ကူညီပေးနေကြ၊ စောင့်ရှောက်ပြုစုယုယနေကြတဲ့ မိဘတွေ၊ ဒီဆရာမိဘတွေရဲ့ကျေးဇူးများကိုအစဉ်သတိရပါ။

အစဉ်ချစ်ခင်မြတ်နိုးစွာနှင့်နေပါ၊ မိမိကိုယ်ကိုလည်း ကောင်းစွာ ထိန်းသိမ်းပြီး မိမိကိုယ်ကိုချစ်ပါလို့ မှာကြားလိုပါတယ်။

သမီး၏ပထမအရွယ်ပညာသည်ဘဝ ကြောင့်ကြပူပင်မှုမရှိ၊ သာယာချမ်းမြေ့စွာဖြင့် ကျော်ဖြတ်သွားနိုင်ပါစေ။

ချစ်ဖေဖေ
မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (မမွာစရိယ ဘီ-အေ)